ဗာဟုသစ္စဥ္မ တော ံ မင်္ဂလ မုတ္တမံ၊ အကြားအမြင်များခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်၊ ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီ ၁၆ ရက်၊ သောကြာနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၀၈)

ကွဲကူး–ကျောက်ဖျာတံတား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ဇန်နဝါရီ ၁၃ ရက်က တနင်္သာရီတိုင်း မြိတ်မြို့အထွက် မြိတ်–ထားဝယ်လမ်းပေါ်ရှိ ကွဲကူး–ကျောက်ဖျာတံတားကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

ယနေ့ထုတ်စောင်ရေ

၂၀၂၃၇၅

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက် အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်က တနင်္သာရီတိုင်းဒေသတစ်ခုလုံး ဘက်စုံဖွံ့ဖြိုးရေးဖော်ဆောင်ပေးနေ လောင်းလုံမြို့နယ်၌ စက်မှုဇုန်ထူထောင်ရေးနှင့် မောင်းမကန်အပန်းဖြေစခန်းအဆင့်မြှင့်ရေးစီမံပေးခဲ့ နိုင်ငံတော်၏စီးပွားရေးအထောက်အကူပြုနိုင်သည့်ဒေသဖြစ်ရေး လုပ်ငန်းရှင်များပူးပေါင်းပါဝင်

ရန်ကုန် ဇန်နဝါရီ ၁၅

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၁၃ ရက် နံနက် ၈ နာရီတွင် တနင်္သာရီတိုင်း မြိတ်မြို့အထွက် မြိတ်–ထားဝယ်လမ်းအပိုင်း ကွဲကူး–ကျောက်ဖျာတံတား အဝင်အထွက် ချဉ်းကပ်လမ်းများ အဆင့်တိုးမြှင့်ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကျောက်ဖျာမြစ်ရေပြင်အခြေအနေနှင့် တံတားကြီးကို ဂါတ်တောင်ကုန်းပေါ်မှ ကြည့်ရှုသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် တည်ဆောက်ဖွင့်လှစ်ပြီးဖြစ်သော ကွဲကူး–ကျောက်ဖျာတံတားသို့ ရောက်ရှိရာ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ အင်ဂျင်နီယာမှူးကြီး ဦးဘဝမ်းက ကွဲကူး–ကျောက်ဖျာတံတား၏ စီမံကိန်းဆိုင်ရာအချက်အလက်များ၊ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ကွဲကူး–ကျောက်ဖျာတံတား

ကွဲကူး–ကျောက်ဖျာတံတားမှာ မြိတ်–ထားဝယ်လမ်းပေါ်တွင်တည်ရှိပြီး အပေါ်ထည် သံမဏိသံပေါင်၊ အောက်ထည် သံကူကွန်ကရစ် တံတားအမျိုးအစားဖြစ်သည်။ တံတား၏ အရှည်မှာ ၃၆၁၂ ပေ၊ ***စာမျက်နှာ ၇ ကော်လံ ၁***

တနင်္သာရီတိုင်း မြိတ်မြို့ရှိ မြိတ်တက္ကသိုလ် စာသင်ဆောင် အဆောက်အအုံများကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်)

အမျိုးသားကျန်းမာရေး အဆင့်အတန်းမြှင့်တင်ရေး တက်ညီလက်ညီ ကြိုးပမ်းစွမ်းဆောင်

နိုင်ငံတစ်နိုင်ငံ၏ ပြည်သူများ ကျန်းမာကြံ့ခိုင်မှုသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းစွမ်းဆောင်ပေးနိုင်မည့် အခြားသော စွမ်းအားများကိုပါ ပိုမိုပြည့်ဖြိုးခိုင်မာစေသည်။ ထို့ပြင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် လူမှုရေးအခြေခံကောင်းတစ်ရပ် ဖြစ်သည်။

ထို့ကြောင့် ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု တိုးတက်လွှမ်းခြုံပေးနိုင်စေရန်နှင့် ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေး တိုးမြှင့်ပေးနိုင်စေရန်အတွက် ဆေးသိပ္ပံပညာရပ်များ ခေတ်နှင့်လျော်ညီစွာ ဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံတကာ၌ တိုးတက်ဖြစ်ထွန်းနေသည့် အဆင့်မြင့်သိပ္ပံနှင့်နည်းပညာရပ်များ၊ နိုင်ငံတကာအဆင့်မီ ရောဂါရှာဖွေရေး၊ ကုသရေးနှင့် ဆေးရုံသုံးပစ္စည်းများကို ကျန်းမာရေးကဏ္ဍ၌ အချိန်နှင့်တစ်ပြေးညီ အသုံးပြုနိုင်စေရေး၊ နိုင်ငံတကာအဆင့်မီ ထူးချွန်ထက်မြက်သည့် ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် ပေါ်ထွန်းနေစေရေး၊ အရည်အသွေးမြင့်မားပြီး ပြည်သူများအတွက် အကျိုးဖြစ်ထွန်းစေမည့် ကျန်းမာရေးဆိုင်ရာ သုတေသနလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းနေစေရေးအတွက် နိုင်ငံတော်အစိုးရက စနစ်တကျ စီမံဆောင်ရွက်ပေးလျက်ရှိသည်။

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဇန်နဝါရီ ၁၄ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမ(အေ)၌ ကျင်းပသည့် မြန်မာနိုင်ငံဆရာဝန်အသင်း အကြိမ်(၅၀)မြောက် ဆရာဝန်ညီလာခံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင်–

"မြန်မာ့ဆေးသိပ္ပံပညာ တိုးတက်မြင့်မားအောင် ကြိုးပမ်းရေးနှင့် ဆေးပညာရပ်များဖြင့် ပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးရေးတို့သည် လူ့ဘဝအတွက် အလွန်မွန်မြတ်သော ရည်ရွယ်ချက်များ ဖြစ်သည်နှင့်အညီ ကျန်းမာရေးကဏ္ဍ၏ အမျိုးသားရေး အကျိုးစီးပွားဖော်ဆောင်မြှင့်တင်ရေး ရည်မှန်းချက်များလည်းဖြစ်ကြောင်း"

ပြောကြားသွားသည်။

နိုင်ငံတော်အစိုးရက ဆေးရုံကြီးများကို နိုင်ငံနှင့်အဝန်း တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိသည့်အတွက် ၁၉၈၈ ခုနှစ်က ဆေးရုံပေါင်း ၆၁၇ ရုံသာရှိခဲ့ရာမှ ယခုအခါ ဆေးရုံပေါင်း ၇၆၃ ရုံအထိ ရှိလာခဲ့ပြီ ဖြစ်သည်။

၁၉၈၈ခုနှစ်က တစ်နိုင်ငံလုံးတွင် ဆရာဝန် ၁၁၃၀၀ ဦးခန့်နှင့် နိုင်ငံ့ဝန်ထမ်း ဆရာဝန်ပေါင်း ၃၂၀၀ ကျော်သာ ရှိခဲ့ရာမှ ၂၀၀၃ ခုနှစ် မတ်လအထိ ဆရာဝန် ၁၈၀၀၀ ကျော်နှင့် နိုင်ငံ့ဝန်ထမ်း ဆရာဝန်ပေါင်း ၅၀၀၀ နီးပါးအထိ တိုးတက်ဖြစ်ထွန်းလာခဲ့သည်။

၁၉၈၈ ခုနှစ်တွင် ဆေးတက္ကသိုလ်သုံးခုနှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်တစ်ခုသာ ရှိခဲ့ရာမှ ယခုအခါ ဆေးတက္ကသိုလ်လေးခု၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်နှစ်ခု၊ သူနာပြုတက္ကသိုလ်နှစ်ခု၊ ဆေးဘက်ပညာသည် တက္ကသိုလ်နှစ်ခုနှင့် ဆေးဝါးကျွမ်းကျင်မှု တက္ကသိုလ်နှစ်ခုအပြင် အခြေခံကျန်းမာရေးတက္ကသိုလ်နှင့် တိုင်းရင်းဆေးတက္ကသိုလ် စုစုပေါင်း ဆေးဘက်ဆိုင်ရာတက္ကသိုလ် ၁၄ ခုအထိ တိုးတက်ဖြစ်ထွန်းလာခဲ့သည်။

ယခင်ခေတ်ကာလက ဘွဲ့လွန်ဒီပလိုမာသင်တန်းတစ်ခုနှင့် မဟာဘွဲ့သင်တန်း ၁၂ ခုသာ သင်ကြားပေးနိုင်ခဲ့ရာမှ ယခုအခါ ဘွဲ့လွန်ဒီပလိုမာသင်တန်း ခြောက်မျိုးနှင့် မဟာဘွဲ့သင်တန်း ၂၉ မျိုးအထိ လေ့ကျင့်သင်ကြားပေးနိုင်နေပြီ ဖြစ်သည်။ ဆေးလက်တွေ့အခြေခံပါရဂူဘွဲ့ (Ph.D) သင်တန်းခုနစ်မျိုးနှင့် ဆေးလက်တွေ့ ပါရဂူဘွဲ့ (Dr.Med.Sc) သင်တန်း ၃၀ တို့ကို ဖွင့်လှစ်ပေးနေပြီဖြစ်သည့်အတွက် နိုင်ငံအတွင်း ပြုစုပျိုးထောင် မွေးထုတ်လိုက်သည့် Ph.D ပါရဂူဘွဲ့ရ ၁၇ ဦးနှင့် Dr.Med.Sc ပါရဂူဘွဲ့ရ ၅၅ ဦး စုစုပေါင်း ပါရဂူဘွဲ့ရ ပညာရှင် ၇၂ ဦး ပေါ်ထွန်းလာခဲ့ပြီဖြစ်သည်။

ထို့အပြင် ယူကေနိုင်ငံ တော်ဝင်ကောလိပ်များမှ ၁၉၉၁ ခုနှစ် နောက်ပိုင်းတွင် MRCP ၈၂ ဦး၊ MRCPH ၂၈ဦး၊ MRCOG ၃၅ ဦး၊ FRCS ၇၈ ဦးနှင့် MRCS ၁၀ ဦး စုစုပေါင်း ၂၃၃ ဦး ပေါ်ထွန်းလာခဲ့ပြီဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရ၏ အမျိုးသားကျန်းမာရေး အဆင့်အတန်း မြှင့်တင်ရေးနှင့် ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်မှုများ သိသာထင်ရှားစွာ တိုးတက်အောင်မြင်နေသည့် ယနေ့ကာလတွင် ဖြစ်ထွန်းရရှိပြီးဖြစ်သည့် အရှိန်အဟုန်ကို မြှင့်တင်ပေးနိုင်စေရေးအတွက် ကျန်းမာရေးဆိုင်ရာ ဝန်ထမ်းအားလုံးက တက်ညီလက်ညီ ကြိုးပမ်းစွမ်းဆောင် သွားနိုင်ကြမည်ဟု ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



ရထားပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ပုံညာတောင်ဥမင်နှင့် အဝင်လမ်း၊ အထွက်လမ်းပိုင်းများ စစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၅

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး ဦးဖေသန်းနှင့်အတူ ဇန်နဝါရီ ၉ရက် ညနေပိုင်းက ပုံညာတောင် ဥမင်ဖောက်လုပ်ရေး လုပ်ငန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ ရှေးဦးစွာ စီမံကိန်းတာဝန်ခံ ဦးမောင်မောင်သွင်က လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအခြေအနေနှင့် စက်ယန္တရားနှင့် လုပ်ငန်းသုံးပစ္စည်းများ ရရှိမှု၊ သုံးစွဲမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီး ဦးဖေသန်းက လုပ်ငန်းအခြေအနေများကို သုံးသပ် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက အမှာစကားပြောကြားရာတွင် ဥမင်ကြီး ဖောက်လုပ်နိုင်ခဲ့ပြီးနောက် ဥမင်အဝင်လမ်း၊ အထွက်လမ်းများကို သတ်မှတ်ကာလအတွင်း လျင်မြန်စွာပြီးစီးရေး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရန်၊ ကျန်ရှိသော ဥမင်တွင်းလုပ်ငန်းများကိုလည်း စနစ်တကျနှင့်ဆက်လက်ဆောင်ရွက်ရန်၊ ပွင့်လင်းရာသီအတွင်း လုပ်ငန်းအရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရန်နှင့် လုပ်ငန်းသုံးပစ္စည်း၊ စက်ယန္တရား စုပုံထားရှိရန်နှင့် လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး ဂရုပြုဆောင်ရွက်ရန် မှာကြားသည်။

ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းတွင် ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပုံညာတောင် ဥမင်လုပ်ငန်းခွင်အရှေ့ဘက်သို့ရောက်ရှိပြီး ဥမင်အတွင်း ဆောင်ရွက်လျက်ရှိသော ဥမင်ဘေးနံရံများ တူးချဲ့ခြင်းလုပ်ငန်း၊ အမိုးခုံးပိုင်း သံချည်သံကွေးဆင်မှုလုပ်ငန်းများ၊ အမိုးခုံးပိုင်း ချဲ့တူး၍ သံလမ်းခုံး မြှင့်တင်ဆောင်ရွက်ခြင်းလုပ်ငန်း၊ မလွတ်ကင်းသော ကျောက်သားများကို စက်တူရွင်းဖြင့်ဖဲ့ ထုတ်ခြင်းလုပ်ငန်းများ၊ ဥမင် အနောက်ဘက်ခြမ်းအားနံရံသံချည်သံကွေး လုပ်ငန်းများနှင့် ဥမင်တွင်း ရေထုတ်မြောင်းဖောက်လုပ်ခြင်းတို့ကို ကြည့်ရှုစစ်ဆေး၍ **(အပေါ်ပုံ)** လိုအပ်သည်များ မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် မြန်မာ့မီးရထားမှ တာဝန်ရှိသူများသည် ပုံညာတောင်ဥမင် အဝင်လမ်း(အရှေ့ဘက်)ပိုင်းဖောက်လုပ်မှု လုပ်ငန်းခွင်သို့ ရောက်ရှိစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇန်နဝါရီ ၃ ရက်က အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း ရွှေပြည်သာ ၂၀၀၃–၂၀၀၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်တွင် ကျောင်းအုပ်ဆရာကြီး ဦးမြကျော်က သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရရှိသူ မလွင်ငြိမ်းငြိမ်းအေးအား ဆုချီးမြှင့်စဉ်။
(က–ပ)



စပယ်ဦး စာပေဖြန့်ချိရေး အမှတ် ၁၇၂၊ ၃၅လမ်း(လယ်) ရန်ကုန်မြို့ ဖုန်း–၂၈၀၂၁၄ က ထုတ်ဝေဖြန့်ချိသော ဆရာဦးကျော်ထင် ပြုစုသည့် မြတ်ဗုဒ္ဓ၏ ရတနသုတ် တန်ခိုးတော် စာအုပ်မျက်နှာဖုံး။ (က–ပ)

ဆုချီးမြှင့်

ဇန်နဝါရီ ၃ ရက်က အမက (၂၈)တာမွေ၌ ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန် ဆုပေးပွဲတွင် ဆရာမကြီး ဒေါ်စိန်စိန်အေးက ဘာသာစုံထူးချွန် ပထမဆုရ စတုတ္ထတန်းမှ မောင်ရဲဝံ့ကျော်အား ဆုချီးမြှင့်စဉ်။
(က–ပ)

16-1 (2).p65 1 3/27/05, 8:59 PM

ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာ ဩဝါဒပါတိမောက် အခါတော်နေ့ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၅

ရန်ကုန်မြို့ ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာ၌နှစ်စဉ်ကျင်းပမြဲဖြစ်သော ဩဝါဒပါတိမောက်အခါတော်နေ့ကိုကျင်းပမည်ဖြစ်ပါ၍ ၁၃၆၅ ခုနှစ် တပို့တွဲလပြည့်နေ့ (ဖေဖော်ဝါရီ၅ ရက်) ကြာသပတေးနေ့တွင် ဟိတေသီအဖွဲ့ဝင် ယောဂီများနှင့် ဓမ္မမိတ်ဆွေများ၊ အလှူရှင်များပါဝင် လှူဒါန်းတက်ရောက်ဆင်နွှဲကြပါရန် ဖိတ်ကြားနိုးဆော်ထား ကြောင်းသိရသည်။ **(က–ပ)**

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

နိုင်ငံတကာမျက်နှာစာတွင် အာဆီယံအဖွဲ့ ခိုင်ခိုင်မာမာရပ်တည်လျက်ရှိ
အာဆီယံခေါင်းဆောင်များက မြန်မာနိုင်ငံ၏မူဝါဒလမ်းစဉ်ခုနစ်ရပ်ထောက်ခံ
ASEAN VISION 2020 ပါ မျှော်မှန်းချက်အောင်မြင်ရေးကြိုးပမ်း

ရန်ကုန် ဇန်နဝါရီ ၁၅

အာဆီယံအဖွဲ့ဆိုင်ရာဦးဆောင်ကော်မတီ(၁/ ၂၀၀၄)အစည်းအဝေးကို ယနေ့ညနေ ၄နာရီတွင် ရန်ကုန်မြို့ကုန်းမြင့်သာရှိ ဖေယျာသီရိဗိမာန်အစည်းအဝေးခန်းမ၌ ကျင်းပရာအာဆီယံအဖွဲ့ဆိုင်ရာ ဦးဆောင်ကော်မတီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တက်ရောက်၍ ဆွေးနွေးမှာကြားသည်။ (အပေါ်ပုံ)

အစည်းအဝေးသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ စစ်ဥပဒေချုပ်၊ ဒုတိယဝန်ကြီးများ၊ အာဆီယံအဖွဲ့ဆိုင်ရာဦးဆောင်ကော်မတီဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်က အာဆီယံအဖွဲ့ဆိုင်ရာ ဦးဆောင်ကော်မတီ၌ အဖွဲ့ဝင်များဖြည့်စွက်ရန်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများပါဝင်သည့် အာဆီယံဆိုင်ရာအစည်းအဝေးများသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တက်ရောက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူက အာဆီယံစက်မှု ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်(ASEAN Industrial Cooperation Scheme) အရ သွင်းကုန်အကောက်ခွန်နှုန်းကို သုညရာခိုင်နှုန်းသို့ လျှော့ချရေးကိစ္စ၊ မြန်မာနိုင်ငံ၏ အာဆီယံစံချိန်စံညွှန်းနှင့် အရည်အသွေး ကိုက်ညီရေး (Standards and Conformance) ကိစ္စများတွင် ပါဝင်ဆောင်ရွက်ရန်ကိစ္စနှင့် တရုတ် ပြည်သူ့သမ္မတနိုင်ငံ ချုံချင့်မြို့၌ ၂၀၀၃ ခုနှစ် နိုဝင်ဘာ ၁၁ ရက်မှ ၁၄ရက်ထိ ကျင်းပပြီးစီးခဲ့သည့် (၁၀) ကြိမ်မြောက် အာဆီယံ–တရုတ်ကုန်သွယ်မှုညှိနှိုင်းဆွေးနွေးရေးကော်မတီအစည်းအဝေး (10th Meeting of the ASEAN- China Trade Negotiating Committee)နှင့် ပူးတွဲကျင်းပသည့် (၁၂)ကြိမ်မြောက် အာဆီယံကုန်သွယ်မှု ညှိနှိုင်းဆွေးနွေးရေးအဖွဲ့အစည်းအဝေး(12th Meeting of the ASEAN Trade Negotiating Group)တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက အာဆီယံ စီးပွားရေးဆိုင်ရာ သဘောတူစာချုပ်များ အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၏ ပထမအကြိမ် အစည်းအဝေးကျင်းပခဲ့မှုနှင့် စပ်လျဉ်း၍လည်းကောင်း၊ စီးပွားရေးဆိုင်ရာကဏ္ဍများအလိုက် ဆောင်ရွက်နိုင်ရန် ဆပ်ကော်မတီများဖွဲ့စည်းထားမှုနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်က ၂၀၀၃ ခုနှစ် အောက်တိုဘာ ၁၃ ရက်မှ ၁၅ ရက်ထိ ဘရူနိုင်းနိုင်ငံ ဘန်ဒါဆရီဘီဂါဝန်မြို့၌ကျင်းပခဲ့သည့် (၁၂)ကြိမ်မြောက် နိုင်ငံဝန်ထမ်းဆိုင်ရာ အာဆီယံအစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်က ၂၀၀၃ ခုနှစ် အောက်တိုဘာ ၇ရက်တွင် အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ ကျင်းပသည့် အာဆီယံခေါင်းဆောင်ကြီးများနှင့် ASEAN Business Advisory Council (ASEAN-BAC) ၏ အစည်းအဝေးသို့ တက်ရောက်ခဲ့မှု၊ ညှိနှိုင်း ဆွေးနွေးမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ခိုင်ခိုင်မာမာရပ်တည်

ထို့နောက် အာဆီယံအဖွဲ့ဆိုင်ရာ ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ပြန်လည်ဆွေးနွေးပြီး အမှာစကားပြောကြားရာတွင် ယနေ့ နိုင်ငံတကာမျက်နှာစာတွင် အာဆီယံအဖွဲ့ကြီးသည် စည်းလုံးညီညွတ်သော၊ ခိုင်မာတောင့်တင်းသောအချိန်နှင့် တစ်ပြေးညီ တိုးတက်ပြောင်းလဲဖြစ်ထွန်းနေသောအဖွဲ့အစည်းကြီးအဖြစ် ခိုင်ခိုင်မာမာရပ်တည်လျက်ရှိနေပြီဖြစ်ကြောင်း။

ယင်းသို့ စည်းလုံးညီညွတ်ခိုင်မာသည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ရပ်တည်နိုင်နေသည်နှင့်အညီအနောက်နိုင်ငံများ၊ ဥရောပနိုင်ငံများအပါအဝင် နိုင်ငံအသီးသီး၊အဖွဲ့အစည်းအသီးသီးက အာဆီယံအဖွဲ့ကြီးအပေါ် ပိုမို အာရုံစူးစိုက်လာပြီး အာဆီယံအဖွဲ့ကြီးနှင့် ဆက်သွယ်ဆက်ဆံမှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြသည်ကိုတွေ့နိုင်ကြောင်း။

ပူးပေါင်းဆောင်ရွက်

ကမ္ဘောဒီးယားနိုင်ငံ၌ကျင်းပခဲ့သည့် အာဆီယံထိပ်သီးအစည်းအဝေးတွင် အာဖရိကနိုင်ငံများကိုယ်စားတောင်အာဖရိကနိုင်ငံက အာဆီယံအဖွဲ့ကြီးနှင့် ပူးပေါင်း ဆောင်ရွက်နိုင်ရန်လာရောက် ရှင်းလင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း။

အလားတူပင် အာရှဒေသအတွင်း၌လည်း အာဆီယံမိသားစုဝင် ၁၀ နိုင်ငံအပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံတို့ ပူးပေါင်းလျက် "အာဆီယံ+၃"ဆိုပြီး ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိနေကြောင်း။

ထို့အပြင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပသည့် နဝမအကြိမ် အာဆီယံထိပ်သီးညီလာခံတွင် အိန္ဒိယနိုင်ငံကလည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်လျက်ရှိကြောင်း။

အာဆီယံမိသားစုဝင်နိုင်ငံများသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ တန်းတူရည်တူ အလေးထား ဆက်ဆံကြသကဲ့သို့ နောက်ပိုင်းမှ အဖွဲ့သို့ဝင်ရောက်လာသည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့အပေါ်အခွင့်ရေးပေးကူညီပံ့ပိုးမှုများလည်း ပြုလုပ်လျက်ရှိကြကြောင်း။

အပြန်အလှန်ဆက်ဆံ

ဤသို့ဖြင့် အာဆီယံအဖွဲ့ကြီးသည် ပိုမိုစည်းလုံးညီညွတ်ပြီး တောင့်တင်းခိုင်မာသည်ထက် တောင့်တင်းခိုင်မာလာသည့် အနေအထားတွင် ရှိနေပြီး အာဆီယံနိုင်ငံအသီးသီးမှ ခေါင်းဆောင်များသည်လည်း အချင်းချင်းပိုမိုရင်းနှီးချစ်ကြည်လျက် အပြန်အလှန်လေးစားစွာ ဆက်ဆံလျက်ရှိနေကြကြောင်း။

သို့ဖြစ်၍လည်း အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပခဲ့သည့် နဝမအကြိမ် အာဆီယံထိပ်သီးညီလာခံတွင် အာဆီယံနိုင်ငံခေါင်းဆောင်များက မြန်မာနိုင်ငံအပေါ် နားလည်စာနာစွာဖြင့် မြန်မာနိုင်ငံ၏ ရှေးဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်ကို ထောက်ခံခဲ့ကြခြင်းပင်ဖြစ်ကြောင်း။

ယနေ့အချိန်အခါတွင်အရှိန်အဟုန်နှင့် ဖြစ်ပေါ်နေသော နိုင်ငံတကာတိုးတက်ပြောင်းလဲ ဖြစ်ထွန်းမှုများကြောင့် ကြုံတွေ့ရင်ဆိုင်လာရသည့် ပြဿနာများကို တစ်နိုင်ငံချင်း ဖြေရှင်း၍ မရနိုင်တော့သည့် အခြေအနေဖြစ်လာကြောင်း။

တိုးချဲ့ဖွဲ့စည်း

ယင်းသို့ တစ်နိုင်ငံတည်း ထီးထီးချည်း ရပ်တည်မရနိုင်သည်ကို ကမ္ဘာ့နိုင်ငံအသီးသီးက နားလည်ခံယူပြီး နိုင်ငံများအကြား အပြန်အလှန် အကျိုးပြုနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် အဖွဲ့အစည်းများ ထူထောင်လာကြသလို ဖွဲ့စည်းပြီးအဖွဲ့အစည်းများကိုလည်း တိုးချဲ့ဖွဲ့စည်းလာနေကြသည်ကို တွေ့နိုင်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ကြီးအတွင်းသို့ ဝင်ရောက်ခဲ့သလို တောင်အာရှနှင့် အရှေ့တောင်အာရှဒေသများကို ဆက်စပ်ပေးမည့် BIMSTEC အဖွဲ့သို့လည်းဝင်ရောက်ပြီး တက်ကြွစွာလှုပ်ရှားဆောင်ရွက်လျက်ရှိနေကြောင်း။

အခြေခံကောင်းများရရှိ

ယင်းသို့ မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းနိုင်ငံများ၊ ဒေသတွင်းအဖွဲ့အစည်းများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်နှင့်အမျှနိုင်ငံတော်အတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများလည်း တဖြည်းဖြည်းချင်းတိုးတက်ဖြစ်ထွန်းလာပြီး အခြေခံကောင်းများရရှိနေပြီကို တွေ့ရှိနိုင်ကြောင်း။

သို့ဖြစ်၍ ဝန်ကြီးဌာနအသီးသီးကလည်း အာဆီယံအစည်းအဝေးများတွင် မိမိတို့နှင့် သက်ဆိုင်ရာကဏ္ဍအလိုက် တက်ကြွစွာပါဝင်ဆွေးနွေးလှုပ်ရှားဆောင်ရွက်ကြရန်နှင့် အစည်းအဝေးများတွင် ညှိနှိုင်းရရှိချက်များအရ မြန်မာနိုင်ငံအနေဖြင့် ဆောင်ရွက်ဖွယ်လုပ်ငန်းများကို အချိန်အခါနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်သွားကြဖို့ မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ၂၀၂၀ခုနှစ်တွင် အာဆီယံမိသားစုဝင်နိုင်ငံများအားလုံးဖွံ့ဖြိုးတိုးတက်မှုတွင် တစ်ပြေးညီတိုးတက်ဖြစ်ထွန်းပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံများတောင့်တင်းခိုင်မာစေရေး ဦးတည်ထားသည့် ASEAN VISION; 2020 ပါ မျှော်မှန်းချက်များ အောင်မြင်စွာအကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရေးအတွက် မြန်မာနိုင်ငံအနေဖြင့် တက်ကြွစွာ ဆက်လက်ပါဝင်ဆောင်ရွက်နိုင်အောင် အားထုတ်ကြိုးပမ်းသွားကြရန်မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံပြန်တမ်း

ရန်ကုန် ဇန်နဝါရီ ၁၅

၁။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲများအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

အမည်	ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူး၊ဌာန
(က) ဦးစောမောင်လှ	ညွှန်ကြားရေးမှူးချုပ် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊
(ခ) ဦးမြသန်း	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

၂။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးစိုးဝင်းအား တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

အင်္ဂလိပ်စာသင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၅

အင်္ဂလိပ်စာ အပြော၊ အဖတ်၊ အရေး IQနှင့် အထွေထွေဗဟုသုတဘာသာရပ်များကို 'ကျော်'ဝင်ခွင့်သင်တန်းမှဆရာ(သင်္ချာ)ဦးအောင်သင်းနှင့် အတွေ့အကြုံရင့် ဆရာများဦးစီး၍ GEC, PSC, DA သူနာပြုသင်တန်း၊ လေယာဉ်မောင်၊ လေယာဉ်မယ်ဝင်ခွင့်များနှင့် အခြားဝင်ခွင့်ဆိုင်ရာသင်တန်းများအတွက် သင်ကြားပေးမည်ဖြစ်သည်။ အမှတ် ၁၀၂၃၇လမ်း(အောက်) ကျောက်တံတားမြို့နယ် ရန်ကုန် ဖုန်း–၂၅၀၁၃၅သို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

ဘာကူဘာရှိ ရဲစခန်းကို အသေခံ ကားဗုံးဖောက်ခွဲ လူနှစ်ဦးသေဆုံးပြီး အများအပြားဒဏ်ရာရရှိ

ဘာကူဘာ ဇန်နဝါရီ ၁၄

အီရတ်နိုင်ငံ ဘာကူဘာမြို့တွင် ဗုဒ္ဓဟူးနေ့၌ ရဲစခန်းတစ်ခုအပြင်ဘက်တွင် ကားဗုံးတစ်လုံး ပေါက်ကွဲသဖြင့် လူနှစ်ဦးသေဆုံးပြီး လူ ၃၀ခန့် ဒဏ်ရာရကြောင်း ရဲအဖွဲ့၊ ဆရာဝန်များနှင့် အမေရိကန်တပ်ဖွဲ့က ပြောကြားသည်။

ဖောက်ခွဲ

ဖြစ်ပွားရာနေရာ၌ ရှိနေကြသော မျက်မြင်တွေ့ရှိသူများနှင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးက အသေခံကားဗုံးဖောက်ခွဲခြင်းဖြစ်ကြောင်း ပြောဆိုသော်လည်း နောက်ပိုင်းတွင် စစ်ဘက် ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးက အဝေးထိန်းခလုတ်ဖြင့် ဗုံးကိုဖောက်ခွဲပုံရကြောင်း ပြောဆိုသည်။

တိုက်ခိုက်

အသေခံကားဗုံးခွဲသူသည် အစိမ်းရောင်ဆီဒင်ကားဖြင့် ရဲအဖွဲ့ကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု အမေရိကန် အမှတ်(၄) ခြေမြန်တပ်မမှ ဗိုလ်ဘရိုင်ယန်အီလီယော့က ပြောကြားသည်။

သေဆုံး

၎င်းက ဆက်လက်၍ နှစ်ဦးထက်မနည်း သေဆုံးပြီး အများအပြား ထိခိုက်ဒဏ်ရာရကြောင်း၊ အကယ်၍ အသေခံဗုံးခွဲသည့်ကားသည် ရဲစခန်းဝင်းအတွင်းသို့သာရောက်ရှိခဲ့လျှင် ယခုထက်ပို၍ သေကျေထိခိုက်ဒဏ်ရာရမှုရှိနိုင်ကြောင်း ပြောဆိုသည်။

ဒဏ်ရာရ

ပေါက်ကွဲမှုကြောင့် လူ ၂၉ဦး ဒဏ်ရာရသည်ဟု အမေရိကန်စစ်တပ်ကခန့်မှန်းပြီး ဘာကူဘာမြို့၏ ဆေးရုံကြီးမှ ဆရာဝန်များက လူနှစ်ဦးသေပြီး ၂၅ဦးမက ဒဏ်ရာရကြောင်း ပြောဆိုကြသည်။ သေသူနှစ်ဦးမှာ အရပ်သားများဖြစ်ပြီး ၂၆ဦး ဒဏ်ရ ရကြောင်း၊ ဒဏ်ရာရသူ အများစုမှာ ရဲအဖွဲ့ဝင်များဖြစ်ကြောင်း ဘာကူဘာ အထွေထွေဆေးရုံကြီး၏ ဒုတိယဆေးရုံအုပ်နှင့် ခွဲစိတ်ဆရာဝန်မိုဟာမက် အပီယာဂျီဘူရီက ပြောဆိုသည်။ **(အင်တာနက်)**

ပျက်စီး

ဇန်နဝါရီ ၁၄ ရက်က ဘာကူဘာမြို့ ရဲစခန်း တစ်ခု၏အပြင်ဘက်တွင် အသေခံဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် ပျက်စီးသွားသောကားတစ်စီးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်ဆိုင်ရာ ကုလအကြံပေး ဘရာဟီမီအားခန့်အပ်

ကုလသမဂ္ဂ ဇန်နဝါရီ ၁၄

ယခင်အယ်လ်ဂျီးရီးယားနိုင်ငံခြား ရေးဝန်ကြီးနှင့်အာဖဂန်နစ္စတန်၌ ကုလသမဂ္ဂသံတမန်အကြီးအကဲဖြစ် သော လက်ဒ်ခါဘရာဟီမီသည် အီရတ်ဆိုင်ရာ ကုလသမဂ္ဂ အတွင်း ရေးမှူးချုပ်၏ အကြံပေးအဖြစ် အမှု ထမ်းမည်ဖြစ်ကြောင်း သံတမန် များက တနင်္လာနေ့၌ ပြောကြား သည်။

ယခုသီတင်းပတ်ကုန်၌ ခန့်အပ် ကြောင်း အာနန်က ကြေညာဖွယ်ရှိ သည်။ ထိုသို့ဆိုသော်လည်း ဘရာ ဟီမီက အီရတ်တွင် အာနန်၏ အထူးကိုယ်စားလှယ်အဖွဲ့ ကွယ် လွန်သူ ဆာဂျီယိုဗီယာရာဒီမဲလိုး၏ နေရာ၌ အစားထိုးမည့်ကိစ္စကို မိမိ ငြင်းခဲ့ကြောင်း ရိုက်တာသို့ ယမန် နှစ်က ပြောကြားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

ဖော်လူဂျာ၌ အမေရိကန် ကင်းလှည့်တပ်ဖွဲ့တိုက်ခိုက်ခံရ အီရတ်တို့က ဒုံးကျည်နှစ်စင်းဖြင့်ပစ်ခတ်ခြင်းဖြစ်

ဖော်လူဂျာ ဇန်နဝါရီ ၁၅

ဖော်လူဂျာမြို့လယ်တွင် အမေရိကန် ကင်းလှည့်တပ်ဖွဲ့တစ်ဖွဲ့ ဒုံးကျည်များဖြင့် အင်္ဂါနေ့က တိုက်ခိုက်ခံရပြီးနောက် အမေရိကန် တပ်ဖွဲ့ဝင်များ ပစ်ခတ်မှုကြောင့် အီရတ်အရပ်သား လေးဦး သေဆုံးသွားကြောင်း မျက်မြင်တွေ့ရှိသူများက ပြောဆိုကြသည်။

သေဆုံး

ထိုသို့ ဒုံးကျည်နှစ်စင်းဖြင့် တိုက်ခိုက်ခံရပြီးနောက် အမေရိကန် တပ်ဖွဲ့ဝင်က ပြန်ပစ်ခတ်သဖြင့် အနီးရှိ အိမ်တစ်အိမ်မှ အဘွားအို တစ်ဦးနှင့် ကားတစ်စီးအတွင်းမှ လူသုံးဦးသေဆုံးသွားကြောင်း မျက်မြင်တွေ့ရှိသူများက ပြောဆိုကြသည်။

စော်ကားခြင်းဖြစ်

အမေရိကန်တပ်ဖွဲ့များက အမျိုးသမီးငယ်တစ်ဦးကို တနင်္လာနေ့ တွင် ဖမ်းဆီးသွားခြင်းကို လူရာပေါင်းများစွာက ဆန့်ကျင်ဆန္ဒပြ ခဲ့ကြသည်။ အမျိုးသမီးငယ်မှာ ထိုအချိန်က အိမ်၌တစ်ယောက် တည်းရှိနေခဲ့ပြီး ယင်းသို့ ဖမ်းဆီးခြင်းသည် စော်ကားခြင်းဖြစ် သည်ဟု အီရတ်တို့က ပြောဆိုသည်။

မေးမြန်း

အမျိုးသမီးများနှင့် ကလေးငယ်များသာရှိသော အိမ်များ အတွင်းသို့ မဟာအင်အားကြီးနိုင်ငံ(အမေရိကန်)က အတင်း ဝင်ရောက်ခြင်းသည် သင့်တော်ပါသလားဟု ဆန္ဒပြသူတစ်ဦးက မေးမြန်းခဲ့သည်။ ထိုအမျိုးသမီးမှာ ဖော်လူဂျာပြည်သူများ လေးစား သော အမျိုးသမီးတစ်ဦးဖြစ်သည်ဟု ဆိုသည်။

အမ်အင်အေ၊ရိုက်တာ



အီရတ်ပြန်လည်တည်ဆောက်ရေးကန်ထရိုက်များ ကနေဒါကုမ္ပဏီများ ပါဝင်ယှဉ်ပြိုင်ခွင့်ရ

မွန်တာရေး (မက္ကဆီကို) ဇန်နဝါရီ ၁၄

အီရတ်နိုင်ငံတွင်ဒုတိယအကြော့ပြန်လည်တည်ဆောက် ရေးကန်ထရိုက်လုပ်ငန်းကို ဈေးပြိုင်ဆွဲရာတွင် ကနေဒါ ကုမ္ပဏီများယှဉ်ပြိုင် ကန်ထရိုက်ဆွဲခွင့်ရပြီဖြစ်ကြောင်း ကနေဒါအရာရှိတစ်ဦးက အင်္ဂါနေ့၌ ပြောကြားလိုက် သည်။

ထို့ပြင် ပြင်သစ်နှင့် ဂျာမနီ ကုမ္ပဏီများလည်း ကန်ထရိုက် လုပ်ငန်းများကို ယှဉ်ပြိုင်ဆွဲခွင့် ရကြရန်ရှိ ကြောင်းလည်း အမေရိကန်နိုင်ငံများ၏ ထိပ်သီးခေါင်း ဆောင်များ အစည်းအဝေးပြင်ပတွင် ထိုအရာရှိက ပြောကြားသည်။စာရင်း ပိတ်လိုက်ပြီးဖြစ်သော ပထမ အသုတ် ကန်ထရိုက်လုပ်ငန်းများကို မိမိတို့ရမည်မဟုတ် ကြောင်း၊ ဒုတိယအသုတ်ကန်ထရိုက်များကိုသာ မိမိတို့ ရမည်ဖြစ်ကြောင်း ၎င်းအရာရှိက သတင်းထောက်များကို ပြောကြားသည်။

အီရတ်ပြန်လည်တည်ဆောက်ရေး ကန်ထရိုက် လုပ်ငန်းများကိုယှဉ်ပြိုင်ရာတွင် အမေရိကန် ဦးဆောင် သော စစ်ပွဲကိုထောက်ခံသည့်နိုင်ငံများမှ ကုမ္ပဏီများကို သာခွင့်ပြုမည်ဖြစ်ကြောင်း လွန်ခဲ့သည့်နှစ်ကုန်၌ အမေရိ ကန် ပြည်ထောင်စုက စွဲမြဲပြောဆိုခဲ့ရာ နိုင်ငံအများအပြား ဒေါသဖြစ်ခဲ့ကြသည်။ **အမ်အင်အေ၊ရိုက်တာ**

ကုလလုံခြုံရေးအဖွဲ့ငယ်တစ်ဖွဲ့ အီရတ်သို့စေလွှတ်မည် အမှုထမ်းများ အီရတ်ပြန်သွားရေးအတွက်ပြင်ဆင်ခြင်းဖြစ်

ကုလသမဂ္ဂ ဇန်နဝါရီ ၁၄

လွန်ခဲ့သည့်နှစ်က တိုက်ခိုက်ခံခဲ့ရပြီးနောက် ရုပ်သိမ်းသွားခဲ့သော နိုင်ငံတကာဆိုင်ရာ အမှုထမ်းများ အီရတ် သို့ ပြန်သွားရေးအတွက် ပြင်ဆင်ရာတွင် လုံခြုံရေးအဖွဲ့ငယ်တစ်ဖွဲ့ အီရတ်သို့စေလွှတ်ရန် ကုလသမဂ္ဂအတွင်း ရေးမှူးချုပ် ကိုဖီအာနန်က အင်္ဂါနေ့၌ ဆုံးဖြတ်လိုက်သည်။

သို့ရာတွင် အီရတ်ယာယီအစိုးရအဖွဲ့ အုပ်ချုပ်ရေးလွှဲပြောင်းယူမည့် ဇွန် ၃၀ ရက်မတိုင်မီ ဘဂ္ဂဒက်သို့ နိုင်ငံ ရေးအမှုထမ်းများ ကုလသမဂ္ဂ ကမ္ဘာ့ အဖွဲ့အစည်းက ပြန်လွှတ်မည်ကို လုံခြုံ ရေးကောင်စီသံတမန်များနှင့်ကုလသမဂ္ဂ အရာရှိများက သံသယရှိခဲ့ကြသည်။

နိုင်ငံရေးဆိုင်ရာ ကုလသမဂ္ဂလက် ထောက်အတွင်းရေးမှူးချုပ် ကီရန်း ပရင်ဒီဂတ်စ်က အမေရိကန်သံ အမတ်ကြီး ဂျွန်နီဂရိုပွန်တီထံပေး ပို့သည့်စာ၌ အဖွဲ့ဝင်လေးဦးပါအဖွဲ့ ငယ်တစ်ဖွဲ့မကြာမီစေလွှတ်မည်ဖြစ် ကြောင်း ဖော်ပြထားသည်ဟု သံတမန် များက ပြောကြားသည်။

ကုလသမဂ္ဂအမှုထမ်းများ အီရတ် သို့ ပြန်သွားရောက်ရေးသည် သင့် လျော်သောလုပ်ငန်းဆောင်ရွက်မှုအဆင့် တိုးမြှင့်ခြင်း၊ နေရာထိုင်ခင်းနှင့် လုံခြုံ ရေးအစီအစဉ်များတိုးတက်မှုအပေါ် တွင် တည်ကြောင်း ပရင်ဒီဂတ်စ်က စာထဲ၌ ရေးသားဖော်ပြထားသည်။

အမ်အင်အေ၊ရိုက်တာ

နိုင်ငံတကာဆန်နှစ်အထိမ်းအမှတ်ပွဲ ဂျကာတာ၌ဖွင့်လှစ်

ဂျကာတာ ဇန်နဝါရီ ၁၄

အရှေ့တောင်အာရှနိုင်ငံများ အသင်း(အာဆီယံ)အဖွဲ့ဝင် ၁၀နိုင်ငံ က နိုင်ငံတကာဆန်နှစ်အထိမ်းအမှတ်ပွဲ အစိတ်အပိုင်းအဖြစ် ဂျကာတာတွင် နိုင်ငံတကာဆန်နှစ်ကို ဇန်နဝါရီ၁၃ရက်က စတင်ကျင်းပခဲ့သည်။

၂၀၀၄ ခုနှစ်သည် နိုင်ငံတကာဆန်နှစ်ဖြစ်ပြီး အဆိုပါအထိမ်းအမှတ်ပွဲကို အာဆီယံ ဌာနချုပ်တွင် အာဆီယံအထွေထွေအတွင်းရေးမှူးချုပ် အွန်ကင်ယွန်က ဖွင့်လှစ်ပေးခဲ့ပြီး အက်ဖ်အေအိုတွဲဖက်ညွှန်ကြားရေးမှူးချုပ်နှင့် အာရှနှင့်ပစိဖိတ် ဒေသဆိုင်ရာ ကိုယ်စားလှယ် ဟီချန်ချူအီနှင့် အရှေ့တောင်အာရှနိုင်ငံများ၊ တရုတ်၊ ဂျပန်နှင့်တောင်ကိုရီးယားနိုင်ငံများမှ သံအမတ်ကြီးများ တက်ရောက် ခဲ့ကြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

စစ်ဆေးရှာဖွေ

ဇန်နဝါရီ ၁၄ရက်က ဆာမာရာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များက နေအိမ်များအတွင်း စီးနင်းရှာဖွေမှုပြုလုပ်ရာ ကားတစ်စီးရှေ့တွင် အီရတ်တစ်ဦးကို စစ်ဆေးရှာဖွေနေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဖော်လူဂျာ မြို့တော်ဝန်ရုံးရှိ ကန်တပ်ဖွဲ့ များအား ခုခံတိုက်ခိုက်ရေးသမားများက ဒုံးကျည်ဖြင့် တိုက်ခိုက်

ဘဂ္ဂဒက် ဇန်နဝါရီ ၁၄

အီရတ်နိုင်ငံတွင် ကြားဖြတ်အစိုးရတစ်ရပ် ဖွဲ့စည်းရေးကိစ္စနှင့်ပတ်သက်၍ အမေရိကန်နှင့် အီရတ်ရှီးယား ခေါင်းဆောင် အယာတိုလာအလီအယ် စစ္စတာနီတို့ သဘောထားကွဲလွဲလျက်ရှိကြောင်း သိရသည်။

ထိုအတောအတွင်း အီရတ်ခုခံတိုက်ခိုက်သူများက အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များကို ဆက်လက်ဆန့်ကျင်တိုက်ခိုက်လျက်ရှိနေရာ ဆွန်နီတြိဂံဒေသတွင်း အမေရိကန်အပါချီတိုက်ခိုက်ရေးရဟတ်ယာဉ်တစ်စင်း ယမန်နေ့က ထပ်မံ ပျက်ကျသွားကြောင်း သိရသည်။

ယင်းသို့ ရဟတ်ယာဉ်ပျက်ကျခြင်းသည် သီတင်းနှစ်ပတ်အတွင်း တတိယမြောက် ရဟတ်ယာဉ်ပျက်ကျခြင်း ဖြစ်ကြောင်း၊ ဘဂ္ဂဒက်အနောက်ဘက် ဟက်ဘာနီယာမြို့အနီး ပျက်ကျသွားခြင်းဖြစ်ပြီး လက်နက်ကိုင်တိုက်ခိုက်သူများက ပစ်ချလိုက်ခြင်းဖြစ်ပြီး ရဟတ်ယာဉ်မှူးနှစ်ဦးမှာ ထိခိုက်ဒဏ်ရာရခြင်းမရှိကြောင်း သိရသည်။ မျက်မြင်သက်သေများ ပြောကြားချက်အရ ဒုံးကျည်သည် အပါချီတိုက်ခိုက်ရေး ရဟတ်ယာဉ်၏ နောက်မြီးပိုင်းကို ထိမှန်ပြီး မီးလောင်ပေါက်ကွဲသွားကြောင်း၊ ယင်းနောက် ရဟတ်ယာဉ်သည် အထိန်းအကွပ်မဲ့ပျက်ကျသွားခြင်းကြောင့် ကယ်ဆယ်ရေးအဖွဲ့က သွားရောက်ကယ်ဆယ်ခဲ့ရကြောင်း သိရသည်။

တိုက်ခိုက်

ဤအတောအတွင်း တြိဂံဒေသအနီးရှိ ဖော်လူဂျာမြို့၌လည်း မြို့တော်ဝန်ရုံးခန်းကို စောင့်ကြပ်နေသည့် အမေရိကန်လေထီးတပ်ဖွဲ့များကို အမည်မသိတိုက်ခိုက်ရေးသမားများက ဒုံးကျည်ဖြင့်ပစ်ခတ်တိုက်ခိုက်ရာ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အပြန်အလှန် ပစ်ခတ်မှုများဖြစ်ပွားခြင်းကြောင့် အမျိုးသမီးတစ်ဦး အပါအဝင် လူသုံးဦးသေဆုံးကာ ခုနစ်ဦး ဒဏ်ရာရရှိသွားကြောင်း သိရသည်။

ဆန့်ကျင်

မနက်စောစောပိုင်းကလည်း အမေရိကန်တပ်ဖွဲ့များက အမျိုးသားတစ်ဦးကို ဖမ်းဆီးရန် ရှာဖွေရာတွင် ၎င်း၏ ဇနီးဖြစ်သူကို အမေရိကန်တို့က ဖမ်းဆီးလိုက်ခြင်းကြောင့် ဒေသခံအီရတ်ပြည်သူများက ဆန့်ကျင်ဆန္ဒပြကြသဖြင့် ထိုအမျိုးသမီးကို ပြန်လွှတ်ပေးလိုက်ရသည်ဟု သိရသည်။ **(စီအင်န်အင်န်)**

လုံခြုံရေး ဆောင်ရွက်

ဇန်နဝါရီ ၁၃ ရက်က ဘဂ္ဂဒက်မြို့လယ်၌ အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦး စက်သေနတ်ကိုင်ဆောင်၍ လုံခြုံရေး ဆောင်ရွက်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင်သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်အလောင်းများ ဒါလာဝါရီလေတပ်လေဆိပ်သို့ မှန်မှန်ရောက်ရှိနေ

ဒိုဗာ ဇန်နဝါရီ ၁၄

အီရတ်ခေါင်းဆောင်ဟောင်း ဆက်ဒမ်ကို အမေရိကန်တို့ ဖမ်းမိခဲ့သည်မှာ တစ်လနီးပါးရှိသွားပြီဖြစ်သည်။ သို့တိုင်အောင် အီရတ်နိုင်ငံ၌ ကျူးကျော်မှုဆန့်ကျင်ရေးခုခံတိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေသောကြောင့် သေဆုံးကြရသော အမေရိကန်တပ်ဖွဲ့ဝင်များ၏ အလောင်းများမှာ အမေရိကန် ဒါလာဝါရီလေတပ်လေဆိပ်သို့ မှန်မှန်ကြီး ပြန်ရောက်နေသည်ဟုဆိုသည်။ ထိုလေဆိပ်တွင် ကမ္ဘာ့အကြီးဆုံး ရေခဲတိုက်တည်ရှိသည်။

ထိုရေခဲတိုက်၌ မည်သူမည်ဝါ၏ အလောင်းဖြစ်ကြောင်း စစ်ဆေး အတည်ပြုပြီးနောက် ဆိုင်ရာအခေါင်းများအတွင်းထည့်ကာ သက်ဆိုင်ရာ ဆွေမျိုးသားချင်းများ အလောင်းကို ပြန်လည်ပေးပို့သည်ဟုဆိုသည်။

ကြာသပတေးနေ့က ဖော်လူဂျာမြို့အနီး ပစ်ချခံရသဖြင့် ပျက်ကျခဲ့ရသော ကြည်းတပ်၏ ဘလက်ဟော့ခ်ရဟတ်ယာဉ်ဖြင့်လိုက်ပါလာသူ အမေရိကန် စစ်သည်ကိုးဦးစလုံး သေဆုံးခဲ့ရသည်။ ထိုတပ်ဖွဲ့ဝင်များ၏ ရုပ်အလောင်းများမှာ ယခုသီတင်းပတ်အကုန်တွင် ဒိုဗာလေတပ်စခန်း လေဆိပ်သို့ရောက်ရှိလာမည်ဟု မျှော်လင့်ရကြောင်း သိရသည်။

ထိုအလောင်းများပါ ထည့်ပေါင်းလျှင် အီရတ်တွင် ခုခံမှုများနှင့်ကြုံရသည့်အတွက် သေဆုံးရသော အမေရိကန်တပ်ဖွဲ့ဝင် ဦးရေသည် ၅၀၀ကျော်သွားမည်ဟု အရန်လေတပ်မှ ဒုတိယဗိုလ်မှူးကြီး ကာရင်ဂေးလ်က ပြောကြားသည်။

(အင်တာနက်)

ကျူးကျော်တပ်ဖွဲ့များပစ်ခတ် အီရတ်ခုနစ်ဦးဒဏ်ရာရ

ရာမာဒီ ဇန်နဝါရီ ၁၃

ရာမာဒီမြို့တွင် အီရတ်အရပ်သားများက စစ်ယာဉ်တန်းအား တိုက်ခိုက်ကြသည်ကို တုံ့ပြန်သောအားဖြင့် ယူကရိန်းတပ်ဖွဲ့ဝင်များက ပစ်ခတ်ခဲ့ရာ အရပ်သားခုနစ်ဦး ဒဏ်ရာရရှိသွားသည်ဟု မြို့ခံများက ပြောကြားကြသည်။ ရာမာဒီမြို့သည် ကျူးကျော်မှု ဆန့်ကျင်ရေး ပြင်းထန်သော မြို့တစ်မြို့ဖြစ်သည်။

စစ်ယာဉ်တစ်စီးကို လမ်းပေါ်တွင် ထောင်ထားသော ဗုံးပေါက်ကွဲ ထိမှန်ခဲ့ပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင်များက ပရမ်းပတာ ပစ်ခတ်ခဲ့ကြသည့်အပြင် အိမ်များအတွင်းသို့လည်း ဝင်ရောက်စီးနင်းခဲ့ကြသည်ဟုဆိုသည်။

လူအုပ်ကြီးသည် တပ်ဖွဲ့များရှိရာသို့ တိုး၍လာသောအခါ ယူကရိန်းတပ်ဖွဲ့ဝင်များက သတိပေးပစ်ခတ်ခဲ့ခြင်းသာဖြစ်သည်။ အထိအခိုက်သတင်း မရရှိကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ရာမာဒီမြို့သည်ဘဂ္ဂဒက်၏ အနောက်ဘက်အရပ်တွင် တည်ရှိပြီး အမေရိကန်ယာဉ်တန်းများ မကြာခဏ တိုက်ခိုက်ခံနေရသဖြင့် တပ်ဖွဲ့ဝင်များက မကြာခဏ ခုခံရေးသမားများရှိသည် အထင်ဖြင့် အိမ်များကို ဝင်ရောက်စီးနင်းလေ့ရှိသော မြို့ဖြစ်ကြောင်းသိရသည်။

(အင်တာနက်)

ဆက်ဒမ်ဟူစိန်အား စစ်သုံ့ပန်းအဖြစ်သတ်မှတ်မှု အီရတ်ပြည်သူများအကြား အမြင်အမျိုးမျိုးရှိ

ဘဂ္ဂဒက် ဇန်နဝါရီ ၁၄

အမေရိကန်စစ်ဌာနချုပ်က အီရတ်သမ္မတဟောင်း ဆက်ဒမ်ဟူစိန်အား စစ်သုံ့ပန်းအဖြစ်သတ်မှတ်သဘောထားရန် ဆုံးဖြတ်ကြောင်း ကြေညာလိုက်ပြီးနောက် အီရတ်တွင် ယမန်နေ့က ပြည်သူများအကြား အမြင်အမျိုးမျိုး ပိုမိုရှုပ်ထွေးကုန်သည်။

ဂျီနီဗာသဘောတူညီချက်အရ စစ်သုံ့ပန်းများမှာ သိမ်းပိုက်သည့်နိုင်ငံက ထူထောင်သည့် စစ်ခုံရုံးတွင် စစ်ဆေးခံခွင့်ရှိသည်။

ဆက်ဒမ်ဟူစိန်အား စစ်သုံ့ပန်းအဖြစ်သတ်မှတ်ကြောင်း အမေရိကန်၏ သောကြာနေ့ကကြေညာချက်မှာ အီရတ်ပြည်သူများအတွက် အရေးပါသည့်အကြောင်းအရာတစ်ရပ် ဖြစ်သည်။

ထိုကိစ္စနှင့်စပ်လျဉ်း၍ အချို့သော အီရတ်ပြည်သူများက စိတ်သောကရောက်လျက်ရှိကြသည်။ တစ်ချိန်တည်းမှာပင် ဆက်ဒမ်ဟူစိန်မှာ စစ်ရှုံးအဖမ်းခံရသော်လည်း ခေါင်းဆောင်တစ်ဦးအဖြစ် ရှိနေသေးသည်ဟု ရှုမြင်သူ အီရတ်များလည်းရှိနေသည်။

(အင်တာနက်)

အမေရိကန်နှင့် အပေါင်းပါတပ်များ အီရတ်ရဲများကို ဗုံးရှာဖွေရာတွင် အသုံးချ

ဘဂ္ဂဒက် ဇန်နဝါရီ ၁၃

အီရတ်နိုင်ငံရှိ အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်များကို အီရတ်ခုခံတိုက်ခိုက်သူများ အသုံးပြုတိုက်ခိုက်နေသည့်ဗုံးများ၊ ဖောက်ခွဲရေးပစ္စည်းများကို လိုက်လံရှာဖွေရှင်းလင်းနိုင်ရေးအတွက် အီရတ်ရဲတပ်ဖွဲ့ဝင်များပါဝင်သော သည်ဟော့ခ်အဖွဲ့ကို ဖွဲ့စည်းကာ ဆောင်ရွက်လျက်ရှိရာ နိုင်ငံတစ်ဝန်း ဗုံးဖောက်ခွဲတိုက်ခိုက်မှု များပြားနေခြင်းနှင့်အတူ ၎င်းတပ်ဖွဲ့မှ အီရတ်ရဲတပ်ဖွဲ့ဝင်များပါ ဗုံးရှာဖွေရှင်းလင်းရင်း ဗုံးထိမှန်ဒဏ်ရာရမှုများ ရင်ဆိုင်ကြုံတွေ့နေကြသည်။

ဘဂ္ဂဒက်မြို့မှ ၎င်းအဖွဲ့ဝင်အသက် ၂၃ နှစ်အရွယ်ရှိ ဆာလေဟာမက်ဆိုသူအီရတ်ရဲအရာရှိတစ်ဦးသည် ပြီးခဲ့သည့် နှစ်သစ်ကူးရက်များအတွင်း ဗုံးဖယ်ရှားပေးနေစဉ် ပေါက်ကွဲမှုဖြစ်ပွားပြီး ညာဘက်လက်ကောက်ဝတ်ပြတ်ကာ ဒဏ်ရာရရှိသွားသဖြင့် ဆေးရုံတက်ကာ ဆေးကုသမှုခံယူနေရကြောင်း သိရသည်။ ယခုကဲ့သို့ ဒဏ်ရာရရှိခြင်းသည် အီရတ်ရဲတပ်ဖွဲ့ဝင်များ၏အန္တရာယ်ကြီးမားပုံကို ပြနေကြောင်း၊ ဗုံးများကိုရှာဖွေ ရှင်း လင်းရန် ခေတ်မီပစ္စည်းကိရိယာ ၎င်းတို့၌မရှိဘဲ နေ့စဉ်ပျမ်းမျှဗုံး ခြောက်လုံးကို ရှင်းလင်းဖယ်ရှားနေရကြောင်း၊ အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့များကလည်း ၎င်းတို့အား အထူးကူညီထောက်ပံ့မှု မပေးကြောင်းသည် ဟော့ခ်အဖွဲ့က အပြစ်တင်ပြောကြားလျက် ရှိသည်။

(စီအင်န်အင်န်)

ဟောလီဝုဒ်ရုပ်ရှင်ဇာတ်ကား ဘောဂျင်းတွင်စတင်ပြသ

ဘေဂျင်း ဇန်နဝါရီ ၁၄

ဘေဂျင်းမြို့တော်၌ တနင်္ဂနွေနေ့က ယခုနှစ်တွင်နှင်းများစတင်ကျရောက်စဉ် ဘေဂျင်းရုပ်ရှင်ရုံ၌ "သည်ရန်းဒေါင်း"အမည်ရှိ ဟောလီဝုဒ်ရုပ်ရှင်ကားကို ပြသခဲ့ရာ ယခုနှစ်တွင် တရုတ်ပြည်က ပထမဆုံးတင်သွင်းပြသသည့် ရုပ်ရှင်အဖြစ် ဝင်ငွေများစွာရရှိသော ရုပ်ရှင်ကားဖြစ်ခဲ့သည်။

"သည်ရန်းဒေါင်း" ရုပ်ရှင်ကားကို ဇန်နဝါရီ ၁၄ ရက်က စတင်၍ ဘေဂျင်းတွင် ပြသလျက်ရှိသည်။ အဆိုပါရုပ်ရှင်ကားကို ပြည်တွင်းဖြန့်ချိရေးကုမ္ပဏီ ၂၀၀ ကျော်က ပြသရန်ကြိုတင်စာရင်းပေးထားပြီးဖြစ်ရာ လွန်ခဲ့သည့်နှစ်က လူကြိုက်များခဲ့သည့် "သည်မက်ထရစ်-၂" ရုပ်ရှင်ကားထက် သာလွန်သွားကြောင်း တရုတ်ရုပ်ရှင်ပြပွဲဆိုင်ရာနှင့် ဖြန့်ချိရေးကော်ပိုရေးရှင်း တွဲဖက်အထွေထွေမန်နေဂျာ ဝင်လီကပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အီရတ်နိုင်ငံ ဆာမာရာမြို့၌ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ပြောက်ကျားတို့ တိုက်ပွဲဖြစ်ပွားပြီးနောက် ပျက်စီးသွားသော မော်တော်ယာဉ်တစ်စီးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘာလက်မြို့၌ အမေရိကန်တပ်များ၏ လုပ်ဆောင်မှု ဒေသခံများ၏ မကျေနပ်မှုများကို ပိုမိုဖြစ်ပေါ်စေ

ဘဂ္ဂဒက် ဇန်နဝါရီ ၁၄

ဘဂ္ဂဒက်မြောက်ဘက် ကီလိုမီတာ ၈၀ အကွာရှိ ဘာလက်မြို့တွင် အမေရိကန်တပ်များ၏ လုပ်ဆောင်မှုကြောင့် ဒေသခံများ၏ မကျေနပ်မှုများ ပေါ်ထွက်လာသည်။

အမေရိကန်တပ်များသည် အားပြည့်တပ်ဖွဲ့ဖြင့် အစားထိုးမည်ဖြစ်ရာ တနင်္လာနေ့ ည ၆ နာရီမှ အင်္ဂါနေ့ နံနက် ၆ နာရီထိ ဘာလက်မြို့၌ ညမထွက်ရ အမိန့်ထုတ်ပြန်ခဲ့ကြောင်း ဒေသခံများက အင်္ဂါနေ့၌ ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ထိုသို့ ညမထွက်ရအမိန့် ထုတ်ပြန်ကြောင်းကို အမေရိကန်စစ်ယာဉ်များက အာရေဗျဘာသာစကားဖြင့် အသံချဲ့စက်မှနေ၍ လူထုကိုအသိပေးခဲ့သည်ဟု ဆာအက်ဒ် အဗ္ဗဒူအေမီယာက ပြောကြားသည်။

ညမထွက်ရ အမိန့်ပြဋ္ဌာန်းသဖြင့် ပြည်သူများ၏ မကျေနပ်မှုများ တိုးလာစေပြီး သိမ်းပိုက်တပ်များနှင့် ပြည်သူများကြား ပို၍ကွာဟမှု ရှိလာမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

လက်ရှိတပ်များနေရာတွင် အစားထိုးမည့် အမေရိကန်တပ်ဖွဲ့သစ်များ ရောက်လာရန်ရှိခြင်းကြောင့် ညမထွက်ရ အမိန့်ထုတ်ပြန်ခြင်းဖြစ်ကြောင်း အီရတ်ရဲအဖွဲ့ သတင်းရပ်ကွက်တစ်ခုက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဇန်နဝါရီ ၁၄ ရက်က ဖော်လူဂျာမြို့အနီးတစ်ဝိုက် နေအိမ်များအတွင်း အမေရိကန်တပ်ဖွဲ့ဝင်များက စီးနင်းရှာဖွေမှုတစ်ရပ် ပြုလုပ်ရာ အိမ်တစ်အိမ်အတွင်း အမေရိကန်တပ်ဖွဲ့ဝင်များ၏ စစ်ဆေးမေးမြန်းခြင်း ခံနေရသော အီရတ်တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်တို့ အီရတ်ကို ကျူးကျော်စစ်ဆင်နွှဲမှု အီရတ်ပြည်သူအများအပြား အိုးအိမ်မဲ့ဘဝရောက်ရှိခဲ့ကြရ

ဘဂ္ဂဒက် ဇန်နဝါရီ ၁၄

အမေရိကန်ဦးဆောင်သည့်တပ်များ အီရတ်ကို ကျူးကျော်စစ်ဆင်နွှဲခဲ့သည့်အတွက် အီရတ်ပြည်သူအများအပြား အိုးမဲ့အိမ်မဲ့ဘဝရောက်ရှိကြသည့်အထဲမှ အသက် ၂၂ နှစ်ရှိ အင်နာဖာဒယ်နှင့် သူမ၏ခင်ပွန်း မိသားစုဝင် ကိုးဦးတို့သည် ဘဂ္ဂဒက်မြို့အနောက်ပိုင်းရှိ အဆောက်အအုံပျက်ထဲတွင် လောလောဆယ် ခိုလှုံနေထိုင်လျက်ရှိသည်။

ဘဂ္ဂဒက်မြို့တော်အသိမ်းခံရပြီးနောက် ဆိုးဆိုးရွားရွားပျက်စီးနေသော သုံးထပ်အဆောက်အအုံမှ အခန်းလွတ်များအတွင်းသို့ သူတို့ပြောင်းရွှေ့နေထိုင်ကြခြင်း ဖြစ်သည်။

နှင်ထုတ်ခဲ့

သူတို့ကိုယ်တိုင်မှာလည်း အီရတ်စစ်ပွဲ၏ သားကောင်များဖြစ်ကြရသည်။ အင်နာဖာဒယ်နှင့် မိသားစုမှာ အိမ်ငှားဖြင့် နေထိုင်ခဲ့ကြရာမှ စစ်အတွင်း အိမ်ရှင်က အခြားနိုင်ငံသို့ ထွက်မပြေးမီ သူပိုင်အိမ်ကိုရောင်းချလိုက်သဖြင့် ပိုင်ရှင်သစ်က ၎င်းတို့မိသားစုကို နှင်ထုတ်ခဲ့သည်။ စစ်ဖြစ်နေစဉ် အလုပ်လည်းရှာမရ၊ အိမ်လခလည်း ပေးစရာမရှိသည့်အဆုံး သူတို့မိသားစုသည် ထိုအဆောက်အအုံပျက်သို့ ရောက်ရှိလာခဲ့ကြသည်။

ပိုမိုဆင်းရဲ

ဆက်ဒမ်ဟူစိန် အစိုးရမရှိတော့သည့်နောက်ပိုင်း သန်းပေါင်းများစွာသော အီရတ်ပြည်သူများ အလုပ်မဲ့ကုန်သည်။ အုပ်ချုပ်ရေးအဖွဲ့သစ်နှင့် ပူးပေါင်းဆောင်ရွက်သူအချို့သာ အလုပ်ရသော်လည်း ဆင်းရဲသား အီရတ်ပြည်သူတို့မှာ ပိုမိုဆင်းရဲလာကြသည်။ အီရတ်တွင် အလုပ်လက်မဲ့နှုန်းမှာ ၅၀ ရာခိုင်နှုန်းအထိရှိကြောင်း ကုလသမဂ္ဂ၏ စာရင်းဇယားများအရ သိရသည်။ **(အင်တာနက်)**

အီရတ်၌သေဆုံးသူ ကန်တပ်ဖွဲ့ဝင် ၄၉၆ ဦးရှိပြီ

ဝါရှင်တန် ဇန်နဝါရီ ၁၅

အီရတ်၌ စစ်ပွဲစသည်မှ ဇန်နဝါရီ ၁၄ ရက် ဗုဒ္ဓဟူးနေ့ရောက်ချိန်တွင် အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၄၉၆ ဦးရှိသည်။ ၃၄၃ ဦးမှာ တိုက်ပွဲ၌သေဆုံးပြီး ၁၅၃ ဦးမှာ တိုက်ပွဲ၌မဟုတ်ဘဲ သေဆုံးသည်။

မေ ၁ ရက်မှစပြီး အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၃၅၈ ဦးဖြစ်သည်။ ၂၂၈ ဦးမှာ တိုက်ပွဲ၌ သေဆုံးပြီး ၁၃၀ မှာ တိုက်ပွဲ၌ မဟုတ်ဘဲ သေဆုံးသည်။

စစ်ပွဲစသည်မှ တိုက်ပွဲ၌ဒဏ်ရာရသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၂၄၉၀ ဖြစ်ပြီး တိုက်ပွဲမဟုတ်ဘဲ ဒဏ်ရာရသူဦးရေမှာ ၃၉၄ ဦး ဖြစ်သည်။

(အင်တာနက်)

အပြစ်မဲ့အရပ်သားများကို ကန်တပ်ဖွဲ့ဝင်များဖမ်းဆီးနေ

ဘဂ္ဂဒက် ဇန်နဝါရီ ၁၄

အီရတ်နိုင်ငံတစ်ဝန်းတွင် အပြစ်မဲ့ အရပ်သားများကို အမေရိကန်တပ်ဖွဲ့ဝင်များက ဖမ်းဆီးလျက်ရှိသည်။

အီရတ်နိုင်ငံ အလယ်ပိုင်းရှိ ဆာမာရာမြို့၌ အမေရိကန်တပ်ဖွဲ့ဝင်များက လူနေအိမ်နှစ်အိမ်ကို ယနေ့နံနက်စောစောပိုင်းတွင် ဝင်ရောက်စီးနင်းရှာဖွေပြီး အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်များအား ခုခံတော်လှန်တိုက်ခိုက်နေသူများကို ဦးဆောင်ညွှန်ကြားနေသူဟု အမေရိကန်တို့က သံသယရှိသူတစ်ဦး၏ တူနှစ်ဦးကို ဖမ်းဆီး ခေါ်ဆောင်သွားခဲ့ကြသည်။

၎င်းတို့နှစ်ဦးသည် ယခင် အီရတ်ဝန်ကြီးချုပ် အစ်ဇာအီဘရာဟင်အယ်ဒူရီကို ဂုဏ်ထားသည်ဟု အမေရိကန်တို့က သံသယဖြစ်လျက်ရှိသည်။

အယ်ဒူရီသည် ဆက်ဒမ်ဟူစိန်၏ ယခင်က ထိပ်တန်း လက်ထောက်တစ်ဦးဖြစ်ကြောင်း၊ အယ်ဒူရီ၏ ဇနီးနှင့် သမီးတို့ကို အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့ဝင်များက လွန်ခဲ့သော သီတင်းပတ် ခြောက်ပတ်ကတည်းက ဖမ်းဆီးထိန်းသိမ်းထားကြောင်း သိရသည်။ **(စီအင်န်အင်န်)**

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ဇန်နဝါရီ ၁၄ ရက်က အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပရာ ဘော်လ်တန်အသင်းနှင့် ထရင်မီရီအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

(ယင်းပွဲတွင် ထရင်မီရီအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။)

(ဓာတ်ပုံ-အင်တာနက်)

အာဆီယံနိုင်ငံ စီးပွားရေးဝန်ကြီးများ အင်ဒိုနီးရှား၌ အလွတ်သဘောဆွေးနွေးမည်

ဂျကာတာ ဇန်နဝါရီ ၁၄

အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)၏ စီးပွားရေးဝန်ကြီးများသည် အင်ဒိုနီးရှားနိုင်ငံ ယို့ဂျကာတာ၌ ဇန်နဝါရီ ၁၉ ရက်နှင့် ၂၀ ရက်တွင် ဒေသတွင်း စီးပွားရေးပူးပေါင်းမှုနှင့် အခြားအကြောင်းအရာများကို အလွတ်သဘောဆွေးနွေးကြမည် ဖြစ်သည်။

ယင်းအလွတ်သဘောအစည်းအဝေးသည် ဂျကာတာ၌ စက်တင်ဘာလတွင် ကျင်းပမည့် တရားဝင်အစည်းအဝေးအတွက် ပြင်ဆင်မည်ဖြစ်ကြောင်း စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန နိုင်ငံတကာဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ညွှန်ကြားရေးမှူးချုပ်က ပြောကြားကြောင်း ဂျကာတာပို့စ်သတင်းစာတွင် ဗုဒ္ဓဟူးနေ့က ဖော်ပြသည်။

ပထမဦးစွာ အာဆီယံအတွင်း အထူးသဖြင့် အာဆီယံကုန်သွယ်မှုအတွင်း မြန်မြန်ထက်ထက်ပေါင်းစည်းလိုကြောင်း၊ ဒုတိယအနေဖြင့် အာဆီယံ၏ စီးပွားရေးကို တရုတ်၊ ဂျပန်၊ တောင်ကိုရီးယားနှင့် အိန္ဒိယကဲ့သို့ အခြားနိုင်ငံများနှင့် ပေါင်းစည်းလိုကြောင်း ၎င်းက ပြောဆိုသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဂြိုဟ်တုအသေးစားများ တရုတ်ထုတ်လုပ်မည်

ဘေဂျင်း ဇန်နဝါရီ ၁၄

တရုတ်နိုင်ငံသည် ဂြိုဟ်တုအသေးစားများထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနပြုရန် ရည်ရွယ်ထားကြောင်း နိုင်ငံတော်နက္ခဗေဒသိပ္ပံအုပ်စုက ပြောကြားသည်။ ကုန်ကျစရိတ်သက်သာစွာဖြင့် ခိုင်ခံ့သော ဂြိုဟ်တုအငယ်စားများတည်ဆောက်ကာ သဘာဝဘေးဒဏ်ကျရောက်ရာနေရာများကို လေ့လာခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများ စောင့်ကြည့်ခြင်းနှင့် နက္ခတ္တဗေဒလေ့လာရေးလုပ်ငန်းများမှာ အသုံးပြုမည် ဖြစ်သည်။ ၎င်းဂြိုဟ်တုများသည် စရိတ်စကသက်သာခြင်း၊ ဂြိုဟ်တုအကြီးစားများထက် သက်တမ်းရှည်ကြာခြင်းနှင့် အလိုရှိသော ဂြိုဟ်ပတ်လမ်းအတွင်း အလွယ်တကူစေလွှတ်နိုင်ပြီး မြေပြင်ထိန်းချုပ်ရေးစခန်းမှ လိုအပ်သလို ထိန်းညှိနိုင်ခြင်းစသည့် အကျိုးအမြတ်များရှိသည်။ **(စီစီတီဗွီ)**

● နိုင်ငံတော်မှ

ယာဉ်သွားလမ်း အကျယ်မှာ ၂၈ပေ၊လူသွားလမ်းအကျယ်မှာ တစ်ဖက်ခြောက်ပေစီရှိပြီး တန်ချိန် ၆၀ အထိ ခွင့်ပြုတံတားအမျိုးအစား တံတားဖြစ်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အစိုးရကွန်ပျူတာ ကောလိပ်(မြိတ်မြို့)သို့ ရောက်ရှိကြရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြဇင်နှင့် ဆရာ ဆရာမများက ကြိုဆိုကြသည်။

တနင်္သာရီတိုင်း မြိတ်မြို့ စန္ဒဝတီ ကုန်းတော်ပေါ်၌ တည်ဆောက်နေသော မဟာသိဒ္ဓိဇယ စေတီတော်ကို ဖူးတွေ့ရစဉ်။
(သတင်းစဉ်)

စက်မှုစွမ်းအား ခေတ်ကျော်လွှား



ထို့နောက် ကျောင်းအုပ် ဆရာမကြီး ဒေါ်မြမြဇင်က သင်ကြားစီမံကိန်းရပ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က ပင်မဆောင် တည်ဆောက်ရေးနှင့် ကျောင်းသား ကျောင်းသူများ နားနေဆောင် တည်ဆောက်ပေးရန် စီစဉ်ဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မြိတ်မြို့ စန္ဒဝတီကုန်းတော်ရှိ မဟာသိဒ္ဓိဇယစေတီတော် တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး ရှေးဦးစွာ စေတီတော် တည်ဆောက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဖူးမြော်ကြည်ညို

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စေတီတော်ဂန္ဓကုဋိတိုက်ရှိ ဗုဒ္ဓရုပ်ပွားတော်နှင့် စေတီတော်၌ တင်လှူပူဇော်မည့် ထီးတော်ကြီးနှင့် အရံစေတီတော်များကို ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာမှူးကြီး ဦးဘဝမ်းက မဟာသိဒ္ဓိဇယစေတီတော် တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က စေတီတော်တင့်တယ်သပ္ပာယ်ရေး၊ အရှည်တည်တံ့ခိုင်ခံ့ရေး၊ မြန်မာမှုထည့်သွင်းရေးအတွက် လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ မြိတ်မြို့ မဟာသိဒ္ဓိဇယစေတီတော်အတွက်ဝန်ကြီးချုပ်၏ ခရီးစဉ်တွင်လိုက်ပါလာကြသော ဝန်ကြီးဌာနအသီးသီးမှဝန်ကြီးများ၏ စုပေါင်းလှူဒါန်းငွေကျပ် ၂၅ သိန်း၊ ဇေကမ္ဘာကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ငွေကျပ်သိန်း၃၀၀၊ ယုဇနကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဋ္ဌေးမြင့်က ငွေကျပ်သိန်း ၁၀၀၊ ပြည့်ဖြိုးထွန်းကုမ္ပဏီက ငွေကျပ် ၆၃ သိန်း၊ အပြည်ပြည်ဆိုင်ရာရေလုပ်ငန်း (တနင်္သာရီ)လီမိတက်က ငွေကျပ် ၆၃ သိန်း၊ ထူးထူးတိုးရေလုပ်ငန်းကုမ္ပဏီက ငွေကျပ် ၆၃ သိန်း၊ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်သိန်း၅၀၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်က ငွေကျပ်သိန်း ၅၀၊ မွန်ငြိမ်းချမ်းရေးအဖွဲ့က ငွေကျပ် ၃၆ သိန်း၊ မြိတ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်သိန်း ၂၀၊ ကော့သောင်းခရိုင်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်သိန်း ၂၀၊ ထားဝယ်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်သိန်း ၂၀၊ အဆောင်ကောင်းရေလုပ်ငန်းကုမ္ပဏီက ငွေကျပ် ၁၀ သိန်း၊ မိုးကောင်း ဆီအုန်းကုမ္ပဏီက ငွေကျပ် ၁၀သိန်း၊ ဦးစိုင်းကျော်(Paradise Hotel)ကငွေကျပ်နှစ်သိန်း၊ ဦးအင်ဟုန်က ငွေကျပ် ၃၅၀၀၀၀၊ ဦးစောဂျက် (အဏ္ဏဝါစိုးကုမ္ပဏီ)က ငွေကျပ် ၃၆ သိန်း၊ သီတာရေလုပ်ငန်းကုမ္ပဏီက ငွေကျပ် ၁၀၅၀၀၀၀၊ ဗင့်တော့ကုမ္ပဏီနှင့် ဆန်းမစ်ကုမ္ပဏီတို့က ငွေကျပ် ၆၃ သိန်း၊ ဦးမောင်ဝင်း(ကန်ဖျား)က ငွေကျပ် ၃၅၀၀၀၀၊ ဒေါက်တာစိုးဝင်း က ငွေကျပ်ငါးသိန်း၊ တက်နေကုမ္ပဏီက ငွေကျပ် ၃၆သိန်း၊ ဦးခင်ဇော် (Tour Mandalay)က ငွေကျပ် ငါးသိန်း အပါအဝင် အလှူရှင်များက ငွေကျပ် ၁၀၂၅ သိန်းကို ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက လက်ခံပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မြိတ်တက္ကသိုလ်သို့ ရောက်ရှိကြရာ ဒုတိယပါမောက္ခချုပ် ဦးခင်မောင်ချို၊ ပါမောက္ခ၊ဌာနမှူးများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ လက်ထောက်ကထိကများနှင့် ဆရာ၊ ဆရာမများကကြိုဆိုကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အဖွဲ့ဝင်များ ဇန်နဝါရီ ၁၃ ရက်က တနင်္သာရီတိုင်းကျွန်းစုမြို့နယ် သန္တာ့ဂုတ်ကျေးရွာအုပ်စုဒေါင်းကူးမော် ကဏန်းမွေးမြူရေးစခန်း၌ ကဏန်းမွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစဉ်။
(သတင်းစဉ်)

စာသင်ဆောင်

တနင်္သာရီတိုင်း မြိတ်မြို့ရှိ အစိုးရ ကွန်ပျူတာ ကောလိပ် (မြိတ်မြို့) စာသင်ဆောင်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြ

ထို့နောက် မြိတ်တက္ကသိုလ် အစည်းအဝေးခန်းမ၌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်က မြိတ်တက္ကသိုလ်၏နောက်ခံသမိုင်း၊ ဖွင့်လှစ်ထားသောသင်တန်းများ၊ သင်ကြားပို့ချလျက်ရှိသော အထူးပြုဘာသာရပ်များ၊ ကျောင်းသားဦးရေ၊ ကွန်ပျူတာ ၈၄လုံးအသုံးပြုသင်ကြားလျက်ရှိသော IT Centre Rooms များ၊ ဝန်ထမ်းဖွဲ့စည်းပုံနှင့် ခန့်ထားပြီးအင်အား၊ တည်ဆောက်ရေးများအခြေအနေတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာမှူးဦးကျော်မြင့်က တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဘွဲ့နှင်းသဘင်ခန်းမပါသော ပင်မဆောင်တည်ဆောက်ရေးအတွက် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မြိတ်တက္ကသိုလ် အဏ္ဏဝါသိပ္ပံ လက်တွေ့ခန်း၌ ခင်းကျင်းပြသထားသော ဘာသာရပ်ဆိုင်ရာ စာအုပ်စာတမ်းများကိုကြည့်ရှုပြီး အဏ္ဏဝါသိပ္ပံဘာသာရပ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရမည့်လုပ်ငန်းများနှင့်ပတ်သက်၍ မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မြိတ်မြို့ ခုတင်(၂၀၀)ဆံ့အ ထွေထွေရောဂါကုဆေးရုံသစ်ကြီး (မြိတ်မြို့)သို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာထွန်းလွင်နှင့် အထူးကု ဆရာဝန်ကြီးများ၊ ဆရာဝန်၊ ဆရာမများက ကြိုဆိုကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ▼

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့



အပြည်ပြည်ဆိုင်ရာ ငါးဈေးကြီး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ ဇန်နဝါရီ ၁၃ ရက်က တနင်္သာရီတိုင်း မြိတ်မြို့ရှိ အပြည်ပြည်ဆိုင်ရာ ငါးဈေးကြီးတွင် ပုဂ္ဂလိကကုမ္ပဏီများ၏ လုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

▼ *စာမျက်နှာ ၇ မှ*

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် သွားနှင့်ခံတွင်းရောဂါကုဌာန၊ ခွဲစိတ်ခန်း၊ အထူးကြပ်မတ် ကုသလူနာခန်း၊ ဇီဝဓာတုဗေဒခန်း၊ ဓာတ်မှန်ခန်းများ၊ တီဗွီဓာတ်မှန်ခန်းနှင့် လူနာဆောင်များကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပင်မခွဲစိတ်ကုသဆောင်တည်ဆောက်ရန်နေရာရွေးချယ်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဆေးရုံခန်းမ၌ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် ဆေးရုံအုပ်ကြီး ဒေါက်တာဌေးလွင်တို့က ကုသရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကိုမှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မြိတ်မြို့ ကျက်သရေဆောင် လေးကျွန်းဆီမီးစေတီတော်သို့ ရောက်ရှိကြပြီး ရှေးဦးစွာသမုတ်သိမ်၌ ဗုဒ္ဓရုပ်ပွားတော်မြတ်ကို ပူဇော်ကန်တော့ကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင် အတွက်နှမ်းစပါး၂၀၁၀၀ဧကအပြင်ယာစပါးမျိုးဧက ၃၃၀၀၀ စမ်းသပ် စိုက်ပျိုးရေးကိုပါ စည်းရုံးဆောင်ရွက်လျက်ရှိကြောင်း၊ နှမ်းစပါးလျာထားချက်ပြည့်မီစွာ စိုက်ပျိုးနိုင်ရေးအတွက်အောင်ရေရရှိရေး၊ ယာစပါးလျာထားချက်ပြည့်မီစွာ စိုက်ပျိုးမှု၊ ဆောင်းသီးနှံများလျာထားချက်အတိုင်းစိုက်ပျိုးမှု၊ ဆီအုန်း၊ ရော်ဘာ၊ ငရုတ်ကောင်းစိုက်ပျိုးမှုနှင့် ယခုနှစ်အတွက်ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြပ်မတ်ဆောင်ရွက်စေလျက်ရှိကြောင်း။

ငရုတ်ကောင်းကိုလည်း ဧက၂၆၀၀၀စိုက်ပျိုးရန်စီမံချက်ဖြင့်ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ ဧက၆၈၈၀ စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း၊ လာမည့်နှစ်တွင် ဧက ၈၃၀၀ စိုက်ပျိုးရန်လျာထားရာ ပြည့်မီစွာစိုက်ပျိုးနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း။

ဆီအုန်းဧက ငါးသိန်းပြည့်မီစွာ စိုက်ပျိုးနိုင်ရေးလျာထားချက်အပေါ် ယနေ့အထိ ဆီအုန်းဧက ၁၁၁၀၈၆ စိုက်ပျိုးပြီးဖြစ်၍ လာမည့်နှစ်များတွင် ဆီအုန်းကုမ္ပဏီများအပြင် လူတစ်ကိုယ်ဆီအုန်းတစ်ပင်စိုက်ပျိုးရေး၊ ကျေးရွာများတွင် တစ်အုပ်တစ်မစိုက်ခင်းများ တိုးချဲ့စိုက်ပျိုးရေး စည်းရုံး ဆောင်ရွက်လျက်ရှိကြောင်း၊ လာမည့် နှစ် ၂၀၀၄–၂၀၀၅ခုနှစ်တွင် ဆီအုန်း ၁၈၅၇၇ဧကစိုက်ပျိုးရန် လျာထားစီစဉ် ဆောင်ရွက်လျက်ရှိကြောင်း။

ဦးစီးဦးဆောင်ပြု အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အခြေအနေကို စစ်ဆေးကြည့်ရှုရင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးဆောင်ရွက်ဖွယ်များပံ့ပိုး ဆောင်ရွက်ပေးနိုင်ရန် လာရောက်ခဲ့ကြခြင်းဖြစ်ကြောင်း။

ယခုလ ၁၁ရက်တွင် ထားဝယ်ခရိုင်အတွင်း လှည့်လည်သွားရောက်ပြီး အနာဂတ်ကာလ မြန်မာနိုင်ငံတော်၏စီးပွားရေးတိုးတက်ဖြစ်ထွန်းမှုအတွက် များစွာအထောက်အကူပြုနိုင်မည့် ပင်လယ်ရေနက်ဆိပ်ကမ်း တည်ဆောက်နိုင်မည့် ဒေသသို့ သွားရောက်ပြီး အခြေအနေအရပ်ရပ် လေ့လာကြည့်ရှုခဲ့ကြောင်း။

ယင်းလုပ်ငန်းဆောင်ရွက်ရင်း ထားဝယ်ခရိုင်၏ လမ်းပန်းဆက်သွယ်မှုအခြေအနေ၊ ဒေသခံပြည်သူလူထု၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အခြေအနေများ၊ ဒေသ၏စိုက်ပျိုးရေး၊ ရေလုပ်ငန်းနှင့် အခြားစီးပွားရေး အခြေ အနေများကို လေ့လာသိရှိနိုင်ရန် မော်တော်ယာဉ်များဖြင့် သွားရောက်ပြီး လမ်းခရီးတစ်လျှောက်တွေ့ရှိချက်များအပေါ် လိုအပ်သည့် ပံ့ပိုးဖြည့်ဆည်းမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း။

အကယ်၍ ထားဝယ်ခရိုင်အတွင်း ပင်လယ်ရေနက်ဆိပ်ကမ်းတည်ဆောက်မည့် ရည်မှန်းချက် အကောင်အထည်ပေါ် ဖြစ်ထွန်းလာမည်ဆိုလျှင် အနောက်

တနင်္သာရီတိုင်း မြိတ်မြို့ရှိ ခုတင်(၂၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံသစ်ကြီး(မြိတ်မြို့)အဆောက်အအုံကို တွေ့ရစဉ်။ (သတင်းစဉ်)

များသည် လေးကျွန်းဆီမီးစေတီတော်ကို ပူဇော်ကြည်ညိုကြပြီး စေတီတော်အတွက် အလှူငွေများပေးအပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မြိတ်မြို့ အပြည်ပြည်ဆိုင်ရာငါးဈေးကြီးသို့သွားရောက်ကြပြီးပုဂ္ဂလိကကုမ္ပဏီများ၏ လုပ်ငန်းဆောင်ရွက်နေမှုကိုကြည့်ရှုကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မြိတ်မြို့ ပုလဲရတနာခန်းမ၌ တိုင်း၊ ခရိုင်၊မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံသည်။

ကြိုတင်ပြင်ဆင်

ရှေးဦးစွာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်ကတနင်္သာရီတိုင်းဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ရှင်းလင်းတင်ပြရာတွင် တနင်္သာရီတိုင်းတွင် ယမန်နှစ်ကဒေသဆန်ဖူလုံမှုမှာ၇၄ဒသမ၈၇ရာခိုင်နှုန်းဖူလုံခဲ့ပြီးယခုနှစ်တွင် ၈၆ ဒသမ ၂၅ရာခိုင်နှုန်းဖူလုံရန်မျှော်မှန်းထားကြောင်း၊ ယခုနှစ် ၂၀၀၃–၂၀၀၄ ခုနှစ်တွင် မိုးစပါးဧက ၂၈၃၆၄၀ ဧက စိုက်ပျိုးရန် လျာထားသည့်အနက် ၂၇၉၇၂၆ ဧကသာ စိုက်ပျိုးနိုင်ခဲ့သဖြင့် လျော့နည်းဧကများ ပြန်လည်ဖြည့်ဆည်းပေးနိုင်ရေး

ရော်ဘာဧက နှစ်သိန်းစိုက်ပျိုးရန် လျာထားရန်အပေါ် ယနေ့ထိ ၁၀၄၆၄၆ ဧက စိုက်ပျိုးပြီးစီးနေပြီ ဖြစ်ကြောင်း။

သားငါးထုတ်လုပ်မှုအနေဖြင့် ၂၀၀၃–၂၀၀၄ခုနှစ် ဒီဇင်ဘာလကုန်အထိ ငါး၊ပုစွန်စုစုပေါင်းကုန်ချိန် ၄၁၂၀၈ဒသမ ၉၃တန် ထုတ်လုပ်နိုင်ခဲ့ပြီး အမျိုးသားဝင်ငွေအမေရိကန် ဒေါ်လာ ၃၁ဒသမ ၁၉သန်း၊ Euroငွေ ၂ဒသမ ၅၈သန်း၊ နိုင်ငံတော်ဝင် ငွေအနေဖြင့် အမေရိကန်ဒေါ်လာ ၃ဒသမ၅၉သန်း၊ Euroငွေ၀ဒသမ၂၆ သန်းရရှိခဲ့ကြောင်း၊ မွေးမြူရေးနှင့်ပတ်သက်၍ အထူးစီမံကိန်းတစ်ရပ်အနေဖြင့် ပုစွန်ဧက၁၅၀၀၀ မွေးမြူ နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိ ကြောင်း၊ ကျောက်ငါး၊ ကပေါင်း (ကကတစ်)ငါးများကိုလည်း စမ်းသပ်မွေးမြူလျက်ရှိပြီး ငါးမှတ်သားပေါက် မွေးမြူနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ကြက်နှင့်ဝက်မွေးမြူသူများအတွက် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန အစီအစဉ်အရ မွေးမြူရေးဘဏ်ချေးငွေစနစ်ဖြင့် မွေးမြူစေလျက်ရှိကြောင်းဖြင့်ရှင်းလင်း တင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် မိမိနှင့်တကွ နိုင်ငံတော်တာဝန်ရှိ ပုဂ္ဂိုလ်များသည် ယခုလ ၁၁ရက်မှစတင်၍ တနင်္သာရီတိုင်း ထားဝယ်၊ ကော့သောင်းနှင့် မြိတ်ဒေသများအတွင်းလှည့်လည်သွားရောက်လျက် တနင်္သာရီတိုင်း ဒေသတစ်ခုလုံး ဘက်စုံကဏ္ဍစုံ၌ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော် အစိုးရက

ဥရောပနှင့် တောင်အာရှဒေသများမှ လာရောက်သည့် ကုန်တင်သင်္ဘောများမှ ကုန်စည်များသည် မြန်မာနိုင်ငံ ထားဝယ်ဒေသကို ဖြတ်သန်း၍ ထိုင်းနိုင်ငံသို့ ပို့ဆောင်နိုင်မည့် အခြေအနေဖြစ်ပေါ်လာမည်ဖြစ်ရာ မြန်မာနိုင်ငံအတွက်သာမက ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများအတွက်ပါ အကျိုးဖြစ်ထွန်းနိုင်မည့် အခြေအနေဖြစ်ကြောင်း။

နိုင်ငံတကာအဆင့်မီ

ထိုသို့ ပင်လယ်ရေနက်ဆိပ်ကမ်းနှင့်တကွ အိမ်နီးချင်းနိုင်ငံနှင့်ဆက်သွယ်မည့် လမ်းမကြီးတစ်ခုဖောက်လုပ်ရေးအတွက် မြန်မာနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို မိမိကိုယ်တိုင် မျက်မြင်သိရှိနိုင်ရန် လာရောက် လေ့လာခြင်းပင်ဖြစ်ကြောင်း။

ယင်းလုပ်ငန်းများနှင့်တစ်ဆက်တစ်စပ်တည်းထားဝယ်ခရိုင်လောင်းလုံမြို့နယ်အတွင်း စက်မှုဇုန်ကြီး တစ်ခုထူထောင်နိုင်မည့် အခြေအနေများနှင့် မောင်းမကန်ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းကို ကမ္ဘာလှည့် ခရီးသွားလုပ်ငန်း ဖြစ်ထွန်းရေးအတွက် နိုင်ငံတကာအဆင့်မီ မြှင့်တင်တည်ဆောက်နိုင်မည့် အစီအမံများကိုလည်း လေ့လာစိစစ်စီမံဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း။

စီးပွားကူးသန်း ရှေ့သို့လှမ်း

ယခုလ ၁၂ ရက်နေ့တွင် ကော့သောင်းမြို့သို့ ရောက်ရှိပြီး ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်များ ဖြည့်ဆည်းပေးခဲ့ပြီးနောက် ရေယာဉ်များဖြင့် လှည့်လည်၍ မြန်မာနိုင်ငံ တောင်ဘက်စွန်းပင်လယ်ပြင်အတွင်း ရေသယံဇာတများ ပေါများကြွယ်ဝမှု အခြေအနေ၊ မြိတ်ကျွန်းစုဒေသများအတွင်း သဘာဝအခြေခံ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတိုးတက်ဖြစ်ထွန်းရေးအတွက် မြှင့်တင်ဆောင်ရွက်နိုင်မည့် ဒေသများဖြစ်တည်နေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြောင်း၊ မကြုံဂလက်ကျွန်း၊ ဆလုံကျွန်းနှင့် ပုလဲကျွန်းတို့သို့ ဝင်ရောက်ခဲ့ပြီးနောက် မြိတ်မြို့သို့ ညပိုင်းတွင် ရောက်ရှိခဲ့ရာ ယနေ့ ၁၃ ရက်နေ့ နံနက်ပိုင်းတွင် မြိတ်ဒေသဖွံ့ဖြိုးတိုးတက်ရေးလိုအပ်ချက်များကို လှည့်လည်ကြည့်ရှု ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ယခုဒေသဆိုင်ရာ အာဏာပိုင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် တွေ့ဆုံရခြင်းဖြစ်ကြောင်း။

အထူးသဖြင့် တနင်္သာရီတိုင်း ဒေသအတွင်း သဘာဝအခြေခံကမ္ဘာလှည့်ခရီးသွားလုပ်ငန်းအောင်မြင်ဖြစ်ထွန်းနိုင်သော ညီညာပြန့်ပြူးသည့် သဲသောင်ကမ်းခြေဒေသများ၊ ရက္ခမျိုးကွဲ၊ဇီဝမျိုးကွဲစုံလင်ပြီးပင်ကို သဘာဝမပျက်ယွင်းသေးသည့် ကျွန်းစုများ၊ သန္တာကျောက်တန်းများ များစွာတည်ရှိနေရာ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတိုးမြှင့်ဆောင်ရွက်နိုင်ရေး အတွက် ပုဂ္ဂလိကကဏ္ဍကို တာဝန်ပေးအပ်ထားသည်နှင့်အညီ နိုင်ငံတော် အစိုးရဌာနများက လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။



ဖွံ့ဖြိုးတိုးတက်နေသော တနင်္သာရီတိုင်း မြိတ်မြို့အားတွေ့ရစဉ်။
(သတင်းစဉ်)

ယမန်နေ့ကပင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် နိုင်ငံတကာသို့ထုတ်ဖော်ပြသကြေညာနိုင်မည့် ဆလုံတိုင်းရင်းသားရိုးရာ ပွဲတော်ကျင်းပနိုင်ရေးစီစဉ်ဆောင်ရွက်နေမှုများကိုမိမိနှင့်အဖွဲ့ဝင်များသွားရောက်စစ်ဆေးကြည့်ရှုခဲ့ကြပြီးဖြစ်ကြောင်း။

ညှိနှိုင်းစီစဉ်ပေးခဲ့

ကမ္ဘာပေါ်တွင် ထူးခြားရှားပါးသည့် လှေပေါ်တွင်နေထိုင်ပြီး ရေလုပ်ငန်းကျွမ်းကျင်လှသည့် ဆလုံတိုင်းရင်းသားများကို စနစ်တကျအခြေချ နေထိုင်စေပြီး လူမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားရေး၊ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်စေရေးနှင့်လူမျိုးမပျက်သုဉ်းစေရေးတို့အတွက်ဆလုံဒေသတွင်းကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတိုးတက် ဖြစ်ထွန်းရေးအပါအဝင် ဆလုံတိုင်း ရင်းသားများ၏ လူမှုဘဝတိုးတက်မြင့်မားရေးအစီအမံများကို တိုင်းရင်းသားလုပ်ငန်းရှင်များနှင့်ဌာနဆိုင်ရာများ ပူးပေါင်းမြှင့်တင် ဆောင်ရွက်သွားနိုင်စေရန်ညှိနှိုင်း စီစဉ်ပေးခဲ့ပြီး ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် တနင်္သာရီတိုင်းတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကလိုအပ်ချက် ဖြစ်နေသော လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်စေရန်လည်း စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

လေညာမဏ္ဍိုင်တံတား၊ ကျွဲကူး–ကျောက်ဖျာတံတားများအပါအဝင် တံတားကြီးများဆောက်လုပ်ပေးခဲ့ပြီး ကော့သောင်း–မြိတ်–မော်လမြိုင်လမ်းမကြီးကိုဖောက်လုပ်ပေးခဲ့ရာ ယခုအခါတွင် မြန်မာနိုင်ငံတောင်ဘက်စွန်း ကော့သောင်းမြို့မှမြန်မာနိုင်ငံမြောက်ဘက်စွန်းပူတာအိုမြို့အထိ မော်တော်ကားလမ်းပေါက်သည်အထိ တိုးတက်ဖြစ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း။

စေတနာရှေ့ထား

ဤကဲ့သို့ နိုင်ငံတော်အစိုးရ အနေဖြင့်တနင်္သာရီတိုင်းတစ်ခုလုံး ဘက်စုံကဏ္ဍစုံမှာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အနာဂတ်ကာလတိုင် မျှော်မှန်းပြီး စနစ်တကျစီမံချမှတ်ဆောင်ရွက်ပေးနေသည့် အခြေအနေအချိန်အခါတွင် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များအားလုံးက အခြေခံဒေသ ကျေးလက်များအထိ ဆင်းပြီး နိုင်ငံတော်အစိုးရ၏ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများလူနေမှုဘဝအဆင့်အတန်းတိုးတက်မြင့်မားရေး အစီအမံ များအကောင်အထည်ပေါ်ဖြစ်ထွန်းလာစေရအောင် ကိုယ်ဖိရင်ဖိစေတနာ ရှေ့ထားအားထုတ်ကြိုးပမ်းဆောင်ရွက်သွားကြဖို့မှာကြားလိုကြောင်း။

ဌာနဆိုင်ရာတာဝန်ရှိသူများ အားလုံးက မိမိတို့တာဝန်ကျရာ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်လက်တွေ့ကျကျတက်ညီလက်ညီအကောင်အထည်ဖော်ဆောင်ရွက်ကြမည်ဆိုလျှင်မကြာမီသောကာလတွင်အမျိုးသားရေးမျှော်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်ကြီးပေါ်ထွန်းလာမှာ ဧကန်မလွဲပင်ဖြစ်ကြောင်း။

ပြည်ထောင်စုစိတ်ဓာတ်မွေးမြူ

အေးချမ်းသာယာပြီးခေတ်မီ ဖွံ့ဖြိုးတိုးတက်သောစည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးပီပြင်စွာဖြစ်ထွန်းလာစေရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်ကိုလည်းနိုင်ငံတော်အစိုးရက စနစ်တကျချမှတ်ပြီး စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ရာ လုပ်ငန်းများအောင်မြင်ဖြစ်ထွန်းရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ်များအပါအဝင် တိုင်းရင်းသား ပြည်သူများတစ်ရပ်လုံးက တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့မွေးမြူပြီး စည်းလုံးညီညွတ်တက်ကြွစွာပါဝင် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်း ပြောကြားပြီးအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ယုဇနကုမ္ပဏီ လီမိတက်ဥက္ကဋ္ဌဦးဌေးမြင့်က မြိတ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် ငွေကျပ်သိန်း ၅၀၀နှင့်ပုလဲကျွန်းအခြေခံပညာအထက်တန်းကျောင်း (ခွဲ)အတွက် ငွေကျပ်ငါးသိန်းတို့ကိုလည်းကောင်း၊ ပုလဲကျွန်းအခြေခံပညာအထက်တန်းကျောင်း(ခွဲ) အတွက် ဇေကမ္ဘာကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ငွေကျပ် ငါးသိန်း၊ အပြည်ပြည်ဆိုင်ရာရေလုပ်ငန်းကုမ္ပဏီမှဦးကျားမောင်က ငွေကျပ် ငါးသိန်းနှင့် Tour Mandalay Co.,Ltd. မန်နေဂျင်းဒါရိုက်တာ ဦးခင်ဇော်က ငွေကျပ်နှစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူးဗိုလ် မှူးချုပ်အုန်းမြင့်က လက်ခံပြီးအခမ်း အနားကိုရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မြိတ်မြို့ဆိပ်ငယ်တံတားသို့ ရောက်ရှိကြပြီး အမြန်ရေယာဉ်ဖြင့် ထွက်ခွာကြရာ ကျွန်းစုမြို့နယ် သန္တာ့ကျေးရွာအုပ်စုဒေါင်းကူးမော်ကဏန်းမွေးမြူရေးစခန်းသို့ရောက်ရှိကြရာ အဆောင်ကောင်းစက်မှုလုပ်ငန်းကုမ္ပဏီလီမိတက်ဒါရိုက်တာ ဦးမောင်စစ်နှင့် ဝန်ထမ်းများက ကြိုဆိုကြသည်။

ပြည်ပတင်ပို့မှုရှင်းလင်း

ရှေ့ဦးစွာ အဆောင်ကောင်း စက်မှုလုပ်ငန်းများ ကုမ္ပဏီလီမိတက် မန်နေဂျာ ဦးဇော်ဝင်းက ကုမ္ပဏီအနေဖြင့် သန့်ရှင်းလတ်ဆတ်သော ငါး၊ ပုစွန်များ စတင်ထုတ်လုပ်ခဲ့ပုံ၊ နိုင်ငံခြားဈေးကွက်ရှိသဖြင့် ကဏန်းပျော့ မွေးမြူထုတ်လုပ်ရန် စီစဉ်ဆောင်ရွက်ခဲ့ပုံ၊ ယခုအခါ ကဏန်းမွေးမြူရေး ကန်ပေါင်း ၁၅ ကန်အထိ မွေးမြူ ထုတ်လုပ်လျက်ရှိပုံ၊ ကဏန်းပျော့များ ပြည်ပတင်ပို့မှုနှင့် ဝင်ငွေအခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နိုင်ငံတကာတွင်ဈေးကွက်ရှိသော ကဏန်းပျော့မွေးမြူရေး လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ထွန်းလာရေးအတွက်စနစ်တကျအားထုတ်ကြိုးပမ်း ဆောင်ရွက်သွားကြရန်နှင့် နိုင်ငံတော်အစိုးရဝန်ကြီးဌာနများကလည်း ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ခြင်းသည် နိုင်ငံတော်၏ စီးပွားရေး တိုးတက်ဖြစ်ထွန်းခြင်းဖြစ်သည်။ နိုင်ငံတော်အစိုးရနှင့်ပြည်သူ ထပ်တူဖြစ်သည်ဟုခံယူပြီးလိုအပ်သည်များ အပြန်အလှန်ပံ့ပိုးဆောင်ရွက်ကြဖို့လိုကြောင်းမှာကြားသည်။

ယင်းနောက် မြိတ်မြို့နယ် အတွင်းရှိအခြေခံပညာ မူလတန်းကျောင်းများအတွက် အဆောင်ကောင်း စက်မှုလုပ်ငန်းများကုမ္ပဏီလီမိတက် မန်နေဂျာဦးအောင်လင်းက ငွေကျပ် ၁၅ သိန်းတန် ကျောင်းသုံးဗလာစာအုပ်နှင့် ခဲတံများကိုလည်းကောင်း၊ ဒါရိုက်တာ ဦးမောင်စစ်က ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်ကလက်ခံသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ကဏန်းကန်နှင့်ကဏန်းဖောင်များမွေးမြူထားမှု ကဏန်းခြင်းမှ ကဏန်းပျော့များ ထုတ်ယူမှုလုပ်ငန်း ရေချိုစိမ်၍ ကဏန်းပျော့သက်တမ်း ရှည်အောင်ပြုလုပ်ခြင်းလုပ်ငန်း၊ ထုပ်ပိုးခြင်းလုပ်ငန်းတို့ကိုကြည့်ရှုကြသည်။



ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဇန်နဝါရီ၁၃ ရက်က တနင်္သာရီတိုင်းမြိတ်မြို့ ရှမ်းချောင်းရပ်ရှိ မြိတ်မြို့ကိုယ်ပွားသတင်းစာတိုက် ဆောက်လုပ်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ကျွန်းစုမြို့နယ် ပထော်ကျွန်းရှိ ပြည့်ဖြိုးထွန်းအင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်၏ ငါး၊ ပုစွန်တန် ၁၀၀၀ အအေးခန်းစက်ရုံသို့ရောက်ရှိကြရာ မန်နေဂျင်းဒါရိုက်တာဦးအောင်လွင်နှင့်ဝန်ထမ်းများက ကြိုဆိုကြပြီး ငါးမျိုးနှင့်အရွယ်ရွေးချယ်ခြင်းလုပ်ငန်း၊ ငါးပုစွန်အအေးခန်းအတွင်း သိုလှောင်ရန်ပြုပြင်ခြင်းလုပ်ငန်းများကိုလိုက်လံပြသရှင်းလင်းကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ငါးပုစွန်ထုတ်လုပ်တင်ပို့သည့်လုပ်ငန်းများ နိုင်ငံခြားဈေးကွက်သို့ ပိုမိုထိုးဖောက် လုပ်ကိုင်နိုင်ရေးမှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မြိတ်မြို့ ဆိပ်ငယ်တံတား သို့ပြန်လည်ရောက်ရှိကြသည်။ ထိုမှတစ်ဆင့် မြိတ်လေဆိပ်သို့ ရောက်ရှိကြပြီး ဆက်လက်ထွက်ခွာကြရာ ရန်ကုန်မြို့သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ အဖွဲ့ဝင်အဖြစ်လိုက်ပါလာသော ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဇန်နဝါရီ ၁၃ ရက် နံနက်ပိုင်းတွင် မြိတ်မြို့ ရှမ်းချောင်းရပ်ရှိ မြိတ်မြို့ ကိုယ်ပွားသတင်းစာတိုက်ဆောက်လုပ်ရေးလုပ်ငန်း များကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ဆောက်လုပ်ရေးတာဝန်ခံ ဦးမျိုးလှိုင်က တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လုပ်ငန်းခွင်အတွင်း လိုက်လံပြသရှင်းလင်းသည်။

ယင်းနောက် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက အဆောက်အအုံကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ သပ်ရပ်ခိုင်ခံ့အောင်တည်ဆောက်ရေး မှာကြားသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခရိုင်နှင့်မြို့နယ် အဆင့်ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ရည်မှန်းချက်လုပ်ငန်းများ အောင်မြင်ရေး ကြိုးစားဆောင်ရွက်ကြဖို့ မှာကြားသည်။
(သတင်းစဉ်)

သီတဂူ တရားပွဲ

ရန်ကုန် ဇန်နဝါရီ ၁၅

လှိုင်သာယာမြို့နယ်လုံးဆိုင်ရာ မလွန်ဆန်လှူအသင်းထောက်မှ ကြီးမှူးကျင်းပသော စစ်ကိုင်းတောင်ရိုး သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ အဓိပတိဆရာတော် အဂ္ဂမဟာဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော် အရှင်ဉာဏိဿရ၏ တရားပွဲကို ဇန်နဝါရီ ၈ ရက်ညက ကျင်းပရာ ဆရာတော်ကြီးအတွက် နဝကမ္မ အလှူတော်ငွေ ကျပ်၂၅၇၀၀၀၀ကို မြို့နယ် မလွန်ဆန်လှူအသင်းထောက်ဥက္ကဋ္ဌ ဦးရွှေဝင်းနှင့် အတွင်းရေးမှူး ဦးသန်းမြင့်တို့က ဆက်ကပ်လှူဒါန်းကြသည်။ **(က–ပ)**

သားငါးပွံ့ဖြိုး ပြည်အကျိုး

ခေတ်မီနိုင်ငံတော်ကြီးဖြစ်ရေး ဖွံ့ဖြိုးရေးလုပ်ငန်းများ တစ်ချိန်တည်းတစ်ပြိုင်တည်းဆောင်ရွက်လျက်ရှိ နိုင်ငံတော်၏ဦးဆောင်မှုနှင့်အတူ ဝန်ထမ်းများ၊ ပြည်သူများပူးပေါင်းပါဝင်၍ ဖွံ့ဖြိုးမှုများတွေ့မြင်နေရပြီ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်အောင်မြင်ရေး နိုင်ငံသူနိုင်ငံသားများဝိုင်းဝန်းကြိုးပမ်း

ရန်ကုန် ဇန်နဝါရီ ၁၅

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ ဇန်နဝါရီ ၁၂ ရက်နံနက်ပိုင်းတွင် မြန်မာ့လေကြောင်းလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ ထွက်ခွာခဲ့ကြရာ နံနက် ၈ နာရီ ၁၅မိနစ်တွင် ရောက်ရှိကြသည်။

အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များအား မြစ်ကြီးနားလေဆိပ်တွင် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊မြစ်ကြီးနားတပ်နယ်မှ ဗိုလ်မှူးချုပ်ဘိုကြည်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများက ကြိုဆိုကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် တိုင်းမှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် မြစ်ကြီးနားမြို့ အစိုးရနည်းပညာကောလိပ်သို့ ရောက်ရှိကြရာ ကျောင်းအုပ်ကြီး ဦးလှမျိုးအောင်နှင့် ဆရာ ဆရာမများက ကြိုဆိုကြသည်။

အလုပ်ရုံများစစ်ဆေး

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အီလက်ထရွန်နစ်နှင့် လျှပ်စစ်ဆက်သွယ်ရေးဌာန၊ လျှပ်စစ်စွမ်းအားဌာန၊ စက်မှုစွမ်းအားဌာနတို့ရှိ သင်ထောက်ကူပစ္စည်းများကို လည်းကောင်း၊ အလုပ်ရုံများနှင့် ကွန်ပျူတာခန်းတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ရှင်းလင်းဆောင်၌ ကျောင်းအုပ်ကြီး ဦးလှမျိုးအောင်က မြစ်ကြီးနားမြို့ အစိုးရ နည်းပညာကောလိပ်စတင်ဖွင့်လှစ်ခဲ့မှု၊ သင်ကြားပေးလျက်ရှိသည့် သင်တန်းများနှင့် ကျောင်းသားကျောင်းသူများတက်ရောက်ပညာသင်ကြားမှု၊ ဆရာ ဆရာမနှင့် ဝန်ထမ်း အင်အားအခြေအနေများကို ရှင်းလင်း တင်ပြရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက မှာကြားရာ၌ ခေတ်မီနိုင်ငံတော်ကြီး တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်က စီမံချက်များချမှတ်၍ ပြုစုပျိုးထောင်ပေးလျက်ရှိရာ ဤကောလိပ်မှ ဆရာဆရာမများအပါအဝင် ပညာတတ် များစွာသည် မျိုးဆက်သစ်လူ့အရင်းအမြစ်များအဖြစ် ပေါ်ထွန်းလာနေပြီဖြစ်ကြောင်း။

တီထွင်မှုများပြုလုပ်

ဆရာဆရာမများအနေဖြင့် မိမိတို့၏ ကျောင်းသားများအား ပညာတတ်များဖြစ်အောင် သင်ကြားမွေးထုတ်ရင်း မိမိတို့ ကိုယ်တိုင်လည်း ယခုထက်အဆင့်မြင့်သည့်ပညာရပ်များကို ဆက်လက်ဆည်းပူးကာ နည်းပညာရပ်ဆိုင်ရာ တီထွင်မှုများ ပြုလုပ်သွားကြရန် လိုကြောင်း။

ထို့ပြင် မိမိတို့ကျွမ်းကျင်တတ်မြောက်သည့် အတတ်ပညာများနှင့် ဖွံ့ဖြိုးလာနေသော ပုဂ္ဂလိက စက်မှုလုပ်ငန်းများအကြား ညှိနှိုင်းပေါင်းစပ်မှုများပြု၍ နိုင်ငံတော်အတွက် လိုအပ်သောထုတ်ကုန်ပစ္စည်းအမယ်သစ်များ၊ သွင်းကုန်အစားထိုးစက်ပစ္စည်းကိရိယာများကို တီထွင်ထုတ်လုပ်နိုင်အောင် ကြိုးပမ်းသွားကြရန် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် မြစ်ကြီးနားမြို့ အစိုးရနည်းပညာကောလိပ်မှ ဆရာဆရာမများအား ရင်းနှီးစွာ နှုတ်ဆက်အားပေးသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁) နှင့်အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ မူးယစ်ဆေးစွဲရောဂါကုဆေးရုံကြီးသို့ ရောက်ရှိကြသည်။

ပညာပေးလုပ်ငန်းများတင်ပြ

ထို့နောက် ဆေးရုံအုပ်ကြီးရုံခန်း၌ ဆေးရုံအုပ်ကြီးဒေါက်တာအောင်သော်က မူးယစ်ဆေးစွဲရောဂါကုဆေးရုံကြီး၌ မူးယစ်ဆေးစွဲလူနာများအား လက်ခံကုသပေးမှုများ၊ လူနာများအား ကုသရာတွင် စိတ်ပိုင်းဆိုင်ရာသာမက ကိုယ်ခန္ဓာပိုင်းဆိုင်ရာများပါ ပြန်လည် ပြုစုပျိုးထောင်ပေးမှုများ၊ မူးယစ် ဆေးဝါးအန္တရာယ်ပညာပေးလုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါက်တာဝမ်းမောင်က ဖြည့်စွက်ရှင်းလင်းတင်ပြရာ အတွင်းရေးမှူး(၁)က လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မူးယစ်ဆေးစွဲရောဂါကုဆေးရုံအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်တို့သည် ဆေးရုံညွှန့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးကြသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ ခုတင် (၃၀၀)ဆံ့ ထွေထွေရောဂါကုဆေးရုံကြီးသို့ရောက်ရှိကြရာ ခေတ္တပြည်နယ်ကျန်းမာရေးဦးစီးဌာနဦးစီးမှူးနှင့်ဆေးရုံအုပ်ကြီးဒေါက်တာရင်ငြိမ်း၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ ဆရာမများက ကြိုဆိုကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား အမျိုးသား၊ အမျိုးသမီးလူနာဆောင်များ၊ခွဲစိတ်ခန်းမကြီး၊ အထူးကြပ်မတ်ကုသခန်း၊ အစာအိမ်မှန်ပြောင်းကြည့်ခန်း၊ ခွဲစိတ်လူနာဆောင်တို့ကို တာဝန်ရှိသူများက လှည့်လည် ရှင်းလင်း ပြသကြသည်။

ထို့နောက် ဆေးရုံကြီး ခန်းမဆောင်၌ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများနှင့်တွေ့ဆုံရာခေတ္တပြည်နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူးနှင့် ဆေးရုံအုပ်ကြီး ဒေါက်တာရင်ငြိမ်းက ခုတင်(၃၀၀)ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီးတွင် လူနာများအား ပြုစုကုသပေးမှုများ၊ ဆေးပဒေသာပင် စိုက်ထူထားနိုင်မှုများနှင့် ဆေးရုံကြီး၏ လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ကမ္ဘာကိုကြေညာနိုင်

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ အမျိုးသားကျန်းမာရေးကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ဆွေးနွေးမှာကြားရာ၌ နိုင်ငံသူနိုင်ငံသားများ၏ သက်တမ်းကိုကြည့်ပါက အမျိုးသားများသည် ပျမ်းမျှ (၆၂)နှစ်ခန့်၊ အမျိုးသမီးများသည် (၆၅)နှစ်ခန့်ရှိကြသဖြင့် သက်တမ်း ပိုရှည်လာသည်ကို စိစစ်တွေ့ရကြောင်း၊ ထို့ပြင် ၂၀၀၃ ခုနှစ်၌ မြန်မာနိုင်ငံ အနေဖြင့် အနာကြီးရောဂါကင်းစင်သည့် နိုင်ငံ၊ ပိုလီယိုရောဂါ ကင်းစင်သည့် နိုင်ငံ၊ တီဘီရောဂါကို တိုက်ရိုက်ကြည့်ရှု အချိန်တိုကုထုံးဖြင့် လွှမ်းခြုံကုသနိုင်သည့် နိုင်ငံအဖြစ်လည်း ကမ္ဘာသိ ကြေညာနိုင်ခဲ့ပြီဖြစ်ကြောင်း။

အလားတူ ကိုယ်ချင်းဆက်အမြှာခွဲစိတ်အောင်မြင်မှုများ၊ ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုများ၊ လက်ပိုင်းဆိုင်ရာ ခွဲစိတ်ကုသမှုများ စသည်ဖြင့် ကုသမှုဆိုင်ရာ အောင်မြင်မှုများသည် ကျန်းမာရေးကဏ္ဍ၏ ထူးခြားသော အောင်မြင်မှု ရလဒ်များပင်ဖြစ်ကြောင်း။

ဆက်စပ်ညှိနှိုင်း

ဤသည်တို့မှာ နိုင်ငံတော်၏လူမှုရေးဦးတည်ချက်များနှင့်အညီ ကျန်းမာရေး ဝန်ထမ်းများက ပြည်သူတို့အပေါ် ပြုစုစောင့်ရှောက်နိုင်မှုများလည်း ဖြစ်ကြောင်းဖြင့် ရှင်းလင်း မှာကြားပြီး ဆေးရုံကြီး၏ လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ဆက်စပ် ညှိနှိုင်းဖြည့်ဆည်းပေးသည်။

အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် အထွေထွေရောဂါကုဆေးရုံကြီးမှ တစ်ဆင့် မြစ်ကြီးနား တက္ကသိုလ်သို့ ရောက်ရှိကြရာ ပါမောက္ခချုပ်နှင့် ပါမောက္ခများက ကြိုဆိုကြသည်။

ထို့နောက်တက္ကသိုလ်ခန်းမဆောင်၌ ပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ကထိကများ၊ လက်ထောက် ကထိကများ၊ သရုပ်ပြများ၊ နည်းပြများနှင့် တွေ့ဆုံရာ ပါမောက္ခချုပ် ဦးသင်းလှိုင်က မြစ်ကြီးနား တက္ကသိုလ်၏ သက်တမ်း၊ သင်ကြား/စီမံဝန်ထမ်းအင်အား၊ သင်ကြားပေးနိုင်သည့် ဘာသာရပ်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ပညာသင်ကြားမှု၊တက္ကသိုလ်၏ သုတေသန လုပ်ငန်းများနှင့် တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ဖွံ့ဖြိုးမှုများတွေ့နေရ

ယင်းနောက်မြန်မာနိုင်ငံပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက မှာကြားရာ၌ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ ဖွံ့ဖြိုးမှုလုပ်ငန်းများကို တစ်ချိန်တည်း တစ်ပြိုင်တည်း အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိကြောင်း၊ ယင်းသို့ အကောင်အထည်ဖော်ရာ၌နိုင်ငံတော်၏ဦးဆောင်မှုနှင့်အတူ ဝန်ထမ်းများ၊ ပြည်သူများက တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်လာမှုကြောင့်ဖွံ့ဖြိုးတိုးတက်မှုများစွာကို နေရာမလပ် တွေ့မြင်နေကြရပြီ ဖြစ်ကြောင်း။

ယခုအခါပညာရေး၊ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့်ကဏ္ဍအသီးသီးတွင် လိုအပ်သည့် အခြေခံအဆောက်အအုံများကို လုံလောက်စွာ တည်ဆောက်ပေးပြီး ဖြစ်သကဲ့သို့ အဆက်မပြတ် တည်ဆောက်နေမှုများကိုလည်း ပြုလုပ်လျက်ရှိကြောင်း။

ကြိုးပမ်းအားထုတ်

တစ်ချိန်တည်းမှာပင် နိုင်ငံရေးအရ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်ကို ချမှတ်ပြီးဖြစ်ရာ ယင်းလုပ်ငန်းများကို တစ်ဆင့်ပြီး တစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးခြင်းနှင့်အတူ နိုင်ငံသူနိုင်ငံသားများ၏ စီးပွားရေးဘဝ ဖူလုံတိုးတက်နေအောင်၊ပညာတတ်မြောက်မှု အခြေခံမြင့်မားနေအောင် မိမိတို့အားလုံး ကြိုးပမ်း အားထုတ်အကောင်အထည်ဖော်ကြရမည် ဖြစ်ကြောင်း။

ဆရာဆရာမများအနေဖြင့်လည်း မိမိတို့ကျရာ အခန်းကဏ္ဍမှ နေ၍ ဝိုင်းဝန်းပူးပေါင်းအကောင်အထည်ဖော်ရန် လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် တက္ကသိုလ်၏ Microbiology Laboratory နှင့် စာကြည့်တိုက်တို့ကို ကြည့်ရှု စစ်ဆေးသည်။

ဆက်လက်၍ နှစ်ထပ် စာသင်ဆောင်တည်ဆောက်ခြင်းလုပ်ငန်းများ၊ တက္ကသိုလ်ဧရိယာအတွင်း စာတိုက်အဆောက်အအုံဆောက်လုပ်ပြီးစီးနေမှု၊ စာသင်ဆောင်များနှင့် နားနေဆောင်တည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)သည် အဓိပတိလမ်းနှင့် တက္ကသိုလ်အဝင်မုခ်ဦးတည်ဆောက်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် မြစ်ကြီးနားမြို့ အစိုးရ ကွန်ပျူတာကောလိပ်သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ တာဝန်ခံကျောင်းအုပ် ဒေါ်ခင်သန်းမြက အစိုးရ ကွန်ပျူတာကောလိပ်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဖြည့်စွက်တင်ပြ

ဆက်လက်၍ Ever Green ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးသန်းရွှေက တည်ဆောက်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

မြန်မာနိုင်ငံပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မြစ်ကြီးနားမြို့ အစိုးရနည်းပညာကောလိပ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၁၀ မှ

ထို့နောက် အတွင်းရေးမှူး(၁)သည် အစိုးရ ကွန်ပျူတာကောလိပ် ပုံစံငယ်ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် မွန်းလွဲ ၂နာရီတွင် မြစ်ကြီးနားမြို့ ပမ္မတီးကျေးရွာအနီး တည်ဆောက်မည့် အစိုးရ နည်းပညာကောလိပ် တည်ဆောက်ရေး ပန္နက်တင် မင်္ဂလာအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

ပန္နက်တင်ပေး

ပန္နက်တင် မင်္ဂလာအခမ်းအနား မင်္ဂလာ သြဘာစာ ဖတ်ကြားအပြီးတွင် မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် တိုင်းမှူးဗိုလ်ချုပ်မောင်မောင်ဆွေတို့သည် သတ်မှတ်ထားသည့် နေရာတို့၌ ပန္နက်များကို ပြိုင်တူတင်ပေးကြသည်။

ထို့နောက်ပန္နက်တိုင်များကိုအမွှေးနံ့သာရည်များ ပက်ဖျန်းပြီး ရွှေမိုး၊ ငွေမိုး ရွာသွန်းပေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)သည် အစိုးရနည်းပညာကောလိပ် တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ စက်မှုလက်မှု ရပ်ကွက်သို့ ရောက်ရှိကြပြီး စက်မှုလက်မှု လုပ်ငန်းရှင်များနှင့်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြစ်ကြီးနားမြို့ စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးစိုးမြင့်ထွန်းက စက်မှုလက်မှုရပ်ကွက် ဖြစ်ပေါ်လာပုံ၊ သံပန်း သံတံခါး၊ တွင်ခုံ သံဂဟေလုပ်ငန်းများ လုပ်ကိုင်နေမှု၊ စက်မှုလက်မှုရပ်ကွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ပံ့ပိုးအားပေးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လုပ်ငန်းရှင်များက စက်မှုလက်မှု လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်း တင်ပြရာ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက စက်မှုလုပ်ငန်းရှင်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အပိုင်းက အားပေးနေမှု အခြေအနေများကို လည်းကောင်း၊ အခြားစက်မှုဇုန်များကို သွားရောက်လေ့လာပြီး မြစ်ကြီးနားမြို့ စက်မှုလက်မှုရပ်ကွက် ဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းသင့်သည်များကို လည်းကောင်း ရှင်းလင်း မှာကြားသည်။

လယ်ယာသုံးစက်ပစ္စည်းကြည့်ရှု

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ စက်မှုလက်မှုရပ်ကွက်မှ လုပ်ငန်းရှင်များ တီထွင်ထုတ်လုပ်ထားသည့် စပါးခြွေစက်၊ နှားစာစင်းစက်၊ နှစ်ထပ်ထွန်၊ မြေစာခဲချေကိရိယာ၊ စပါးကြားပေါင်းလိုက် ကိရိယာ၊ ပေါင်းရှင်းကိရိယာ စသည့်လယ်ယာလုပ်ငန်းသုံး စက်ပစ္စည်းကိရိယာများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ရေအားလျှပ်စစ်တာဘိုင်နှင့် ဆက်စပ်ပစ္စည်းများ၊ ဆန်မှုန့်ကြိတ်စက်၊ ဖောက်စက်၊ သံရည်ကျိုပစ္စည်းများကိုလည်းကောင်း၊ မော်တော်ယာဉ်ငယ်များနှင့် သုံးဘီးဆိုင်ကယ်ထုတ်လုပ်ထားမှုများကို လည်းကောင်းကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ပြည်ကျော် စက်မှုလက်မှုလုပ်ငန်းကို ဝင်ရောက်ကြည့်ရှုအားပေးကြသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဧရာဝတီမြစ်ကူးဗလမင်းထင်တံတားအနီး ယာယီရှင်းလင်းဆောင်သို့ရောက်ရှိကြရာ ရှေးဦးစွာ ကချင်ပြည်နယ် အထူးဒေသ(၂)မှ ဒေသဖွံ့ဖြိုးရေး တာဝန်ခံ ဦးဆင်ဝါးနောင်က မလိရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုရှင်းလင်းတင်ပြသည်။

လျှပ်စစ်ဓာတ်အားစနစ်တကျဖြန့်ဖြူး

ဆက်လက်၍မလိရေအားလျှပ်စစ်စီမံကိန်း စီမံကိန်း အင်ဂျင်နီယာ ဦးထွန်းလွင်က စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် ၂၀၀၄ခုနှစ် နှစ်ကုန်ပိုင်းတွင် စီမံကိန်းလုပ်ငန်းများပြီးစီးရန် ကြိုးပမ်းဆောင်ရွက်နေမှုများကို လည်းကောင်း၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ပြည်နယ် အင်ဂျင်နီယာ ဦးဘငွေက မလိရေအားလျှပ်စစ်စီမံကိန်းမှ ရရှိလာမည့် ဓာတ်အားများကို မြစ်ကြီးနားမြို့နှင့် ဝိုင်းမော်မြို့တို့သို့ စနစ်တကျတိုးမြှင့်ဖြန့်ဖြူးနိုင်ရန် စီစဉ်ထားမှုများကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ အတွင်းရေးမှူး(၁)က လိုအပ်သည်များ မှာကြားသည်။

မလိရေအားလျှပ်စစ်စီမံကိန်းကို ဘူးဂါးကုမ္ပဏီလီမိတက်က ဝိုင်းမော်မြို့ အရှေ့တောင်ဘက် ၃၂ မိုင်ခန့်အကွာ မလိချောင်း၌ အကောင်အထည်ဖော်တည်ဆောက်နေခြင်းဖြစ်ရာ တပ်ဆင်စက်အင်အား ၃ ဒသမ ၅ မီဂါဝပ် စက်သုံးလုံးဖြင့် လျှပ်စစ်ဓာတ်အား ၁၀ ဒသမ ၅ မီဂါဝပ်အထိ ထုတ်ယူနိုင်မည်ဖြစ်ပြီး မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့တို့၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးမည့် စီမံကိန်းတစ်ခုဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ရှင်းလင်းဆောင်၌ပင် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်း တံတားအထူးအဖွဲ့(၁၅)မှ ဒုတိယအင်ဂျင်ယာနီယာမှူးကြီး ဦးစိုးသက်က ဗလမင်းထင်တံတားအနီး ဧရာဝတီမြစ်၏ ရေစီးရေလာအခြေအနေ၊ မြစ်ရေတိုက်စားမှုဒဏ် ခံနိုင်ရေးအတွက် မြစ်ကြီးနားမြို့ဘက်ခြမ်းတံတားကြီးအနီးတွင် ကျောက်စီတမံတည်ဆောက်ခြင်းလုပ်ငန်းများနှင့် ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ အတွင်းရေးမှူး(၁)က လိုအပ်သည်များ မှာကြားသည်။

တာဝါတိုင်နေရာကြည့်ရှု

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မလိရေအားလျှပ်စစ်စီမံကိန်း၏ ဧရာဝတီမြစ်ကူးလျှပ်စစ် တာဝါတိုင်တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဧရာဝတီမြစ်ကမ်း ကျောက်စီတမံ တည်ဆောက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ ဗလမင်းထင်တံတားကြီးနှင့် တံတားအနီး ဧရာဝတီမြစ်ရေစီးဆင်းမှု အခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီးနောက် ဗလမင်းထင်တံတားကြီးကို ဖြတ်သန်းကြည့်ရှုကြသည်။

မြစ်ကြီးနားမြို့နယ်နှင့် ဝိုင်းမော်မြို့နယ်ကို ဆက်သွယ်ပေးသည့် ဧရာဝတီမြစ်ကူး ဗလမင်းထင်တံတားကို ၁၉၉၈ခုနှစ် နိုဝင်ဘာလတွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ဝိုင်းမော်မြို့သို့ ရောက်ရှိကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားတိုင်းရင်းသူများက ကြိုဆိုကြသည်။

ထို့နောက် ယာယီရှင်းလင်းဆောင်၌ ကချင်ပြည်နယ်အထူးဒေသ(၂)မှဒေသဖွံ့ဖြိုးရေးတာဝန်ခံဦးဆင်ဝါးနောင်က ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကချင်ပြည်နယ်အထူးဒေသ(၂)နှင့်ဂျိတ်လင်း(န်)မြန်မာကုမ္ပဏီတို့ ပူးပေါင်း၍ မြစ်ကြီးနား-ဗန်းမော်ကားလမ်း တိုးတက် ကောင်းမွန်ရေးဆောင်ရွက်ချက်များကိုပဏာမရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စီမံကိန်း အင်ဂျင်နီယာ ဦးတင်မြင့်က မြစ်ကြီးနား-ဗန်းမော် ကားလမ်းပြုပြင်ဆောင်ရွက်နေမှု အခြေအနေများ၊ ပြီးစီးမှုအခြေအနေများကို ရှင်းလင်း တင်ပြရာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်တို့က လိုအပ်သည်များ မှာကြားကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် မြစ်ကြီးနား-ဗန်းမော် ကားလမ်းကျောက်ချောခင်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

မြစ်ကြီးနားမှ ဝိုင်းမော်မြို့အထိ ကတ္တရာလမ်းပြီးစီးနေပြီး ဝိုင်းမော်မှ ဗန်းမော် ကားလမ်းအရှည်မိုင် ၁၁၀တွင် ယခုအခါ ကတ္တရာလမ်း ၂၅ မိုင်၊ ကျောက်ချောလမ်း ၁၆ မိုင် ပြီးစီးနေပြီ ဖြစ်သည်။ အဆိုပါ လမ်းပိုင်းတွင် ပေ ၁၀၀ အောက် တံတား ၁၀၅ စင်းရှိရာ တံတား ၄၄ စင်းကို ကွန်ကရစ်တံတားအဖြစ်တည်ဆောက်ပြီးစီးနေပြီ ဖြစ်သည်။

ပင်မဓာတ်အားခွဲရုံနေရာကြည့်ရှု

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် မြစ်ကြီးနားမြို့သို့ ပြန်လည်ရောက်ရှိကြပြီး မြစ်ကြီးနားမြို့တွင် မလိ ရေအားလျှပ်စစ်စီမံကိန်း၏ ပင်မဓာတ်အားခွဲရုံ တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ပြည်နယ်စည်ပင်သာယာရေး အဖွဲ့ရုံးအနီးတွင်ဧရာဝတီမြစ်ကမ်းထိန်း ကျောက်စီနံရံ ပြုလုပ်ထားမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ရှင်းလင်းဆောင်၌ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာ ဦးတင်ဦးက မြစ်ကမ်းထိန်း ကျောက်စီနံရံ ပြုလုပ်ခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ အတွင်းရေးမှူး(၁)က လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ ဓမ္မရက္ခိတ ဝန်းသို ကျောင်းတိုက်သို့ရောက်ရှိကြပြီး ကျောင်းတိုက်ပဓာနနာယက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သီလဝံသနှင့်ဆရာတော် သံဃာတော်များအား ဖူးမြော်ကြည်ညို၍ လှူဖွယ် ပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့်အတူ ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းရုံး၌ ပြည်နယ်နှင့် မြစ်ကြီးနားခရိုင်၊ ပူတာအိုခရိုင်၊ မြစ်ကြီးနားမြို့နယ်တို့မှ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ အသင်းဝင်များအား တွေ့ဆုံ မှာကြားနှုတ်ဆက်သည်။ **(သတင်းစဉ်)**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မြစ်ကြီးနားမြို့ စက်မှုလက်မှုရပ်ကွက်ရှိ စက်မှုလုပ်ငန်းရှင်များ တီထွင်ထုတ်လုပ်ထားသည့် စက်ပစ္စည်းကိရိယာများအား ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မြွဝတီရုပ်မြင်သံကြား

၁၆-၁-၂၀၀၄

(သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၁၅ ၄။ နားဝင်ငြိမ့်စီးသီချင်းကြီး
- ၄:၂၀ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၃၀ ၆။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၄၀ ၇။ မျိုးချစ်တပ်မတော်
- ၄:၅၀ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
  - (က)ဒုတိယနှစ်(သမိုင်း)
  - (ခ)ဒုတိယနှစ်(ဥပဒေပညာ)
- ၅:၃၀ ၁၀။ ပညာခေတ်
- ၅:၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဖန်ခြေနင်းနှင့်ယမင်းရွှေစင်"** (အပိုင်း-၃၈)
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ လျှပ်တစ်ပြက်
- ၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လှိုင်းပုနှင့်သောင်းချမ်"** (အပိုင်း-၂၁)

မြန်မာ ICT ရက်သတ္တပတ်၊ ၂၀၀၄ (ဇန်နဝါရီ ၂၁ – ဇန်နဝါရီ ၂၇)

၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ (၂၁) ရက်		
	၀၇:၃၀ နာရီ	ဖွင့်ပွဲအခမ်းအနား
		Projects Launching
	၁၃:၀၀ နာရီ	Professional Certification (Seminar & Ceremony)
	၁၃:၀၀ နာရီ	Capability Maturity Model Integration (Workshop)
၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ (၂၂) ရက်		
	၀၉:၀၀ နာရီ	Role of women in ICT Industry (Workshop)
	၀၉:၀၀ နာရီ	PKI application (CA)
	၁၃:၀၀ နာရီ	Myanmar Language Implementation (Workshop)
	၁၃:၀၀ နာရီ	Hardware Trend for software developers (Seminar)
၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ (၂၃) ရက်		
	၀၉:၀၀ နာရီ	Database Trend Technology (Workshop)
	၁၃:၀၀ နာရီ	Object Oriented Software Development With Unified Modeling Language (Workshop)
၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ (၂၄) ရက်		
	၀၉:၀၀ နာရီ	Software Products for SME (Presentation & Promotion)
	၁၃:၀၀ နာရီ	Software Products for SME (Presentation & Promotion)
၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ (၂၅) ရက်		
	၀၉:၀၀ နာရီ	Security issues and related products (Seminar)
	၁၃:၀၀ နာရီ	e-Procurement (Seminar)
၂၀၀၄ ခုနှစ်၊ ဇနနဝါရီလ (၂၆) ရက်		
	၀၉:၀၀ နာရီ	Wireless and broadband application (Seminar)
	၁၃:၀၀ နာရီ	Myanmar National Counter-Strike Championship Final

နည်းပညာပြပွဲများကို ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ (၂၁) ရက်နေ့မှ ဇန်နဝါရီလ (၂၇) ရက်နေ့ အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ အခမဲ့ပြသမည်ဖြစ်ပါသည်။

ကျင်းပပြုလုပ်မည့်နေရာ ။ ။ MICT Park ရန်ကုန်မြို့။

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း လားရှိုးမြို့နယ် နန့်ပေါင်အထူးအထွက်တိုးနွေစပါးစိုက်ခင်းစစ်ဆေး စပါးအထူးအထွက်တိုးရေးနှင့် ဒေသဝမ်းစာဖူလုံရေး ကြိုးပမ်းဆောင်ရွက်ရန်မှာကြား

ရန်ကုန် ဇန်နဝါရီ ၁၅

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်နှင့် ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်တို့လိုက်ပါလျက် ဇန်နဝါရီ ၁၃ရက် မွန်းလွဲပိုင်းက တန့်ယန်းမြို့သို့ရောက်ရှိပြီး တပ်နယ်ခန်းမ၌ တပ်နယ်ရှိ အရာရှိစစ်သည်များ၊ မိသားစုဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေးအတွက် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် လားရှိုးမြို့နယ် နန့်ပေါင်ကျေးရွာရှိ အထူးအထွက်တိုး နွေစပါးစိုက်ခင်းသို့ ညနေပိုင်းတွင်ရောက်ရှိပြီး ပျိုးခင်းအတွင်း ရှင်သန်ဖြစ်ထွန်းနေသော စပါးပျိုးပင်များကို ကြည့်ရှုစစ်ဆေး၍ ဒေသခံတောင်သူများအား စပါးအထူးအထွက်တိုးရေးနှင့် ဒေသဝမ်းစာဖူလုံရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားကာ လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးသည်။

ဇန်နဝါရီ ၁၄ရက် နံနက်ပိုင်းတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် တာဝန်ရှိသူများနှင့်အတူ လားရှိုးမြို့ရှိ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ ဆောင်ရွက်လျက်ရှိသော ကတ်တီမိုး ကော်ဖီပျိုးပင် ခြောက်သိန်း ပြုစုပျိုးထောင်ထားသည့် ပျိုးဥယျာဉ်သို့သွားရောက်ကြည့်ရှုစစ်ဆေးရာ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများက ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်ရဲတပ်ဖွဲ့မှ ဆောင်ရွက်လျက်ရှိသော အထူးအထွက်တိုး မျိုးစေ့ထုတ်လုပ်ငန်း ဧက၄၀ စိုက်ကွင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တွဲဖက်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်က လုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ဟူးမွန်ဆည်ရေသောက်ဧက ၁၂၀ အထူးအထွက်တိုး စပါးစိုက်ကွင်း၌ကျင်းပသည့် မျိုးစေ့ချပွဲအခမ်းအနားသို့ တက်ရောက်အားပေးရာ အစီအစဉ်အရ တိုင်းမှူးက ဒေသဝမ်းစာ ဖူလုံရေးအတွက် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်၊ ပြည်နယ်စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာဦးလှကြီးနှင့် ဟူးမွန်ကျေးရွာမှ လယ်ယာစီးပွားရေးထူးချွန်ဆုရ တောင်သူဦးစိုင်းစံထွန်းတို့က အထူးအထွက်တိုးစပါး ပျိုးထောင်ပုံအဆင့်ဆင့်နှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က အကောင်အထည်ဖော် ဆောင်ရွက်ပေးမှုအခြေအနေများ၊ ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် နိုင်ငံတော်၏စေတနာကို တုံ့ပြန်သောအားဖြင့် မိမိတို့ကျရာတာဝန်များကို အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရေး၊ ဒေသခံတောင်သူများကလည်း မိမိတို့ဒေသ ဝမ်းစာဖူလုံစေရေးအတွက် စေတနာထားတုံ့ပြန်သောအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက် ရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရေး ရှင်းလင်းအမှာစကားပြောကြားပြီးနောက် စပါးမျိုးစေ့ချပွဲတွင် ဒေသခံတောင်သူ လယ်သမားများနှင့်အတူ ကိုယ်တိုင်ပါဝင်မျိုးစေ့ချ ပျိုးထောင်စိုက်ပျိုးပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် လားရှိုးခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ဆောင်ရွက်နေသော အထူးအထွက်တိုး ဧက ၄၀ ပျိုးခင်းသို့လည်းကောင်း၊နယ်မြေခံတပ်ရင်းက ဆောင်ရွက်နေသော စပါးဧက၄၀ပျိုးခင်းသို့လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နှင့် အကျိုးတူ ဆောင်ရွက်နေသော စိုစိုပြည်ပြည် စက်အုတ်လုပ်ငန်း၌ ကျောက်မီးသွေးလောင်စာအသုံးပြု၍ နေ့စဉ် စက်အုတ် ၆၀၀၀၀ ထုတ်လုပ်မည့် လုပ်ငန်းခွင်သို့လည်းကောင်း၊ တိုင်းစစ်ဌာနချုပ်မှ ဆောင်ရွက်လျက်ရှိသော မက္ကဒေးမီးယားအပင် ၃၅၀၀ စိုက်ခင်းနှင့် ပျားလိမ္မော်အပင် ၂၀၀၀ စိုက်ခင်းများ၌ ရေသွယ်ယူမှု၊ စိုက်ပျိုးနေမှုများကို လည်းကောင်း၊ ဆင်တောင်ဒေသကျောက်မီးသွေး တူးဖော်ရေးလုပ်ငန်းခွင်သို့ လည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးကာ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များ မှာကြားညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း လားရှိုးမြို့နယ်တွင် ကော်ဖီပျိုးခင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

So Close နိုင်ငံခြားဇာတ်ကားသစ်နေပြည်တော်၌ရုံတင် အိပ်မက်နတ်သမီး ရုံသုံးရုံ၌ ဆက်လက်ပြသ

အိပ်မက်နတ်သမီးမှ ဒွေး၊ အိန္ဒြာကျော်ဇင်။

ရန်ကုန် ဇန်နဝါရီ ၁၅

ယခုသောကြာပတ်တွင် ဒါရိုက်တာ ခင်မောင်ဦး၊ စိုးသိမ်းထွဋ်တို့ ရိုက်ကူးသည့် **'အိပ်မက်နတ်သမီး'** ဇာတ်ကား သမ္မတ၊ သွင်နှင့် မင်္ဂလာ အဆင့်မြင့်ရုံ သုံးရုံတွင် ဆက်လက် အောင်ပွဲခံပြသလျက်ရှိသည်။ ဒီပါ၊ မေထက်သန့်၊ ရှင်းသန့်ကြည်တို့၏ သုံးပွင့်ဆိုင် ဇာတ်လမ်းကို စောရူဆဲလ်၏ တေးစာသားများဖြင့် ဆွတ်ပျံ့ လွမ်းမောဖွယ် ရိုက်ကူးထားသည်။

မေတ္တာရောင်ပြန် ရုပ်ရှင်ထုတ်လုပ်ရေးမှ တင်ဆက်ပြီး ဒါရိုက်တာ အကယ်ဒမီ မောင်တင်ဦးဖန်တီးသည့် **'နေကမွေးတဲ့လ'** ဇာတ်ကားရှေ့ဆောင်ရုံနှင့် နဝဒေးရုံတွင် ဆက်လက်ပြသနေသည်။

ကိုရီးယားမင်းသားချော Song Seung Hun (ဆွန်စော)ပါဝင်ထားသည့် So Closeအက်ရှင်ဇာတ်ကားသစ် နေပြည်တော်ရုံတွင် ရုံဝင်လာသည်။ အမျိုးသမီးစုံထောက်နှင့် လူသတ်သမား အမျိုးသမီးတို့၏ ကွန်ဖူး တိုက်ကွက်များကို အက်ရှင်အပြည့်ဖြင့် ကြည့်ရမည့်ဇာတ်ကားဖြစ်သည်။

ရာဇာနေဝင်းနှစ်ကိုယ်ခွဲပါဝင်ထားသည့် **'ပေါက်ပေါက်မြောက်မြောက်'** ဇာတ်ကားသစ် ဇန်နဝါရီ ၂၃ရက်တွင် အဆင့်မြင့်ရုံများ၌ ရုံဝင်လာမည်ဖြစ်သည်။

ဒါရိုက်တာမီးပွားရိုက်ကူးပြီး ရန်အောင်၊ ရာဇာနေဝင်း၊ ခိုင်သင်းကြည်တို့ ပါဝင်ထားသည့် **'မှတ်ထား'** ဒီဗွီဒီဇာတ်ကားသစ် ရွှေဂုန်၊ စံပြနှင့် သီတာရုံများတွင် ရုံဝင်လာသည်။

ရုပ်ရှင်သတင်းထောက်

သိန်းရုပ်ရှင်မှ တင်သွင်းသည့် Mujhse Dosti Karoge အိန္ဒိယဇာတ်ကားသစ်မှာ ဘုရင်ရုံတွင် တင်ဆက်လျက်ရှိသည်။

ဝတ္ထုဇာတ်ညွှန်းနှင့် ဒါရိုက်တာ လူမင်းခေါင်၏ **'မျှော်လင့်ခြင်းကမ်းပါး'** ဒီဗွီဒီဇာတ်ကားမှာ ဇန်နဝါရီ ၃၀ရက်တွင် ရုံဝင်လာမည်ဖြစ်သည်။ **'မျှော်လင့်ခြင်းကမ်းပါး'** တွင် စိုင်းစိုင်းခမ်းလှိုင်နှင့် ထွန်းအိန္ဒြာဗိုတို့ ခေါင်းဆောင်ပါဝင်ထားသည်။ ။

မှတ်ထားဇာတ်ကားမှ ရာဇာနေဝင်း၊ ခိုင်သင်းကြည်။

ဇာတ်လမ်းကောင်းတယ်ဘာလဲ
အသံကောင်းတယ်ဆိုတာဘာလဲ
ဂီတကောင်းတယ်ဆိုတာဘာလဲ
သိကြရအောင်

၁၆-၁-၂၀၀၄ ဝဇီရာ၊ တောင်ဥက္ကလာပ ပဒေသာ၊ မြောက်ဥက္ကလာပ မင်းရန်အောင်

အကယ်ဒမီငါးဆုရ ဆန်ရေဇာတ်ကား တစ်ကျော့ပြန်ပြသ

ဒါရိုက်တာအကယ်ဒမီကြည်စိုးထွန်း ရိုက်ကူးသည့် အကယ်ဒမီငါးဆုရ 'ဆန်ရေ' ဇာတ်ကားမှာ ဝဇီရာ၊ ပဒေသာ၊ မင်းရန်အောင်ရုံနှင့် တောင်ငူလွင် ရုပ်ရှင်ရုံများတွင် တစ်ကျော့ပြန် ရုံဝင်လာသည်။ ဒါရိုက်တာ၊ သရုပ်ဆောင်၊ ဇာတ်လမ်း၊ အသံ၊ ဂီတတို့နှင့် ပတ်သက်သော အနုပညာမြောက် ပြကွက်များကို ရုပ်ရှင်ချစ်ပရိသတ်ကြီး ပြန်လည်ခံစားကြည့်ရှုနိုင်ရန် ထပ်မံ တင်ဆက်လိုက်ခြင်း ဖြစ်သည်။

So Close ဇာတ်ကားသစ်မှ ဇာတ်ဝင်ခန်းတစ်ခန်း။

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါက်တာဒေါ်ခင်ဝင်းရွှေ ဆားမလောက်ကျေးရွာမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲမူလတန်းကြိုကျောင်းဖွင့်ပွဲတက်ရောက်ဖွင့်လှစ်

ရန်ကုန် ဇန်နဝါရီ ၁၅

မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ ဦးဆောင်၍ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါက်တာကြည်စိုး၊ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်များ ပါဝင်သောအဖွဲ့သည် ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းခွဲ မူလတန်းကြိုကျောင်းဖွင့်ပွဲအတွက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ထွက်ခွာကြရာ ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာသို့ ရောက်ရှိကြသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့အား ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၏ဇနီး ဧရာဝတီတိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီနာယက ဒေါ်တင်တင်လတ်၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီဝင်များ၊ မအူပင်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင်နှင့် ကောင်စီဝင်များ၊ ခရိုင်နှင့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ မြို့နယ်နှင့်ကျေးရွာများမှ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများနှင့် အသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဘင်ခရာတီးဝိုင်းနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများနှင့် ကျေးရွာရပ်ကွက်များမှ ရပ်မိရပ်ဖများက ကြိုဆိုကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ ဇနီး ဧရာဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီနာယက ဒေါ်တင်တင်လတ်နှင့် ဒဂုန်အင်တာနေရှင်နယ် လီမိတက် ဒါရိုက်တာ ဒေါ်မိုးမြမြ တို့က မူလတန်းကြိုကျောင်း အဆောက်အအုံကို ဖဲကြိုးဖြတ်၍ ဖွင့် လှစ်ပေးကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက မူလတန်းကြိုကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့သည် မူလတန်းကြိုကျောင်း အဆောက်အအုံကို လှည့်လည်ကြည့်ရှုပြီး ကလေးငယ်များအား လက်ဆောင်ပစ္စည်းများ ပေးသည်။

ထို့နောက်မူလတန်းကြိုကျောင်း အတွက် အလှူငွေပေးအပ်ပွဲကိုကျင်းပရာ အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက အမှာစကားပြောကြားသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ ဆားမလောက်ကျေးရွာရှိ မြန်မာ့တောင်သူလယ်သမားဆေးရုံတွင်ကြည့်ရှုပြီး မွေးဖွားမိခင်များအား အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဆက်လက်၍မအူပင်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင်က ဆားမလောက်စံပြကျေးရွာ မူလတန်းကြိုကျောင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက်အလှူရှင် ဒဂုန်အင်တာနေရှင်နယ်လီမိတက်ဥက္ကဋ္ဌ ဦးဝင်းအောင်က မူလတန်းကြိုကျောင်း ဆောက်လုပ်လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အဆောက်အအုံနှင့်ပတ်သက်သော စာရွက်စာတမ်းများနှင့် အလှူငွေကျပ်သုံးသိန်းနှင့် အခြားအလှူရှင်များက လှူဒါန်းသော အလှူငွေများကို တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာသန်းအောင်ကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက မူလတန်းကြိုကျောင်းသုံး၊ သင်ထောက်ကူပစ္စည်းများပေးအပ်လှူဒါန်းရာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီနာယက ဒေါ်တင်တင်လတ်ကလက်ခံပြီး ဖွင့်ပွဲအထိမ်းအမှတ်အလံများကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနာယက ဒေါ်တင်တင်ဦးကပေးအပ်ရာ အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် တာဝန်ရှိသူများက လက်ခံယူကြသည်။

ယင်းနောက် ဧရာဝတီတိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာသန်းအောင်က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

နှုတ်ဆက်အားပေး

ထို့နောက်အသင်းဥက္ကဋ္ဌဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့သည် ဆားမလောက်ကျေးရွာရှိ မြန်မာနိုင်ငံယူတောင်သူလယ်သမား ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာလှကြိုင်နှင့် တာဝန်ရှိသူများက ကြိုဆို၍ အသင်းဥက္ကဋ္ဌနှင့်အဖွဲ့သည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုကာ အလှူငွေများ ပေးအပ်လှူဒါန်းပြီး လူနာများအား ရင်းရင်းနှီးနှီး နှုတ်ဆက် အားပေးစကားပြောကြားသည်။

ယင်းနောက် အသင်းဒုတိယဥက္ကဋ္ဌ ဒေါက်တာကြည်စိုးသည် ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ထားသော လူငယ်ရိပ်မွန်မှ လူငယ်များနှင့် တွေ့ဆုံဆွေးနွေးသည်။ **(သတင်းစဉ်)**



မြန်မာ ICT ရက်သတ္တပတ်

၂၀၀၄ ခုနှစ်

(၂၁–၁–၂၀၀၄)ရက်မှ (၂၄–၁–၂၀၀၄)ရက်ထိ

MICT Park၊ ရန်ကုန်မြို့

အင်္ဂလိပ်စာမိသားစုအာစရိယပူဇော်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၅

အင်္ဂလိပ်စာမိသားစု စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို တက္ကသိုလ်များဓမ္မာရုံတွင် ဇန်နဝါရီ ၁၁ ရက်က ကျင်းပရာ အသက် (၆၀) ပြည့်ပြီး အငြိမ်းစား ဆရာကြီး ဆရာမကြီး ၄၄ဦးတို့အား တပည့်များက ပူဇော်ကန်တော့ကြသည်။

အခမ်းအနားတွင် ဆရာမကြီးဒေါ်ဖွားရင်၊ ဆရာကြီးဦးအောင်သန်းနှင့်ဆရာမကြီးဒေါ်ခင်လေးမြင့်တို့က ဩဝါဒစကားပြောကြားသည်။

ဆက်လက်၍ ဆုပေးပွဲအခမ်းအနားကျင်းပရာ ပညာရည်ချွန်ဆု ချီးမြှင့်ခံရသူ အင်္ဂလိပ်စာသင်ကြားရေးဒီပလိုမာသင်တန်းမှ မဖြူနှင်းဦးအား ဆရာကြီးဦးသော်ကောင်းကလည်းကောင်း၊ တခြားပညာရည်ချွန် ဆု တစ်ဆုရရှိသူ မဟာဝိဇ္ဇာအပိုင်း (၂)မှ ကျောင်းသူ မချိုချိုဦးအား ဆရာမကြီးဒေါ်ခင်လေးမြင့်ကလည်းကောင်း ဆုများအသီးသီးချီးမြှင့်ကြကြောင်းသိရသည်။ **(က–ပ)**

သံယုတ်ပါဠိတော်သင်တန်း

ရန်ကုန် ဇန်နဝါရီ ၁၅

ဗဟန်းမြို့နယ် မင်္ဂလာဗျူဟာအသင်းချုပ်တွင် သံယုတ္တနိကာယ်ဝင် သုတ္တန် ပိဋကတ်၊ သံယုတ်ပါဠိတော်သင်တန်း(မြန်မာပြန်)ကို ဇန်နဝါရီ ၁၇ ရက်မှစ၍ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၂နာရီအထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ရာ မည်သူမဆို တက်ရောက်သင်ကြားနိုင်သည်ဟု သိရသည်။

(က–ပ)

မြန်မာ့ရုပ်မြင်သံကြား

၁၆–၁–၂၀၀၄(သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၅	၅။	ရိုးရာကျေးလက်ကစားနည်း
၈:၀၅	၆။	ကြေးမုံရိပ်သွင်တေးနုယဉ်
၈:၁၅	၇။	ဆွာချောင်းရေလှောင်တမံ
၈:၃၀	၈။	International News
၈:၄၅	၉။	English For Everday Use
၉:၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	Practise in Reading.
၁၆:၄၅	၄။	တေးဂီတအစီအစဉ်
၁၇:၀၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ရက္ခဗေဒအထူးပြုများ) [ရုက္ခဗေဒ]
၁၇:၁၀	၆။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၂၅	၇။	ဗိုလ်မြတ်ထွန်းတံတား
၁၇:၃၅	၈။	တေးဂီတအစီအစဉ်
၁၇:၅၀	၉။	နည်းစနစ်မှန်မှန်အားကစားအခြေခံ
၁၈:၀၀	၁၀။	နှောင်းခေတ်တေးပဒေသာ
၁၈:၁၅	၁၁။	Discovery.
၁၈:၃၀	၁၂။	ညနေခင်းသတင်း
၁၉:၀၀	၁၃။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၄။	Milo Success in Soccer
၁၉:၁၀	၁၅။	နိုင်ငံခြားဇာတ်လမ်းတွဲ **"မိုးမြေဆုံးစေတော့ကွယ်"** (အပိုင်း–၅)
၁၉:၄၀	၁၆။	Myanmar ICT Week ဂုဏ်ပြုအစီအစဉ်(အပိုင်း၃)
၂၀:၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	မြန်မာဗီဒီယိုဇာတ်လမ်း **"ပွဲတင်သံများ"** (အပိုင်း–၁) (ရန်အောင်၊ နိုင်းနိုင်း၊ ထွန်းအိန္ဒြာဗို) (ဒါရိုက်တာ–စန်းပိုက်)
	၂၁။	နောက်တစ်နေ့အစီအစဉ်
	၂၂။	အစီအစဉ်ပြီး၏။

ရီပို့တာဂျာနယ် အမှတ် (၁၀၄)ထွက်ပြီ

ရန်ကုန် ဇန်နဝါရီ ၁၅

မြေနီကုန်းဖိုးလုံး၊ မောင်ဝံသ၊ မင်းရွှေမောင်၊ ဘုန်းစည်သူ၊ စိုးမြင့်လတ်၊ ဇင်မော်တို့၏ရှုထောင့်စုံ ရသစုံဆောင်းပါးများအပါအဝင် အင်တာနက်သတင်းများကို ဓာတ်ပုံ ဝေဝေဆာဆာဖြင့် Reporter နိုင်ငံတကာသတင်းဂျာနယ်အမှတ်(၁၀၄)ထွက်နေပါပြီ။ ဖုန်း–၇၂၀၇၇၉ သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ **(အပေါ်ပုံ)**

(က–ပ)



ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် နာယက ဗိုလ်ချုပ်ကျော်ဝင်းနှင့် ဧည့်သည်တော်များ အသက် (၁၄) နှစ်နှင့်အောက် အာရှဇုန်(၂) တင်းနစ်ပြိုင်ပွဲကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

အိုင်တီပညာဖွံ့ဖြိုးတိုးတက်ရေးသင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၅

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်(MCF)နှင့် The Association for Overseas Technical Scholarship(AOTS) တို့၏ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ ITပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် Fundamental IT Engineer Examination Course(MYFE) သင်တန်းကို လှိုင်တက္ကသိုလ်နယ်မြေ MICT Park ရှိ e-Learning Center တွင် ဖေဖော်ဝါရီ ၁၆ရက်မှစ၍ ရက်သတ္တပတ်ခြောက်ပတ်ကြာ ဖွင့်လှစ်မည်ဖြစ်သည်။

စိတ်ပါဝင်စားသည့်အသက် ၂၀ နှင့် ၄၀ နှစ်အတွင်း ရှိဘွဲ့တစ်ခုခုရရှိပြီး အိုင်တီပညာရပ်တွင် အတွေ့အကြုံ အနည်းဆုံး နှစ်နှစ်ရှိသူ မည်သူမဆို ဇန်နဝါရီ ၂၆ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ရုံး ဖုန်း-၇၀၇၅၀၃ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အသက်(၁၄)နှစ်နှင့်အောက် အာရှဇုန်(၂) ပထမအကျော့တင်းနစ်ပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၅

အပြည်ပြည်ဆိုင်ရာတင်းနစ်အဖွဲ့ချုပ်(ITF)နှင့် မြန်မာနိုင်ငံတင်းနစ် အဖွဲ့ချုပ်(TFM)တို့ ကြီးမှူးကျင်းပသော အသက်(၁၄)နှစ်နှင့်အောက် အာရှဇုန်(၂) ပထမအကျော့ တင်းနစ်ပြိုင်ပွဲ ပွဲစဉ်များကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ဆက်လက်ကျင်းပရာ ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ မြန်မာနိုင်ငံတင်းနစ် အဖွဲ့ချုပ် နာယက ဗိုလ်ချုပ်ကျော်ဝင်း၊ ဥက္ကဋ္ဌ ဦးဇော်ဇော် (Max Myanmar Co., Ltd)နှင့် အတွင်းရေးမှူး ဒေါက်တာတင်အောင်လင်း(Aung Mingalar Co., Ltd.)နှင့်အမှုဆောင် ဗိုလ်မှူးတင်စောနိုင် (ကာကွယ်ရေးဝန်ကြီးဌာန)နှင့်အမှုဆောင်အဖွဲ့ဝင်များ၊ ပြည်ထောင်စု မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ ဖိတ်ကြားထားသူများ၊ တင်းနစ် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

အနိုင်ရ

ယနေ့ကျင်းပသော အမျိုးသား တစ်ဦးချင်း ဗိုလ်လုပွဲတွင် မြန်မာအသင်းမှ ဖြိုးမင်းသာက ဇင်ဘိုကို ၆-၂၊၆-၀ ဖြင့် အနိုင်ရရှိပြီး ဖြိုးမင်းသာက ပထမ၊ ဇင်ဘိုက ဒုတိယရရှိသွားသည်။

အမျိုးသားနှစ်ယောက်တွဲ ဗိုလ်လုပွဲတွင် ဖြိုးမင်းသာနှင့် ဝင်းထက်ပိုင်တို့အတွဲ ကပါကစ္စတန်မှ Babar နှင့် Nazir တို့ အတွဲကို ၃-၆၊၆-၃၊၇-၆ ဖြင့် အနိုင်ရပြီး ပထမရရှိသွားသည်။

အမျိုးသမီးတစ်ဦးချင်း ဗိုလ်လုပွဲတွင် မလေးရှားမှ Noordin က သီရိလင်္ကာမှ Aru Dpragasam ကို ၆-၀၊ ၆-၀ဖြင့် အနိုင်ရရှိပြီး ပထမရရှိသွားသည်။

အမျိုးသမီးနှစ်ယောက်တွဲဗိုလ်လုပွဲတွင် မလေးရှားမှ Noordin နှင့် သီရိလင်္ကာမှ Jayatilaka တို့အတွဲက မလေးရှားမှ Thirumalai Chelvam နှင့် Vythinathan တို့အတွဲကို ၆-၂၊ ၆-၀ဖြင့်အနိုင်ရရှိပြီး ပထမရရှိသွားသည်။

ဆက်လက်ကျင်းပမည်

အသက်(၁၄)နှစ်နှင့်အောက် အာရှဇုန်(၂) တင်းနစ်ပြိုင်ပွဲ ပထမအကျော့ပွဲစဉ်များ ယနေ့ပြီးဆုံးသွားပြီဖြစ်ရာ ဒုတိယအကျော့ပွဲစဉ်များကို ဇန်နဝါရီ ၁၆ ရက် နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဇန်နဝါရီ ၁၅

ရန်ကုန်မြို့ ပန်းလှိုင်ဂေါက်ကွင်းတွင် ဇန်နဝါရီ၁၃ရက် ညနေပိုင်းက ဦးဝင်းလွင်ဦး(နန္ဒာဝန်ဟိုတယ် ကုမ္ပဏီလီမိတက်)သည် ကစားဖော်များဖြစ်ကြသော ဒေါက်တာ စန်းယု၊ ဒေါက်တာ နိုင်ဝင်း၊ ဦးဒေါင်ဇေတို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၁၂)၌ ၁၇၄ကိုက်အကွာမှ Tour Special.3 ဘောလုံးကို Mizuno Iron No-6 သံတုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းကျင်းဝင်သွားကြောင်းသိရသည်။ **(က-ပ)**

နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးခြင်း

ကျွန်တော် **မောင်လှရွှေ** [၁၃/လရန(နိုင်) ၀၆၂၄၄၅] (အ)ဦးချစ်လင်းနှင့် ကျွန်မ **မရှောက်ခန့်** [၁၃/လရန(နိုင်) ၁၀၄၅၇၇၂] (အ)ဦးရှောက်ဆော်တို့သည် (၁၅-၁-၂၀၀၄) ရက်နေ့တွင် တွဲဖက် မြို့နယ်တရားသူကြီး ဦးအောင်မြင့် (ကြည့်မြင်တိုင်မြို့နယ်တရားရုံး)၏ ရှေ့မှောက်တွင် နှစ်ဦးသဘောတူလက်ထပ်ပြီးစီးပါကြောင်း။

ကိုလှရွှေ-မရှောက်ခန့်။

အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မင်းမင်းယု ၁၂/ဗဟန(နိုင်)၀၁၈၃၉၈ နှင့် ဦးဝင်းနိုင်(ခ) ဆရာအောင်ကျော်ဖြိုး ၁၂/ဗဟန(နိုင်) ၀၅၇၀၅၇ တို့သည် ၃၁-၁၀-၂၀၀၃ရက်တွင် ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးအရာရှိ ရှေ့မှောက်တွင် စာချုပ်အမှတ် ၆၂၇၈/၀၃ဖြင့် "တရားဝင်အကြင်လင်မယားအဖြစ် ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်"တွင် နှစ်ဦးသဘောတူ လက်မှတ်ရေးထိုးကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်ပါသည်။ အဆိုပါစာချုပ်ဖြင့် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗားကရာလမ်း၊ အမှတ် ၁၆၆၊ အပေါ်ဆုံးလွှာ၊ တိုက်ခန်းအမှတ် D-၂တိုက်ခန်းအား ဦးဝင်းနိုင်မှ အပြီးအပိုင်စွန့်လွှတ်ပေးကမ်းလိုက်ပြီးဖြစ်၍ ဒေါ်မင်းမင်းယုတစ်ဦးတည်းပိုင်အဖြစ် လက်ရောက်ရရှိခဲ့ပြီး အေးချမ်းစွာ နေထိုင်လျက်ရှိပါသည်။

အထက်ဖော်ပြပါကိစ္စရပ်များကို ဆန့်ကျင်ပြီး ဒေါ်မင်းမင်းယုအား ဂုဏ်သိက္ခာထိခိုက်နစ်နာဆုံးရှုံးမှုဖြစ်စေရန် ရည်ရွယ်ပြီး စွပ်စွဲပြောဆိုနေသူများအား တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်အေး
ဥပဒေအကျိုးဆောင်
အမှတ်၁၀၈၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကွန်ပျူတာအပိုပစ္စည်းဈေးနှုန်းချိုသာစွာရောင်းချ

ရန်ကုန် ဇန်နဝါရီ ၁၅

မြတ်သပြေမိသားစုကုမ္ပဏီလီမိတက်မှ နှစ်သစ်ကူးအရောင်းမြှင့်တင်ရေးကာလအတွင်း ကွန်ပျူတာအပိုပစ္စည်းများဖြစ်သော မော်နီတာ၊ ကီးဘုတ်၊ မားသားဘုတ်၊ စကင်နာ၊ ပရင်တာ၊ လက်(ဖ်)တော့(ပ်)၊ မန်မိုရီ၊ ကေဇင်၊ စီဒီရွမ်၊ မောက်(စ်)၊ Cpu၊ i Pop၊ MP_3 Player၊ Organizerအမျိုးမျိုး၊ လိုင်းဖုန်း၊ ဂျီအက်(စ်)အမ်၊ ဆဲလ်လူလာနှင့် မိုဘိုင်းဖုန်းအမျိုးမျိုး၊ ဒီဂျစ်တယ်ကင်မရာအမျိုးမျိုးနှင့် ဖန်စီပစ္စည်းမျိုးစုံကို ချိုသာမှန်ကန်သော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည်။

အသေးစိတ်သိလိုပါက ယုဇနပလာဇာရှိ မြတ်သပြေမိနီမတ် (၁) ဖုန်း-၀၁-၂၀၀၇၄၇ (လိုင်းခွဲ- ၂၁၁၇)၊ မြတ်သပြေမိနီမတ်(၂) ဖုန်း- ၀၁-၂၀၀၇၄၇(လိုင်းခွဲ-၁၅၄၆)၊ ၇၀၃၆၇၆၊ မြတ်သပြေမိနီမတ်(၃) အမှတ် ၆၀၊ ၈၁ လမ်းနှင့် ၂၆ (ဘီ) လမ်းထောင့်၊ တောင်ဇလပ်ဟိုတယ်၊ မြေညီထပ်၊ မန္တလေးမြို့ ဖုန်း-၀၂-၆၀၆၅၅၊ ၆၀၉၀၉၊ မြတ်သပြေ မိနီမတ် (၄) စက်ရုံလမ်း ဖုန်း-၀၁-၂၀၀၂၅၆၊ ၂၉၇၅၂၃နှင့် မြတ်သပြေ ကွန်ပျူတာ အရောင်းပြခန်း(၅) အမှတ် ၇၇၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ် ဖုန်း-၀၁-၅၅၆၈၀၅၊ ၅၃၆၅၉၅တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**



ဝါဏိဇ္ဇဘွဲ့ရများအသင်း(မြန်မာနိုင်ငံ) ရွှေရတုအထိမ်းအမှတ်ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၅

ဝါဏိဇ္ဇနှင့် စီမံခန့်ခွဲမှုပညာဘွဲ့ရများဖြင့် ဖွဲ့စည်းထားသော ဝါဏိဇ္ဇဘွဲ့ရများအသင်း(မြန်မာနိုင်ငံ) CGA ၏ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် အခမ်းအနားကို လှိုင်မြို့နယ် MICT Park၌ ဇန်နဝါရီ ၁၇ ရက် (စနေနေ့)တွင် ကျင်းပမည်ဖြစ်သည်။

ရွှေရတုအထိမ်းအမှတ် စီးပွားရေးလုပ်ငန်းဆိုင်ရာ စကားဝိုင်းဟောပြောပွဲများကျင်းပခြင်း၊ အသင်း၏လှုပ်ရှားမှုများ၊ ဆရာကြီးဝီလျံပေါ် အမှတ်တရဆုရန်ပုံငွေဆိုင်ရာ လှုပ်ရှားမှုများနှင့် ဝါဏိဇ္ဇနှင့် စီမံခန့်ခွဲမှု ပညာရပ်ဆိုင်ရာများ၊ သတင်းအချက်အလက်နည်းပညာဆိုင်ရာများ ခင်းကျင်းပြသခြင်း၊ ရွှေရတုညစာစားပွဲနှင့် ဖျော်ဖြေရေးအခမ်းအနားကျင်းပမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်သည်။

ဝါဏိဇ္ဇနှင့် စီမံခန့်ခွဲမှုပညာဘွဲ့ရများ၊ စိတ်ပါဝင်စားသူများ၊ အလှူငွေထည့်ဝင်လိုသူများ၊ ခင်းကျင်းပြသလိုသည့် သင်တန်းကျောင်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီများ၊ကူညီပံ့ပိုးလိုသူများအနေဖြင့် အသင်းရုံး အမှတ် ၃၇/၄၁၊ လမ်း၅၀(အောက်) ဖုန်း-၂၉၁၆၆၇၊ ဦးမော်သန်း ဖုန်း-၇၀၆၄၁၅၊ ဦးမောင်မောင်ထိပ် ဖုန်း- ၅၄၉၃၆၅၊ ၀၉၅၀၀၄၀၂၀၊ ဦးသိန်းဦး ဖုန်း-၆၅၂၂၇၀၊ ၆၅၂၂၃၉၊ ၀၉၅၀၀၃၇၄၆၊ ဦးကြည်သာစိုး ဖုန်း- ၇၂၃၀၇၂၊ ၀၉၅၀၁၈၆၅၉၊ ဦးသန်းအောင် ဖုန်း-၀၉၉၉၂၂၂၅၀နှင့် ဒေါ်အေးသီတာ ဖုန်း- ၂၄၅၈၀၁၊၀၉၅၀၀၀၇၅၂တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။

(က-ပ)

ပရီမီယာရှစ်ပွဲစဉ်ထိပ်ဆုံး၌မန်ယူနှင့်အာဆင်နယ်အကြိတ်အနယ်

ဟိန်းသန့်

ပရီမီယာရှစ်ပွဲစဉ် (၂၁)အပြီး၌ မန်ယူက နယူးကာဆယ်နှင့် သရေကျပြီး အာဆင်နယ်နှင့်ချယ်လ်ဆီးတို့ နိုင်ပွဲကိုယ်စီရသွားကြသဖြင့် ထိပ်ပိုင်းသုံးသင်းကြား အမှတ်ကွာဟမှုပြန်နည်းသွားခဲ့သည်။ မန်ယူတို့ အာဆင်နယ်ကို တစ်မှတ်၊ ချယ်လ်ဆီးကို ငါးမှတ်အသာဖြင့် ပရီမီယာရှစ်ကို ဦးဆောင်နေသော်လည်း ထိုအနေအထားမှာ စိတ်မချရ။

အထူးသဖြင့် အနီးကပ်ဆုံး အာဆင်နယ်၏ ဖိအားပေးမှုကို ခံနေရရာ မန်ယူနှင့် အာဆင်နယ်တို့၏ ပြိုင်ဆိုင်မှုမှာ စိတ်ဝင်စားစရာ ကောင်းလှသည်။ ချယ်လ်ဆီးအသင်းကလည်း ထိုနှစ်သင်းနောက်သို့ ထက်ကြပ်မကွာ လိုက်လျက်ရှိရာ ထိပ်ဆုံးက သုံးသင်း၏ အနေအထားမှာ အပိုင်ပြော၍ မရသေးသည့် အနေအထား၌ပင် ရှိနေသေးသည်။ သုံးသင်းစလုံးအတွက် လက်ကျန်ပွဲ ၁၇ပွဲ၌ အတိမ်းအစောင်းနည်းနိုင်သမျှ နည်းအောင် ကစားကြရဦးမည် ဖြစ်သည်။

ယခု ဇန်နဝါရီ ၁၇ ရက်နှင့် ၁၈ ရက်များတွင် ကစားရမည့် ပွဲစဉ် (၂၂)၌ မန်ယူနှင့် အာဆင်နယ်တို့ အဝေးကွင်းသို့ သွားကစားရမည်ဖြစ်ပြီး ချယ်လ်ဆီးမှာ အိမ်ကွင်း၌ ကစားရမည်ဖြစ်၍ ချယ်လ်ဆီးတို့အခွင့်အရေးသာနေသလိုတော့ရှိသည်။ အဝေးကွင်း၌ ကစားရမည့် မန်ယူနှင့်အာဆင်နယ်တို့ နှစ်သင်းတွင်ပင် မန်ယူမှာ ဇယားအောက်ဆုံးမှ ဝုလ်ဖ်အသင်းနှင့် ကစားရမည်ဖြစ်ပြီး အာဆင်နယ်က ခြေစွာနေသည့် အက်စတန်ဗီလာနှင့်ကစားရမည်ဖြစ်ရာ အာဆင်နယ်ထက် မန်ယူက ပွဲပိုချောင်နိုင်သည်ဟု ယူဆ၍ ရနေသည်။ ပွဲစဉ် (၂၂)၌ မန်ယူ၊ အာဆင်နယ်နှင့် ချယ်လ်ဆီးတို့ အခြေအနေမည်သို့ ရှိနိုင်သနည်း။ ပရီမီယာရှစ်ပွဲစဉ် (၂၂)ကို ကြိုတင် ခန့်မှန်းချက်များထုတ်ပြီး ရင်ခုန်ကြည့်လိုက်မိပါသည်။

ပွဲစဉ် (၂၂) ၁၇/၁၈–၁–၂၀၀၃

အက်စတန်ဗီလာ–အာဆင်နယ်

ပထမအကျော့ ဟိုက်ဘူရီ၌ ဆုံခဲ့စဉ်က အာဆင်နယ်က အနိုင်ယူထားသည်။ ၂–၀။ ယခု ဗီလာပါ့ခ်တွင် ပြန်ဆုံချိန်၌ အာဆင်နယ်တို့ ပွဲကျပ်နွဲ့ရမည့်ပုံ ရှိသည်။ ဗီလာခြေတက်နေသည်။ ရှေ့တန်းမှ ဗက်ဆဲလ်၊ အိန်ဂျယ်လ်တို့ ဂိုးသွင်းခြေမြူး နေကြသည်။ ထို့အပြင် ဗီလာ၏ အိမ်ကွင်းရလဒ်မှာ ခြောက်ပွဲ နိုင်၊ သုံးပွဲ သရေ၊ တစ်ပွဲရှုံး ၁၅ဂိုးသွင်းပြီး ရှစ်ဂိုးပေးထားရကြောင်း တွေ့ရသည်။

ထိုရလဒ်အရ ဗီလာကို အိမ်ကွင်း အားကောင်းသည့် အသင်းအဖြစ် သတ်မှတ်ထား၍ ရနေသည်။ အာဆင်နယ်၏ ခြေစွမ်းမှာလည်း တည်ငြိမ်သည်ဟုတော့ ဆိုနိုင်သည်။ ယခုအချိန်၌ အာဆင်နယ်မှာ အင်္ဂလန်၌ ရှုံးပွဲမရှိသေးသော အသင်းဖြစ်သည်။ သို့ရာတွင် အာဆင်နယ်၏ ပရီမီယာရှစ်၌ ကစားထားသည့် နောက်ဆုံး ရလဒ်များမှာ သိပ်အားမကောင်းလှ။

အဝေးကွင်းနောက်ဆုံး လေးပွဲ၌ တစ်ပွဲသာနိုင်ထားသည်။ ဆောက်သမ်တန် ကို ၁–၀ ဖြင့် ကျန် သုံးပွဲဖြစ်သည့် အဲဗာတန်၊ ဘော်လ်တန်၊ လက်စတာတို့ သုံးသင်းနှင့် သရေကျထားသည်။ ၁–၁စီချည်းသာ။ ထို့ကြောင့် အာဆင်နယ်၏ အဝေးကွင်းခြေစွမ်းကို သိပ်အားမရမိသည်ကတော့အမှန်။

အခုကစားရမည့် ဗီလာမှာ အာဆင်နယ်နောက်ဆုံးကစားထားသည့် အဝေးကွင်း ပြိုင်ဘက်များ ထက်သာလျှင်သာနေမည်၊မည့်နိုင်။အထူးသဖြင့်ဗီလာ၏ သေသပ်လှသည့် တိုက်စစ်ကစားပုံက အာဆင်နယ်ကိုခြိမ်းခြောက်နိုင်စွမ်းရှိနေသည်။ ပြီးခဲ့သည့် ငါးနှစ်အတွင်း ဤနှစ်သင်း ဗီလာပါ့ခ်၌ ဆုံတိုင်းသရေပွဲများ များနေသည်။ အနိုင်ရသောအသင်းကလည်း ဂိုးသိပ်မပြတ်တတ်။ ထို့ကြောင့် ယခုပွဲမှာလည်း သရေပွဲဆီသို့ဦးတည်နေသည်ဟုထင်မိသည်။

ဘော်လ်တန်–ပို့စ်မောက်

ပထမအကျော့၌ ပို့စ်မောက်အသင်းအိမ်ကွင်း၌ အစွမ်းပြပြီး ဘော်လ်တန်ကို အနိုင်ကစားထားသည်၊ ၄–၀။ ထို့ကြောင့် ထိုရှုံးကြွေးကို ဘော်လ်တန်တို့ ပြန်ပေးဆပ်ရတော့မည် ဖြစ်သည်။ ဘော်လ်တန်အိမ်ကွင်းမာပြီး ပို့စ်မောက်အဝေးကွင်း၌ နိုင်ပွဲမရှိသေးသည်က ဘော်လ်တန်အသာစီး ရှိသလိုပင်။ သို့ရာတွင် ဘော်လ်တန်၏ ခံစစ်ကြောင်းကို သိပ်စိတ်မချရသေး။ နောက်ဆုံးလေးပွဲ၌ ၁၀ ဂိုးပေးထားရသည်။ တိုက်စစ်ပိုင်း၌ စိတ်ချရသည့် အနေအထားတွင် ရှိနေသည်။ ပို့စ်မောက်အသင်းမှာလည်း အိမ်ကွင်း၌ ခြေစွမ်းပြပြီး ဂိုးများရသလောက် အဝေးကွင်း၌ ဂိုးပေါက် ပျောက်နေလေ့ ရှိသည်။ အဝေးကွင်း၌ ခံစစ်ဖြင့် ထိန်းကစားရန် ကြိုးစားသော်လည်း ခံစစ်ကလည်း မလုံခြုံရာ ပို့စ်မောက်တို့ အဝေးကွင်းဆိုလျှင် ရှုံးပွဲတွေ့ရသည်က များနေသည်။ ဘော်လ်တန်နိုင်ဖို့ အခွင့်အရေးပိုများနေသည်။

ချယ်လ်ဆီး–ဘာမင်ဂမ်

ပထမအကျော့ ဘာမင်ဂမ်ကွင်း၌ ဂိုးမရှိသရေကျထားကြသည်။ ယခုချယ်လ်ဆီး၏ကွင်း၌ ပြန်ဆုံကြခြင်းဖြစ်ရာ မန်ယူ၊ အာဆင်နယ်တို့ကို ဖိအားလိုက်ပေးနိုင်ရန် အတွက် ချယ်လ်ဆီးအမှတ်ရဖို့ အရေးကြီးနေသည်။ ဘာမင်ဂမ်မှာမူ ဒဏ်ရာများကြုံနေရရာ နောက်တန်းက အပ်ဆင် မကစားနိုင်သည်က ဘာမင်ဂမ်အတွက် အကြီးမားဆုံး ထိုးနှက်ချက် ဖြစ်နေသည်။ အပ်ဆင်မပါသည့် ဘာမင်ဂမ် နောက်တန်းမှာ နောက်ဆုံးကစားခဲ့သည့် အဝေးကွင်း တော့တင်ဟမ်နှင့်ပွဲ၌ လေးဂိုးအသွင်းခံထားရသည်။ ယခု ဘာမင်ဂမ်တို့ရင်ဆိုင်ရမည့် ချယ်လ်ဆီးမှာ တော့တင်ဟမ် တိုက်စစ်ထက်ပိုပြီး အားကောင်းသည့်အသင်း ဖြစ်သည်။ တိုက်စစ်၌ အဆုံးအဖြတ် ဂိုးသွင်းပေးနိုင်သူများလည်း ပိုများသည်။ ထို့ကြောင့် ဘာမင်ဂမ် ခံစစ်မှာ ချယ်လ်ဆီး တိုက်စစ်ကို တောင့်ခံနိုင်ဖွယ် မမြင်မိ။ ချယ်လ်ဆီးအတွက် ယခုပွဲ၌ နည်းပြကြီး ရေနီယာရီ တိုက်စစ်အတွဲ ထုတ်ပုံမှန်ဖို့သာ လိုလိမ့်မည်။ ဒဏ်ရာပျောက်ခါစ ခရက်စပိုကို ထုတ်သုံးမလား၊ ဟက်ဆယ်ဘိန့်ကိုပဲ ဆက်သုံးမည်လား ရေနီယာရီ ဆုံးဖြတ်ရလိမ့်မည်။ ရေနီယာရီအနေဖြင့် အင်္ဂလန်ကစားပုံနှင့် ပိုအံဝင်ပြီး ဂိုးများလည်း သွင်းပြနေသည့် ဟက်ဆယ်ဘိန့်ကိုသုံးခဲ့ပါက အနိုင်ရမည့် ရာခိုင်နှုန်း ပိုများလိမ့်မည် ထင်သည်။ ထိုသို့မဟုတ်ဘဲ ရေနီယာရီသာ . . .။

အဲဗာတန်–ချာလ်တန်

အဲဗာတန် အိမ်ကွင်းကောင်းသလို ချာလ်တန်ကလည်း ကွင်းမရွေးသည့်အသင်း ဖြစ်သည်။ ပထမအကျော့၌ ချာလ်တန် ၂–၂အဲဗာတန်။ အဲဗာတန် အိမ်ကွင်း၌ ကစားပုံကောင်းပြီး တိုက်စစ်အားပါ တက်လာတတ်သော်လည်း ကွင်းလယ်က ဂရာဗီဆင်နှင့် ရှေ့က ရူနီဒဏ်ရာများကြောင့် ယခုပွဲမကစားနိုင်ခဲ့ပါက အသင်း အတော်အားနည်းသွားနိုင်သည်။ ချာလ်တန်မှာ လူစုံနေသည်။ ထို့အပြင် ချန်ပီယံလိဂ် ဝင်ခွင့်ကိုလည်း မျက်စောင်းထိုးနေချိန်ဖြစ်ရာ အဲဗာတန်ဆီက အမှတ်ခွဲယူနိုင်ရေးအတွက် ကြိုးစားလိမ့်မည်။ သရေပွဲဖြစ်သွားရန် နီးစပ်နေသည်။

မန်စီးတီး–ဘလက်ဘန်း

မန်စီးတီးကတော့ အတော်ပင် ဆိုးရွားနေသည်။ နိုင်ပွဲကိုရှာရင်းနှင့် အနိုင်နှင့် ဝေးနေသည်။ ကစားလျှင်ခြေသာ တတ်သည်။ ပြိုင်ဘက်ကိုလည်း ဖိကစားနိုင်သည်။ ရှေ့က အနယ်လ်ကာလည်း ဂိုးများရနေသည်။ သို့သော် ခံစစ်ပိုင်း အားပျော့နေမှုက ဖိကစားရင်းဖြင့် ဂိုးများပြန်ပေးနေရသည်။ ပြန်ပေးလိုက်ရသည့်ဂိုးက ပြိုင်ဘက်သွင်းဂိုးထက်များသည့် အကြိမ်နှင့် ဆတူဖြစ်သွားသည့် အကြိမ်က ပိုများနေသည်။ ထို့ကြောင့် မန်စီးတီးတို့ နိုင်ပွဲဝေးရခြင်း ဖြစ်သည်။ ဘလက်ဘန်း ခြေစွာသည်ဟု ပြောနိုင်သော်လည်း သူတို့လည်းမန်စီးတီးလို ဖြစ်နေသည်။ သွင်းဂိုးထက်ပေးဂိုးက ပိုများနေတတ်သည်။ ထိုသို့ပေးဂိုးများ မသွားအောင် ထိန်းထားနိုင်သည့် ခံစစ်မျိုးကလည်း မရှိရာ ဘလက်ဘန်းလည်း မန်စီးတီးလိုပင် နိုင်ပွဲရှာရင်း ဝေးနေသည်။ ထို့ကြောင့်ဘဝတူ နှစ်သင်းဆုံသည့်ပွဲကို သရေဟုသာ အလွယ်တကူ မှန်းချက် ထုတ်ထားကြည့်လိုက်သည်။ ပထမအကျော့ ဘလက်ဘန်းကွင်းတွင် ဤနှစ်သင်း ဆုံခဲ့စဉ်ကမူ ဂိုးများ အပြန်အလှန်သွင်းရင်း မန်စီးတီးက အနိုင်ယူထားဖူးသည်။ ၃–၂။

မစ်ဒယ်ဘရော့–လက်စတာ

အသင်းကြီးများဖြစ်သည့် မန်ယူ၊ အာဆင်နယ်တို့ကို မလှန်နိုင်သော်လည်း မစ်ဒယ်ဘရော့ ခြေမှန်သည်။ အိမ်ကွင်း ကစားအားကောင်းသည်။ တိုက်စစ်၌ ရစ်ကတ် မကစားနိုင်သော်လည်း ဒီဇိုင်းယားကျော့ဘ် ပြန်ကစားနေ၍ မစ်ဒယ်ဘရော့ တိုက်စစ်ကို လျှော့တွက်၍ မရ။

ယခုပွဲ၌ လူပါ ပြန်စုံလာဖွယ်ရှိနေရာ လက်စတာ လွယ်မည် မထင်။ လက်စတာက ကစားအားလေး ရှိသော်လည်း ခံစစ်ကစိတ်မချရ။ အဝေးကွင်း၌ သရေထိန်းကစားလေ့ရှိသော်လည်း ခြေမှန်သည့် မစ်ဒယ်ဘရော့ကို ယှဉ်နိုင်ရန် မလွယ်လှရာ လက်စတာရှုံးပွဲဆက်ဖို့ များနေသည်။ ပထမအကျော့ လက်စတာကွင်း၌ ကစားခဲ့ကြစဉ်ကမူ ၀–၀ သရေပွဲဖြစ်ထားသည်။

နယူးကာဆယ်–ဖူလ်ဟမ်

နယူးကာဆယ် ခြေပြန်မှန်နေပြီဟုတော့ထင်စရာပင်။ မန်ယူကို အိုးထရက်ဖို့ဒ်၌ သရေရအောင် ခံကန်နိုင်၍ ကစားသမားများလည်း စိတ်ဓာတ် တက်ကြွနေနိုင်သည်။ အိမ်ကွင်း၌လည်း နယူးကာဆယ် ပိုကောင်းအောင် ကစားပြလေ့ရှိရာ အဝေးကွင်းနောက်ဆုံး သုံးပွဲစလုံး အရှုံးပေါ်ထားသော ဖူလ်ဟမ်းအတွက်တော့ လွယ်မည် မထင်မိ။ ဖူလ်ဟမ်အသင်းမှာလည်း ဆာဟာကြောင့် ခက်နေသည်။

ယခုပွဲ၌လည်း ဆာဟာကို ဖူလ်ဟမ်နည်းပြကိုးလ်မင်း မသုံးဘဲ ထားနိုင်သည်။ ဆာဟာမပါခဲ့လျှင် ဖူလ်ဟမ် တိုက်စစ် အကျဘက်သို့ ရောက်သွားလိမ့်မည်။ ဤနှစ်သင်း ပထမအကျော့၌ ဆုံခဲ့စဉ်ကလည်း နယူးကာဆယ်ပင် အနိုင်ရထားသည်၊ ၃–၂။ ပြီးခဲ့သည့် နှစ်ရာသီဆက်တိုက် နယူးကာဆယ်ကွင်း၌ ဆုံခဲ့ကြစဉ်ကလည်း ဖူလ်ဟမ်တို့ တစ်ပွဲမျှမနိုင်ခဲ့။ ၂–၀ဖြင့် တစ်ပွဲရှုံး၊ ၂၀၀၂–၂၀၀၃။ ၁–၁ သရေတစ်ပွဲ ၂၀၀၁–၂၀၀၂။ သည်တော့ ယခုပွဲ မှာလည်း အဝေးကွင်း ခြေပျက်တတ်သည့် ဖူလ်ဟမ်နိုင်မည် မထင်။ နယူးကာဆယ်ပင် အနိုင်ရသွားမည် ထင်သည်။

ဆောက်သမ်တန်–လိဒ်စ်

ရှုံးပွဲဆက်နေသော ဆောက်သမ်တန်တို့ အနိုင်ကို ပြန်ရှာရတော့မည်။ သို့သော် ဆောက်သမ်တန် တိုက်စစ်အတွဲ ဖြစ်သည့် ဘီတီနှင့် ဖိလစ်တို့ ခြေပျက်နေကြသည်။ မျှော်လင့်ခွင့်ရှိသည်က လိဒ်စ်တို့၏ အနေအထားပင် ဖြစ်သည်။ ငွေကြေးပြဿနာများဖြင့် ရှုပ်ထွေးနေသည့် လိဒ်စ်တို့အနေဖြင့် အသင်း၏ခြေစွမ်းကို ပြန်တက်လာအောင် မစွမ်းဆောင်နိုင်သေး။

ယခုပွဲ၌ စမစ်ပြန်ကစားနိုင်သော်လည်း ဗီဒူကာ ဩစီအိမ်ပြန်သွား၍ လိဒ်စ်တိုက်စစ် အားနည်းမြဲအားနည်းနေနိုင်သည်။ ထို့ကြောင့် ဆောက်သမ်တန် တိုက်စစ်ထက်မြက်ဖို့သာ အရေးကြီးနေသည်။ ဆောက်သမ်တန် အနိုင်ဟု ခန့်မှန်းထားချင်သည်။

တော့တင်ဟမ်–လီဗာပူး

ပထမအကျော့ အဖြေက ၀–၀။ ယခု ကစားရမည်က တော့တင်ဟမ်၏ ဝှိုက်ဟာ့တ်လိန်း၌ ဖြစ်သည်။ တော့တင်ဟမ်နိုင်ပွဲများ ပြန်ရလာသော်လည်း အခြေမခိုင်သည့် အသင်းများကို နိုင်ခြင်းဟု ထင်နေကြဖွယ်ရှိသည်။ ယခုပွဲတွင် ရှေ့တန်း၌ ကနူးတေးလည်း မပါဝင်တော့ရာ တော့တင်ဟမ်တိုက်စစ်ကို ရော်ဘီကိန်း တစ်ယောက်တည်းဖြင့် ဦးဆောင်နိုင်မည်လား စောင့်ကြည့်ရလိမ့်မည်။ လီဗာပူးကလည်း တစ်ဂိုးစီသွင်းပြီး နောက်ဆုံးနှစ်ပွဲကို အနိုင်ကစားထားသည်။ ချယ်လ်ဆီး ၀–၁ လီဗာပူး။ လီဗာပူး ၁–၀ အက်စတန်ဗီလာ။ ထိုအခြေအနေအရတော့ အိုဝင် ပြန်ကစားနေသည့်တိုင် လီဗာပူးတိုက်စစ်ကို အားရစရာဟု မဆိုနိုင်သေး။ သို့သော် ယခုပွဲ၌ ဂျရတ်၏ ကြွခိုင်မှုပါပိုကောင်းလာပါက လီဗာပူးကစားဟန်က တော့တင်ဟမ်ကို ဒုက္ခပေးဖွယ်ရှိနေသည်။ သို့သော် ပြီးခဲ့သည့် လေးရာသီ ဝှိုက်ဟာ့တ်လိန်းမှ ရလဒ်များအရ လီဗာပူးမှာ ပြီးခဲ့သည့် ရာသီက တစ်ပွဲသာ နိုင်ခဲ့သည်၊ ၃–၂။ ကျန်သည့် သုံးရာသီစလုံး အနိုင်ရထားသည်က တော့တင်ဟမ် ဖြစ်သည်။ ၁–၀၊ ၂–၁၊ ၁–၀။ ထို့ကြောင့် အနေအထား အရတော့ တော့တင်ဟမ် သာသလို ရှိနေသည်။ ထို့ကြောင့် ယခုပွဲကို သရေပွဲဖြစ်လျှင် ဖြစ်မည်၊ မဟုတ်လျှင် တော့တင်ဟမ် အနိုင်ဟု မှန်းထားရမလို ဖြစ်နေသည်။

ဝုလ်ဖ်–မန်ယူ

ထိပ်ဆုံးနှင့် အောက်ဆုံးမှ အသင်းနှစ်သင်းဆုံသည့်ပွဲ ဖြစ်သည်။ ပုံမှန်အရဆိုလျှင် မန်ယူအနိုင်ကို စိတ်ချရသော်လည်း ဝုလ်ဖ် အိမ်ကွင်းကစားပုံ မာနေခြင်း၊ ပထမအကျော့ အိုးထရက်ဖို့ဒ်တုန်းက မန်ယူတို့ ၁–၀ ဖြင့်သာ ကပ်၍နိုင်ထားခြင်းများကြောင့် ယခုပွဲမှာ သတိထားသင့်သည့်ပွဲ ဖြစ်သည်။ ဝုလ်ဖ်တိုက်စစ်မှာလည်း အိမ်ကွင်း၌ ပိုစွမ်းလေ့ရှိရာ မန်ယူတို့ ထိန်းထိန်းသိမ်းသိမ်း မကစားခဲ့ပါက ဒုက္ခတွေ့သွားနိုင်သည်။ ဝုလ်ဖ်အသင်းမှာ အိမ်ကွင်း၌ ချယ်လ်ဆီးကို ၅–၀ ဖြင့် အပြတ်ရှုံးနိမ့်အပြီးမှစ၍ ခြောက်ပွဲဆက်တိုက် ရှုံးပွဲမရှိတော့။

ထို့ကြောင့် မန်ယူတို့အနေဖြင့် ဝုလ်ဖ်နှင့်ပွဲကို အဆန်းသိပ်ထွင်၍ မရ။ ပြိုင်ဘက်ကို လေးလေးစားစားဖြင့် လူစုံတက်စုံရင်ဆိုင်မှသာ လိုချင်သော နိုင်ပွဲကို ရနိုင်လိမ့်မည်။ သို့မဟုတ်ဘဲ နည်းပြကြီး ဖာဂူဆင်သာ ယခုပွဲကို စမ်းသပ်မှုများဖြင့် အသင်းကို ပွဲထုတ်ခဲ့လျှင်မူ . . .။ ။

ကွင်းဆင်းစစ်ဆေး

ဒီဇင်ဘာ ၂၇ ရက်က မအူပင် တက္ကသိုလ်သို့ သွားရောက်သည့် လမ်းတစ်လမ်းဖြစ်သော အိုင်ဝိုင်း ရွာတွင်းလမ်း ကျောက်ခင်းခြင်း လုပ်ငန်းကို ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကွင်းဆင်း စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦး (လက်ထောက်ညွှန်ကြားရေးမှူး)နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုးနိုင်ဦး၊ လုပ်ငန်းခွင် အင်ဂျင်နီယာဦးလှမျိုးဇော်တို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

အင်္ဂလိပ်စာသင်တန်းများ ဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၅

MAY Int,l Education & Training Center မှ TOEFL, TOEIC, IELTS, SAT, GCE (Eng) နှင့် LCCI စာရင်းကိုင် သင်တန်းများကို လစဉ်ပုံမှန် တန်းခွဲသစ်များအပြင် စနေ၊ တနင်္ဂနွေတန်းခွဲများကိုပါ ဖွင့်လှစ်လျက်ရှိသည်။ General English Proficiency Course, Executive English, Business English, Tourism English, Speaking, Teacher's Training နှင့် Interviews Preparation သင်တန်းများကိုလည်း သင်ကြားပို့ချပေးလျက်ရှိပြီး တစ်ဦးချင်းသင်ကြားလိုသူများအတွက်လည်း စီစဉ် ဆောင်ရွက်ပေးလျက် ရှိသည်။ Institutional Testing Program ဖြင့် စစ်ဆေးသည့် ITP/TOEFL စာမေးပွဲကို ဖေဖော်ဝါရီ ၈ ရက်တွင် ကျင်းပမည် ဖြစ်၍ ဖြေဆိုလိုသူများ စာရင်းပေးသွင်းနိုင်သည်။ နွေရာသီတွင် အသက် ခုနစ်နှစ်မှ ကိုးနှစ်အရွယ်ကလေးများအတွက် English for Children၊ အသက် ၁၀နှစ်မှ ၁၄နှစ်အထိ Level I English နှင့် အသက် ၁၅နှစ်မှ ၁၈နှစ်အတွက် Level II English သင်တန်းများကို ဖေဖော်ဝါရီ ၂၃ရက်တွင် ဖွင့်လှစ်မည်ဖြစ်၍ အမှတ် ၉၁(က) ဗညားဒလလမ်း (တာမွေလမ်း) သျှင်ပါကူ ဆေးခန်းအနီး ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း–၅၄၄၂၂၄၊ ၅၄၅၃၇၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

လွတ်လပ်ရေးနေ့ ဂုဏ်ပြု မိုးညှင်းမြို့နယ် ကျောက်ချောလမ်းသစ်ဖွင့်

မိုးညှင်း ဇန်နဝါရီ ၁၀

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဖောက်လုပ်ပြီးစီးခဲ့သည့် စက်မှုလက်မှုသိပ္ပံ ကျောက်ချောလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်က အဆိုပါလမ်းထိပ် မုခ်ဦးရှေ့၌ ကျင်းပသည်။

လမ်းဖွင့်ပွဲ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဒုတိယရဲမှူး အေးငွေက အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်းက လမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအောင်ငွေ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးအေးငွေနှင့် အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)** အဆိုပါလမ်းအား နိုင်ငံတော် ထောက်ပံ့ငွေဖြင့် ဖောက်လုပ်ခဲ့ပြီး လမ်းအရှည်ပေ ၂၄၇၀၊ လမ်းအကျယ် ၁၂ပေ ကျောက်ချောလမ်းနှင့် ၁၆ ပေ၊ လေးပေအရွယ် အုတ်ခုံခံ သစ်သားတံတားတစ်စင်း အပါအဝင် ငွေကျပ် စုစုပေါင်း ၄၆၆၈၀၀၀ သုံးစွဲ အကုန်ကျခံ ဖောက်လုပ်ခဲ့ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ရွှေကံ့ကော် မြန်မာစာ အထူးထုတ် ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၅



မြန်မာစာအမှတ် ကောင်းကောင်း ဘယ်လိုဖြေမလဲ၊ အမှတ်ပေးစည်းမျဉ်းနှင့်အညီ အကောင်းဆုံးစာပြင်ဆင်မှုများနှင့် မြန်မာစာဂုဏ်ထူးမှန်းသူများအတွက် ဦးစိန်ကို(မြန်မာစာ) ရေးသားစီစဉ်သည့် ရွှေကံ့ကော် တက္ကသိုလ်ဝင်တန်း ပင်ရင်းမြန်မာစာ သင်ရိုးကုန် အထူးထုတ်ကို ရွှေကံ့ကော် ပညာရေးဝန်ဆောင် (ရန်ကုန်တက္ကသိုလ်) ဖုန်း-၇၀၀၇၄၁ နှင့် ၇၂၀၇၇၅ တို့က ဖြန့်ချိထားသည်။

(ယာပုံ) (က-ပ)

Beauty M@x မဂ္ဂဇင်း ဖေဖော်ဝါရီလထုတ်ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၅

နွယ်ဦးလှိုင်စီစဉ် တည်းဖြတ်သည့် Beauty M@x မဂ္ဂဇင်း အမှတ်(၂)အား ဖေဖော်ဝါရီလထုတ်အဖြစ် ဖြန့်ချိထားသည်။

အဆိုပါမဂ္ဂဇင်း၌ အလှအပ၊ ဖက်ရှင်၊ ကျန်းမာရေးနှင့်သက်ဆိုင်သော သုတရသ စာပေလက်ရာများအပြင် လေးရောင်အချပ်ပို မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲ၊ နာမည်ကျော်အနုပညာရှင်များပြောသည့် အမေအကြောင်း၊ ကိုရီးယားမင်းသား မင်းသမီးများ၏ လေးရောင်အလှ ဓာတ်ပုံများနှင့် ကိုယ်ရေးအချက်အလက်များ လမင်းမိုမို၏ ဝတ္ထုအစရှိသည်များပါဝင်ပြီး နေလစာပေ အမှတ် ၁၈၃ ၃လမ်း ဖုန်း- ၇၀၃၈၂၃ က ဖြန့်ချိကြောင်း သိရသည်။**(ဝဲပုံ)** **(က-ပ)**

တနင်္သာရီတိုင်း ပညာရေးစုံညီပွဲတော်ကျင်းပ တက္ကသိုလ်ဝင်တန်း ထူးချွန်စွာအောင်မြင်သူများအားဆုချီးမြှင့်

မြိတ် ဇန်နဝါရီ ၁၅

တနင်္သာရီတိုင်း ပညာရေးစုံညီပွဲတော်နှင့် ၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက် ၇ နာရီက မြိတ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စုဝေးရင်ပြင်တွင် ကျင်းပသည်။

အစီအစဉ်အရ တနင်္သာရီတိုင်း ၁၀မြို့နယ် ကိုယ်စားပြုကျောင်းသူကျောင်းသား ၁၀ ဦးတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး၍ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး ဟုန်ငိုင်းက အမှာစကားပြောကြားသည်။

ထို့နောက် ၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်သူများနှင့် ဘက်စုံပညာရေးတွင် ထူးချွန်စွာ အောင်မြင်သူများအား ဆုများချီးမြှင့်ရာ တစ်ဘာသာမှ ခြောက်ဘာသာအထိ ဂုဏ်ထူးရရှိသူ ၂၇၀အား ဒုတိယတိုင်းမှူးကလည်းကောင်း၊ အောင်ချက်အကောင်းဆုံး မြို့နယ်ပထမဆုရ လောင်းလုံးမြို့နယ်၊ ဒုတိယဆုရ ပုလောမြို့နယ်၊ တတိယဆုရ ထားဝယ်မြို့နယ်တို့ကို တိုင်းစစ်ဦးစီးမှူး ဗိုလ်မှူးကြီးသန်းမြင့်ကလည်းကောင်း၊ အောင်ချက်အကောင်းဆုံး ပထမဆုရ မြိတ်မြို့ အထက(၁)၊ ဒုတိယဆုရ ရေဖြူမြို့ အောက်ရေဖြူ အထက(ခွဲ)၊ တတိယဆုရ ထားဝယ်မြို့ အထက(၁)တို့ကို တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ညိုကလည်းကောင်း၊ ဘက်စုံပညာရေးတွင် ထူးချွန်စွာ အောင်မြင်သူများအား တိုင်းအဖွဲ့ဝင်(၁) ဦးမောင်မောင်ဝင်းကလည်းကောင်း ဆုများအသီးသီး ချီးမြှင့်ကြသည်။

(က-ပ)

(၂၈)ကြိမ်မြောက် အေဘီအမ်အာစရိယပူဇော်ပွဲ ဖေဖော်ဝါရီ၁၄ရက်၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၅

(၂၈)ကြိမ်မြောက် ကြည့်မြင်တိုင် အေဘီအမ်(ABM)ကျောင်း အာစရိယပူဇော်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ၁၄ရက်(စနေနေ့)မွန်းတည့်၁၂နာရီတွင် အေဘီအမ်ကျောင်းဝင်း ဆရာမကြီးဒေါ်လှရှိန်၏ နေအိမ်၌ နှစ်စဉ်ကျင်းပမြဲအတိုင်း စည်ကားသိုက်မြိုက်စွာကျင်းပရန်စီစဉ်ထားသည်။

ကျောင်းသား၊ ကျောင်းသူဟောင်းများသည် အလှူငွေနှင့်ပစ္စည်းများကို ဒေါ်ရီရီမေ ဖုန်း-၂၂၀၃၇၀၊ ဒေါ်ရင်မေ ဖုန်း-၅၂၆၂၄၈၊ ဒေါ်ညွှန့်ညွှန့်အေး ဖုန်း-၅၃၅၅၄၆၊ ဒေါ်ကြည်ကြည်စိန် ဖုန်း-၃၈၀၁၀၁၊ ဒေါ်ခင်တီတီ ဖုန်း-၅၁၂၆၆၇၊ ဒေါ်စွမ်(ရှမ်းမ) ဖုန်း-၂၂၃၂၅နှင့် ဒေါ်လွင်လွင်ကျော် ဖုန်း-၅၇၈၉၂၁ တို့သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် တောင်ကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သော မြို့အဝင် ဂိတ်ပတ်လမ်းနှင့် ပန်းခုံဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၄ရက်တွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစောအောင်နှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဇော်နိုင်လင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)

အခြေခံမီးသတ်သင်တန်းဆင်း

မိုင်းဆတ် ဇန်နဝါရီ ၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းဆတ်မြို့နယ်၏အခြေခံမီးသတ်သင်တန်း (၁/၂၀၀၃) ဆင်းပွဲကို ဒီဇင်ဘာ၃၀ ရက်နံနက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ပြည်ထောင်စုခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးပေါ်ကြွယ်က အမှာစကားပြောကြားသည်။ ထို့နောက် သင်တန်းမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးတင်ထွန်းက သင်တန်းနှင့်ပတ်သက်သည်များရှင်းလင်းပြီး မြို့နယ်ဥက္ကဋ္ဌက သင်တန်းဆင်းလက်မှတ်များအား ပေးအပ်သည်။ **(အောက်ပုံ)**

သင်တန်းသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မျိုးညွှန့်နှင့် ကောင်စီဝင်များ၊ မြို့နယ်နှင့်ရပ်ကွက်၊ ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာများနှင့်သင်တန်းသား ၈၁ဦးတို့တက်ရောက်ကြပြီး သင်တန်းကာလ ရက်သတ္တနှစ်ပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ပျော်ဘွယ်မြို့နယ် မြင်းဘက်ရပ်ကွက် တပင်ရွှေထီး ကတ္တရာလမ်းသစ်ဖွင့်

ပျော်ဘွယ် ဇန်နဝါရီ ၈

ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သော မြင်းဘက်ရပ်ကွက် တပင်ရွှေထီး ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက်က အဆိုပါလမ်းသစ်မုခ်ဦးမဏ္ဍပ်တွင် ကျင်းပသည်။

အခမ်းအနားတွင် တပင်ရွှေထီး ကတ္တရာလမ်းသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်ကြည်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးဝင်းကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အောက်ဝဲပုံ)** တပင်ရွှေထီး ကတ္တရာလမ်းသစ်မှာအရှည်ပေ ၁၁၈၀၊ အကျယ် ၁၂ပေ ရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၁၁၀၃၀၀၀ အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပဲခူးမြို့သစ် အမှတ် (၇)အခြေခံပညာအလယ်တန်းကျောင်း ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံထူးချွန်ဆုပေးပွဲကို ဇန်နဝါရီ၃ ရက်က ကျောင်းခန်းတွင် ပြုလုပ်ရာ ကျောင်းအုပ် ဆရာမကြီး ဒေါ်သန်းသန်းဝင်းက ဘက်စုံထူးချွန်ဆုရ သတ္တမတန်းကျောင်းသူ မဝတ်မှုံဖြူအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က-ပ)

HEPATEC® "သဘာဝအသည်းအားဆေး"

GMP & ISO 9001:2000

FAME Pharmaceuticals မှ ထုတ်လုပ်ဖြန့်ဖြူးသည်။

TOP 243363 705877

မွေးသက္ကရာဇ်အမှန်

ဦးအောင်ကျော်လင်း၏ သမီး တာချီလိတ်မြို့ အထက၊ နဝမတန်း (က)မှ မအေးအေးအောင်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၀-၃-၁၉၈၉ ဖြစ်ပါကြောင်း။

ဂျက်သစ်(နဝဒေး)စားသောက်ဆိုင်

Contact Lens

ဒါ(လ်)မင့်မျက်မှန်ဆိုင်

RUBY CarRental 725317, 650823

24, hr

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀

ရန်ကုန်တိုင်းတရားရုံး

၂၀၀၃ ခုနှစ် တရားမကြီးမှုအမှတ် ၁၀၁၀

ဦးခင်လှ **နှင့်** ဒေါ်တင်တင်နွဲ့

အမှတ် ၂၃၅၊ ၃၂ လမ်း၊ အမှတ် ၃၆၊ ပုသိမ်လမ်း၊

ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်း

တရားလို **တရားပြိုင်**

တရားပြိုင် ဒေါ်တင်တင်နွဲ့(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တရားလိုက ၁၆-၇-၂၀၀၀ ရက်စွဲပါ မြေနှင့်အိမ် အရောင်းအဝယ်ကတိစာချုပ်သည် ချုပ်ဆိုသည့်အချိန်ကပင် ပျက်ပြယ်သော စာချုပ်ဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၁၉ ရက် (၁၃၆၅ ခုနှစ် ပြာသိုလဆုတ် ၁၃ ရက်) မွန်းမတည့်မီ နံနက် ၉:၃၀ နာရီအချိန်တွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ရမည်။

၂၀၀၄ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **မျိုးညွန့်**

တွဲဖက်တိုင်းတရားသူကြီး(၄)၊ရန်ကုန်တိုင်းတရားရုံး

အင်္ဂလိပ်စာဆောင်းပါးရှင် ဦးဝင်းမြင့်ဟန် B.A, R.A (Pt), D.M.A A.C.I.I ပြုစုသည့် အင်္ဂလိပ်စာမခက်ပါ စာအုပ်ထွက်နေပါပြီ။ ... words, phrases and idioms (၁၀၀)ကျော်အင်္ဂလိပ်မြန်မာဝါကျများပါသည်။ ... ဖုန်း ၀၁-၅၄၀၆၈၅

ကျေးဇူးဆပ်ပါမည်

မငြိမ်းအေးလွင် (ခ) ငြိမ်းငယ် ၁၂/စခန (နိုင်) ၀၄၇၂၇၄ သည် ၁၂-၁-၂၀၀၄ ရက်တွင် နေအိမ်မှ ထွက်သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်၊ ကျေးဇူးဆပ်ပါမည်။ လက်ခံထားပါက တရားဥပဒေအရ ဆောင်ရွက်မည်။

မိခင် ဒေါ်စန်းစန်းရီ

တိုက်-၁၀၊ အခန်း-၃

သထုံလမ်း၊ ကမာရွတ်

ဖုန်း-၇၀၆၅၀၅

ဒီဇင်ဘာ ၂၈ ရက်က (၅၆) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မော်လမြိုင်ကျွန်းမြို့ မြို့မ(၆)ရပ်ကွက် ကမ်းနားလမ်း ကတ္တရာလမ်းသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြဟန်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဦးစီးအရာရှိ ဦးခင်မောင်မြင့်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

လေးမျက်နှာပရဟိတ ငွေလှူဒါန်းပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၄

ဧရာဝတီတိုင်း လေးမျက်နှာမြို့ ပရဟိတဂေဟာနေ တိုင်းရင်းသားကလေးများ၏ စားဝတ်နေရေး လူမှုရေးလိုအပ်ချက်များအတွက် (၈)ကြိမ်မြောက် ငွေလှူဒါန်းပွဲ အခမ်းအနားကို မိုးကုတ်ဝိပဿနာ အဖွဲ့ခွဲ(၇၇) အောင်ဆန်းတောရတပ်ဦးကျောင်း ဆရာတော် ဘဒ္ဒန္တ သန္တိမ္မကိတ္တိသာရအား အမှူးထား၍ ဖေဖော်ဝါရီ၁၂ရက် (ပြည်ထောင်စုနေ့)တွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်သည်။ စေတနာရှင်အလှူရှင်များအနေဖြင့် အောင်ဆန်းတောရ တပ်ဦးကျောင်း ဖုန်း-၆၄၁၉၆၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(က-ပ)

ဇန်နဝါရီ ၁၃ ရက်က ရန်ကုန်တိုင်း မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမြသိန်း တာဝန်ရှိသူများနှင့်အတူ ကြည့်မြင်တိုင်မြို့နယ် ပန်းပင်ကြီးလမ်းရှိ မျက်မမြင်ကျောင်း မီးဘေးကာကွယ်တားဆီးရေးအတွက် အသိပညာပေး ဟောပြောပွဲနှင့် အရေးပေါ် မီးသတ်ဆေးဘူး အသုံးပြုပုံတို့ကို လက်တွေ့သရုပ်ပြသစဉ်။ (က-ပ)

ဇန်နဝါရီ ၁၂ ရက်က တာမွေမြို့နယ်မူလတန်းဆင့်ကျောင်းပေါင်းစုံ ကာယပြိုင်ပွဲကို အထက(၁)တွင် ပြုလုပ်ရာ ပထမဆုရ အမက (၆) အသင်းအား မြို့နယ်ပညာရေးမှူး ဦးဝင်းမောင်က ဆုချီးမြှင့်စဉ်။

(က-ပ)

အများသိစေရန်

ကျွန်မ ဒေါ်နာလဲ ၁၃/တခလ(နိုင်)၀၅၉၃၄၉ ပိုင်ဆိုင်သော တာချီလိတ်မြို့၊ ဆန်ဆိုင်းရပ် အကွက် ၁၄၊ ဦးပိုင်အမှတ် (၃၁/ခ)၊ ဧရိယာ(၀ဒသမ ၀၇၆) ဧကရှိမြေကွက်နှင့်အကျိုးခံစားခွင့် အရပ်ရပ်အား ဦးအိုက်ကျော် ၁၃/ဟပတ(နိုင်)၀၁၀၃၅၀ သို့ တာချီလိတ်မြို့နယ် စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ်(၂၂/၂၀၀၀)ဖြင့် ၄–၇–၂၀၀၀ ရက်တွင် အထူးကိုယ်စားလှယ်လွှဲစာအား ပေးအပ်ခဲ့ပါသည်။ အဆိုပါကိုယ်စားလှယ်လွှဲစာအား ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပါကြောင်း။

အမြန်ပြန်လာပါ

ဖယ်ခုံမြို့နယ်၊ပရေခူကျေးရွာနေ ဒေါ်မဥ၏ သမီး မိငယ်(ခ) မစိုးစိုးအေး အရပ်(၅)ပေ အသားညို၊ အသက် ၁၇ နှစ်သည် အင်းစိန်မြို့ ရွာမအနောက်ရပ်ကွက်၊ ရွာမကျောင်းလမ်း နေအိမ်တွင် လာရောက်နေထိုင်ရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါ။ လက်ခံထားသူအား အရေးယူမည်။ **ဖုန်း–၇၂၁၂၇၂၊ ၆၈၁၂၉၁**

လိုက်လှဲစွာဝမ်းမြောက်ဂုဏ်ပြုခြင်း

အလက(၇) မြောက်ဥက္ကလာပက ဆရာမ ဒေါ်မြစန်းကြည်၏ ခင်ပွန်း ဦးအောင်ကြည်မြင့်အား နိုင်ငံတော်က **သီဟသုဓမ္မမဏိဇောတဓရ** ဘွဲ့တံဆိပ်တော် ချီးမြှင့်ခဲ့သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆက်လက်၍ နိုင်ငံအကျိုး၊ လူမှုအကျိုးများ ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ကျောင်းအုပ်ကြီးနှင့် ဆရာ၊ဆရာမများ
အလက(၇)၊ မြောက်ဥက္ကလာပ

မွေးသက္ကရာဇ်အမှန်

အဖ ဦးကျော်ဝင်း၏ သမီး မဝင်းနန္ဒာဦး၏ မွေးသက္ကရာဇ် အမှန်မှာ ၂–၁၁–၁၉၈၃ ဖြစ်ပါကြောင်း။

မဝင်းနန္ဒာဦး။

ဖခင်အမည်မှန်

အထက(၁)ကမာရွတ်၊ နဝမတန်း(A)မှ မကြည်ကြည်လွှင်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးမြင့်အောင် ဖြစ်ပါသည်။

ဦးမြင့်အောင်။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁ယ/၉၈၉၃ ဆိုင်ကယ် မှတ်ပုံတင်ထားသူက မှတ်ပုံတင်စာအုပ် (ကမ–၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ၁၅ ရက်အတွင်း ကညနပြည်နယ်ရုံး (ကျိုင်းတုံ)သို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ပြည်နယ်ရုံး(ကျိုင်းတုံ)

ရောင်းမည်

လက်ရှိပြေးဆွဲနေသော (၅၁)ယာဉ်လိုင်း ကားလတ်၊ ကားသန့် ၅ခ/––––
ဖုန်း–၆၄၂၆၁၅

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃က/၈၈၀၂ မော်တော်ယာဉ်လက်ဝယ်ရှိသူက (ကမ–၃) မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ၁၅ ရက်အတွင်း ကညန၊ တိုင်းရုံး(ရန်ကုန်)သို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ ရန်ကုန်တိုင်း

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၅၅၃၇ မော်တော်ဆိုင်ကယ်လက်ဝယ်ရှိသူက မှတ်ပုံတင်စာအုပ် (ကမ–၃) မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက် လိုသူများသည် သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း ကညန၊ ခရိုင်ရုံး (ကျောက်မဲ)သို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ ခရိုင်ရုံး (ကျောက်မဲ)

မော်လမြိုင်မြို့နယ်သမဝါယမဦးစီးဌာန

အများသိစေရန်–

စာရင်းရှင်းလင်း ဖျက်သိမ်းလျက်ရှိသော မော်လမြိုင်မြို့နယ် ဈေးကြိုရပ်ရှိ အဏ္ဏဝါ အဆင့်မြင့်စက်မှုလက်မှုကုန်ထုတ်သမဝါယမအသင်းနှင့် ကွင်းရပ် (၁) စားသုံးသူ သမဝါယမအသင်းများထံမှ ငွေကြေး သို့မဟုတ် ပစ္စည်းတစ်စုံတစ်ရာရရန်ရှိသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် စာရင်းရှင်းတာဝန်ခံထံ ၁၅–၂–၂၀၀၄ ရက်မတိုင်မီ တင်ပြတောင်းခံရန်နှင့် ၎င်းနေ့ရက်ကျော်လွန်မှ တောင်းခံပါက စဉ်းစားမည်မဟုတ်ကြောင်း အသိပေးနှိုးဆော်ပါသည်။

စာရင်းရှင်းတာဝန်ခံ
မြို့နယ်သမဝါယမဦးစီးဌာန

မော်တော်ဆိုင်ကယ်မှတ်ပုံတင် (ကမ–၃)မိတ္တူလျှောက်ထားခြင်း

မော်တော်ဆိုင်ကယ်အမှတ် လရ/၁၉၂၈ လက်ဝယ်ရှိသူက မော်တော်ဆိုင်ကယ် မှတ်ပုံတင်စာအုပ် (ကမ–၃) မိတ္တူ လျှောက်ထားပါသဖြင့် ကန့်ကွက်လိုသူများ သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍၁၅ရက်အတွင်း ပြည်နယ်ရုံး(လားရှိုး)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ရန်။

ကညန၊ပြည်နယ်ရုံး(လားရှိုး)

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်အေးမင်းလတ်သည် ခရီးသွားရင်း နိုင်ငံကူးလက်မှတ်အမှတ် (၂၂၂၆၃၁) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါ။ ကျေးဇူးဆပ်ပါမည်။

ကျော်သူ
ဖုန်း–၆၅၀၃၆၃

အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူ ဦးကျော်မြင့် AW–၀၃၀၃၃၁ဒေါ်ခင်လေးမြင့် CK–၀၂၄၈၁၅တို့၏သားဖြစ်သူ ကိုကျော်မြင့်ဦး KTDA–၀၀၄၄၆၄သည် မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲ မိဘနှင့်မောင်နှမသားချင်းများ၏ ဂုဏ်သိက္ခာကို ညှိုးနွမ်းစေသည့် လုပ်ရပ်များကို ပြုခဲ့သည့်အတွက် ယနေ့မှစ၍ အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်တော့ပါကြောင်း။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါရန်)

ညွှန်ကြားချက်အရ – **ဦးသိန်းအေး B.Sc, H.G.P, P.M.G (Spcl)**
အထက်တန်းရှေ့နေကြီး
တိုက် ၄၃၆၊ အခန်း ၉၊ ၃ထပ်၊ ကုန်သည်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

အသိပေးကြေညာခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် တရားဝင်ထုတ်လုပ်ဖြန့်ချိလျက်ရှိသော တေးသီချင်း၊ ကက်ဆက်ခွေများ၊ စီဒီသီချင်းခွေများ၊ ဗီဒီယိုဆင်ဆာအဖွဲ့၏ ဆင်ဆာခွင့်ပြုချက် ရိုက်နှိပ်ထားသော တေးသီချင်း ကာရာအိုကေ ဗွီစီဒီအခွေများကို သက်ဆိုင်ရာ မူပိုင်ထုတ်လုပ်ခွင့်ရရှိထားသော တေးသံသွင်းနှင့် ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေးဆိုင်များမှ အရည်အသွေးကောင်းမွန်အောင် နိုင်ငံတကာ အဆင့်မီစက်ကိရိယာများ အသုံးပြု၍ ဖြန့်ချိပေးလျက်ရှိနေပါသည်။

ယခုအခါ ထွက်ပေါ်လာသော တေးသီချင်း ကက်ဆက်ခွေ၊ စီဒီခွေ၊ ကာရာအိုကေ ဗွီစီဒီခွေအမျိုးအစားပေါ်လိုက်၍ မသမာသူများနှင့် ဖြတ်လမ်းလိုက်စီးပွားရေးသမားအချို့က အရည်အသွေးမပြည့်ဝသော ကာရာအိုကေ ဗွီစီဒီအခွေများနှင့် ဗီဒီယိုဆင်ဆာအဖွဲ့၏ ဆင်ဆာခွင့်ပြု ချက်ရိုက်နှိပ်ထားခြင်းမရှိသော တရားမဝင် ကူးယူထားသည့် အခွေများကို ဈေးကွက်အတွင်း တဖြည်းဖြည်း ဖြန့်ချိရောင်းချလျက်ရှိရာ တရားမဝင် ကာရာအိုကေ ဗွီစီဒီအခွေအရေအတွက်မှာ တရားဝင်ထုတ်လုပ်သော အခွေအရေအတွက်ထက် များစွာပိုနေကြောင်း တွေ့ရှိနေရပါသည်။နိုင်ငံတော်အစိုးရနှင့် မြန်မာနိုင်ငံ ဗီဒီယိုအစည်းအရုံးတို့၏ အကူအညီဖြင့် တရားမဝင် ကူးယူထုတ်လုပ်ဖြန့်ချိရောင်းချနေသူများအား ဖမ်းဆီးကာ ထိရောက်သော အမှုဖွင့်အရေးယူဆောင်ရွက်မှုများ ပြုလုပ်နေပြီဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ထွက်ပေါ်လာသော တေးသီချင်း ကက်ဆက်ခွေ၊ စီဒီခွေ၊ ကာရာအိုကေ ဗွီစီဒီအခွေများအား သက်ဆိုင်ရာ မူပိုင်ထုတ်လုပ်ခွင့်ရရှိသူ၏ ခွင့်ပြုချက်မရဘဲ ကူးယူခြင်း၊ ပြသခြင်း၊ ဖြန့်ချိခြင်း၊ ငှားရမ်းခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ရောင်းချခြင်းကို အခကြေးငွေ ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ပြုလုပ်သည်ကို တွေ့ရှိပါက ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေအရသော်လည်းကောင်း၊ အခြားတည်ဆဲဥပဒေများအရသော်လည်းကောင်း အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၁။ ဦးသန်းလွင် (စပယ်ဦးတေးသီချင်းနှင့် ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေး)
၂။ ဦးမျိုးဆွေ (Excellent Creation Co., Ltd.)
၃။ ဦးချန်ဟိန်း (ရတနာမြိုင်တေးသီချင်းနှင့် ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေး)
၄။ ဦးလှဆွေ (မာစတာတေးသီချင်းနှင့် ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေး)
၅။ ဦးစောမောင်မောင်ထွေး (Heart တေးသီချင်းနှင့် ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေး)
၆။ ဦးနေဦး (ထွဋ်ခေါင်တေးသီချင်းနှင့် ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေး)
၇။ ဦးကိုကိုလွင် (I C တေးသီချင်းနှင့် ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေး)
၈။ ဦးကျော်မြင့် (ဂျူပီတာ တေးသီချင်းနှင့် ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေး)
၉။ ဦးအာနိုး (ပုလဲ တေးသီချင်းနှင့် ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေး)
၁၀။ ဒေါ်နီလာမြင့် (ချိုကြည်သာတေးသီချင်းနှင့် ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေး)
၁၁။ ဦးမောင်မောင်သန်း (The Sun တေးသီချင်းနှင့် ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေး)
၁၂။ ဦးချစ်ခင် (ယင်းမာ တေးသီချင်းနှင့် ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေး)
၁၃။ ဦးဇော်ထူးအောင် (CMP တေးသီချင်းနှင့် ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေး)
၁၄။ ဦးပေါ် (ချစ်သူ တေးသီချင်းနှင့် ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေး)

တို့၏ လွှဲအပ်ညွှန်ကြားချက်အရ–

ဦးထွန်းထွန်းအေး
LL.B, H.G.P
စဉ်–၂၀၆၅၄
ဖုန်း–၅၄၆၀၀၃၊ ၅၄၆၀၀၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန
၁၂၃၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
၂၀၀၄–၂၀၀၅ ပညာသင်နှစ်
ဘွဲ့လွန်ဆရာအတတ်ပညာဒီပလိုမာသင်တန်းအမှတ်စဉ် (၆)

Postgraduate Diploma in Teaching (PGDT)

သင်တန်းသားများခေါ်ယူခြင်း

၁။ ၂၀၀၄–၂၀၀၅ ပညာသင်နှစ်အတွက် ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ်တို့ရှိ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနများ၏ အစီအစဉ်ဖြင့် အဆိုပါတက္ကသိုလ်များတွင် ဖွင့်လှစ်မည့် ဘွဲ့လွန် ဆရာအတတ်ပညာ ဒီပလိုမာသင်တန်း Postgraduate Diploma in Teaching (PGDT) အမှတ်စဉ် (၆) သင်တန်းသို့ တက်ရောက်လိုသူများ လျှောက်ထားနိုင်ပါသည်။

၂။ သင်တန်းတက်ခွင့်လျှောက်ထားသူများသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရပါမည်–

(က) လျှောက်ထားသူသည် မြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်တစ်ခုခု (ယဉ်ကျေးမှုတက္ကသိုလ်အပါအဝင်)မှ ဘွဲ့ (ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ စီးပွားရေးဘွဲ့) ရရှိပြီးသူဖြစ်ရမည်။
(ဂ) လျှောက်လွှာနှင့်အတူ ဘွဲ့လက်မှတ်ဓာတ်ပုံမိတ္တူ သို့မဟုတ် ဘွဲ့ရကြောင်းထောက်ခံစာပူးတွဲတင်ပြရမည်။
(ဃ) မွေးသက္ကရာဇ် အထောက်အထားအတွက် လျှောက်လွှာနှင့် အခြေခံပညာအထက်တန်းစာမေးပွဲအောင် လက်မှတ်မိတ္တူကို ပူးတွဲတင်ပြရမည်။
(င) ၂၀၀၄ခုနှစ် ဇွန်လ ၇ရက်နေ့တွင် အသက် ၃၀နှစ်ထက် မကြီးသူဖြစ်ရမည်။ ဝန်ထမ်းဖြစ်ပါက အသက် ၃၅နှစ်ထက် မကြီးသူဖြစ်ရမည့်အပြင် သက်ဆိုင်ရာဌာန၏ ခွင့်ပြုချက်ကို ပူးတွဲတင်ပြရမည်။
(စ) ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ် (မန္တလေးဌာနခွဲ) တို့တွင် တက်ရောက်နိုင်ရမည်။
(ဆ) သင်တန်းအောင်မြင်ပြီးသူများအား ဘွဲ့လွန်ဆရာအတတ်ပညာဒီပလိုမာ (PGDT) လက်မှတ် ချီးမြှင့်မည်။
(ဇ) သင်တန်းကာလမှာ ၂၀၀၄ခုနှစ် ဇွန်လ ၇ရက်မှ ၂၀၀၅ခုနှစ် မတ်လအထိ ဖြစ်ပါသည်။
(ဈ) သင်တန်းကြေးမှာ တစ်လလျှင် ကျပ် ၁၅၀၀ ဖြစ်ပြီး နေထိုင်စားသောက်ရေးကို မိမိ အစီအစဉ်ဖြင့်သာ ဆောင်ရွက်ရမည်။
(ည) ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူကို ဦးစားပေးရွေးချယ်မည်။

၃။ မူလတန်းပြဆရာအဖြစ် စတင်ခန့်အပ်ပြီး လုပ်သက်တစ်နှစ်ပြည့်မြောက်ပါက အလယ်တန်းပြအဖြစ် ဆန္ဒပြုမှုနှင့် နေရာလစ်လပ်မှုအရ ရာထူးတိုးမြှင့်ခန့်ထားပေးမည်။ အလယ်တန်းပြဆရာအဖြစ် သတ်မှတ်လုပ်သက် ပြည့်မီပါက ပညာရေးဘွဲ့ (B.Ed)သင်တန်းဝင်ခွင့်အစီအစဉ်အရ တက်ရောက်ခွင့် ရရှိမည်။ (B.Ed) သင်တန်းတွင် သတ်မှတ်သည့် အရည်အချင်း ပြည့်မီသူများသည် ပညာရေးဘွဲ့ (M.Ed)သင်တန်းသို့ တက်ရောက်ခွင့် ရှိပါသည်။

၄။ လူတွေ့နှုတ်ဖြေကို ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့မှစ၍ သက်ဆိုင်ရာ ပြည်နယ်/တိုင်း ပညာရေးမှူးရုံးများနှင့် ရန်ကင်းပညာရေးကောလိပ်တို့တွင် လူတွေ့စစ်ဆေးမေးမြန်းမည် ဖြစ်ပါသည်။ ဘွဲ့လက်မှတ်မူရင်းနှင့် အခြေခံပညာ အထက်တန်းအဆင့် အောင်လက်မှတ်မူရင်းတို့ တစ်ပါတည်း ယူဆောင်လာရပါမည်။ ပညာရေးဝန်ထမ်း သို့မဟုတ် အခြားဌာနဆိုင်ရာ ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာ ကျောင်း၊ ရုံး၊ ဌာနအကြီးအကဲ၏ ထောက်ခံစာမူရင်းကို ယူဆောင်လာရမည်ဖြစ်ပါသည်။

၅။ လျှောက်ထားသူသည် ပူးတွဲပါသင်တန်းဝင်ခွင့်လျှောက်လွှာပုံစံအတိုင်း ကိုယ်တိုင်ပြုစု ရေးသား ဖြည့်သွင်းထားသော လျှောက်လွှာ သုံးစုံတွင် ခြောက်လအတွင်း ရိုက်ကူးထားသည့် ပတ်စပို့အရွယ် ဓာတ်ပုံ (မျက်မှန်တပ်သူဖြစ်ပါက မျက်မှန်နှင့်ဓာတ်ပုံ၊ မျက်မှန်မပါဓာတ်ပုံ) တို့ကိုကပ်၍ ပူးတွဲရမည့် အထောက်အထားများနှင့်အတူ သက်ဆိုင်ရာ ပြည်နယ်/တိုင်း ပညာရေးမှူးရုံးများသို့ **၂၀၀၄ခုနှစ် ဖေဖော်ဝါရီလ ၁၀ရက်ထက်** နောက်မကျစေဘဲ ပေးပို့လျှောက်ထားရန်ဖြစ်ပါသည်။ ပညာရေးကောလိပ် ဝန်ထမ်းများ၏ သားသမီး/မှီခိုသူများသည် ရန်ကင်းပညာရေးကောလိပ်သို့ ပေးပို့လျှောက်ထားရန် ဖြစ်ပါသည်။

ဘိုဝင်း
ညွှန်ကြားရေးမှူးချုပ်

ရက်စွဲ။ ၂၀၀၄ခုနှစ် ဇန်နဝါရီလ ၂ရက်

၂၀၀၄–၂၀၀၅ ပညာသင်နှစ်
ဘွဲ့လွန်ဆရာအတတ်ပညာဒီပလိုမာသင်တန်းအမှတ်စဉ် (၆)
Postgraduate Diploma in Teaching (PGDT) သင်တန်းဝင်ခွင့်လျှောက်လွှာ

၁။ လျှောက်ထားသူ၏အကြောင်းအရာ

	အမည်	နိုင်ငံသား သို့မဟုတ် နိုင်ငံခြားသား စိစစ်ရေးကတ်ပြားအမှတ်	ဝန်ထမ်းဖြစ်ပါက ရာထူး/ဌာန/ကျောင်း
လျှောက်ထားသူ ဖခင် မိခင်			

၂။ လျှောက်ထားသူ၏ မွေးသက္ကရာဇ် ....ခုနှစ်၊....................လ၊ ....ရက်
၃။ အပထအောင်မြင်ခဲ့သည့် စာစစ်ဌာနနှင့် ပြည်နယ်/တိုင်း..
....
၄။ ဘွဲ့အမည်နှင့်အဓိကယူခဲ့သည့် ဘာသာ..
အောင်မြင်ခဲ့သည့်တက္ကသိုလ်နှင့်ခုနှစ် ....
၅။ အိမ်ထောင်ရှိ/မရှိ(ရှိပါက) ဇနီး/ခင်ပွန်းအမည် ....
နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ....
လက်ရှိနေရပ်လိပ်စာ အပြည့်အစုံ ....
၆။ အခြေခံပညာ ဆရာအဖြစ် ခန့်ထားပါက ဒေသမရွေး သွားရောက် တာဝန်ထမ်းဆောင်နိုင်ခြင်း ရှိ/မရှိ။..

....
လျှောက်ထားသူလက်မှတ်

ရက်စွဲ၊ ၂၀၀၄ ခုနှစ် လ ရက်

ဘုရား၊ ရဟန်း၊ သိမ်၊ နတ်လမ်း၊ တန်ဆောင်း၊ ကျောင်းဒါယိကာမ၊ မယ်တော်ကြီး

ဒေါ်မြင့်မြိမ်း(ခ)ဒေါ်မြိမ်း (သုံးခွမြို့)

အသက်(၇၀)

ရန်ကုန်တိုင်း၊သင်္ဃန်းကျွန်းမြို့နယ်၊ ၁၆/၂ရပ်ကွက်၊ အေးရတနာလမ်း၊ အမှတ် ၄၉၇နေ (ဦးရွှေအို-ဒေါ်နု)တို့၏သမီး၊ (ဦးသောင်း)၏ဇနီး၊ ဦးတင်ရွှေ၊ ဒေါ်ကြင်ရွှေ၊ ဗိုလ်မှူးကြီးအောင်ငွေ(ကာကွယ်ရေးဝန်ကြီးဌာန)၊ ဒေါ်လှလှကျင်၊ ဦးတင်ဝင်း (ညွှန်ကြားရေးမှူး၊ မွေး/ရေဝန်ကြီးဌာန)၊ ဒေါ်ခင်မြဝေ၊ ဦးကြည်ကို (သစ်တော ဦးစီးဌာန)၊ (ဒေါ်အေးသန်း)၊ ဦးခင်မောင်ဝင်း၊ ဒေါ်မြင့်မြင့်အေး၊ ဦးတင်လတ် (C.E M.T.M. Co.,Ltd.)-ဒေါ်ရီရီဝင်း(ငြိမ်း၊ အမက-၁၉၊ ဒလ)၊ အရာခံဗိုလ်မြင့်အောင်၊ ဒေါ်ဝါဝါခိုင်၊ကိုလှမျိုးမြင့် (A.E.O °°RAY Shipping Co.,Ltd.)၊ မသီတာမျိုးတို့၏မိခင်၊ မြေး ၂၀ ယောက်တို့၏ ဘွားဘွားကြီးသည် ၁၃-၁-၂၀၀၄ရက်(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁-၂၀၀၄ရက် (စနေနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါ နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်း၊ကျောင်းဒါယိကာမကြီး

ဒေါ်ရီရီမြင့် (Lily Lim)

B.Com., R.A., D.S

ယခင်ပန်းဘဲတန်းကုန်သွယ်ရေး၊ထုပ်ပိုးကုန်သွယ်ရေး(စက်မှု-၁)

အသက်(၆၁)နှစ်

(ဦးကြီးမြင့်-ဒေါ်ညွန့်ရီ)တို့၏ တစ်ဦးတည်းသောသမီး၊ Australiaနိုင်ငံ၊ Sydneyမြို့နေ ဦးသန်းလွင် (မြန်မာ့ဘောလုံးလက်ရွေးစင်ဟောင်း)၏ဇနီး၊ Edward Tanza-မခင်အေးလွင်၊ Peter Lwin နှင့် Cynthia Lwin တို့၏မိခင်၊Jason Tanza နှင့်Mathew Tanzaတို့၏အဘွား၊ ဦးလှမြင့် (a)Charlie Limတို့၏ညီမ၊ ဦးမောင်မောင်စိုး၊ ဒေါ်အုန်းကြည်တို့၏အစ်မ၊ မဥမ္မာစိုး၊ မစန္ဒာစိုးတို့၏အဒေါ်သည် ၁၁-၁-၂၀၀၄ရက် ဒေသစံတော်ချိန် ၁၂း၁၀နာရီတွင် Sydneyမြို့၌ ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးကြည်ဝင်း

B.A (Law), LL.B

အသက် (၅၄) နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရ အိမ်ရာ၊ တိုက် ၁၄၊ အခန်း ၃ နေ (ဦးစိန်ထွန်း-ဒေါ်သန်းရင်)တို့၏ သား၊ ဒေါ်ခင်စန်းရီ၊ ဒုတိယဗိုလ်မှူးကြီး မောင်မောင် (ငြိမ်း)-ဒေါ်မြတ်မြတ်၊ ဦးတင်အောင်-ဒေါ်နွဲ့နွဲ့အေး၊ Mr. Terry P Lynch-ဒေါ်ရီရီမြတို့၏ မောင်/ညီ၊ ဦးခင်မောင်ညွန့်-ဒေါ်စန်းစန်းအေး၊ (ဦးမောင်မောင်သန့်)-ဒေါ်သင်းသင်းဆွေ၊ ဦးစောလွင်-ဒေါ်စုစု၊ ဗိုလ်ချုပ်ထင်အောင်ကျော်-ဒေါ်အေးညွန့်ရွှေ၊ ဦးလှသိန်း-ဒေါ်ဥမ္မာ၊ (ဒေါက်တာ ရှိန်တင်)-ဒေါ်သန်းသန်း၊ ဦးသန်းဌေး-ဒေါ်နုနုတို့၏ အစ်ကို/ညီ မောင်၊ Amanda Jacica Lynch၊ မသွယ်နန်းဇာ၊ မောင်ဇေယျာထွန်းတို့၏ ဦးလေး/ဘကြီးသည် ၁၅-၁-၂၀၀၄ရက် ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁-၂၀၀၄ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(အထက်ပါနေအိမ်မှ ကားများ နံနက်၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျေးဇူးတင်ရှိခြင်း

ကွယ်လွန်သူ ဦးကြည်ဝင်း နာမကျန်းဖြစ်စဉ် ပြုစုစောင့်ရှောက်ပေးခဲ့ကြသော ရန်ကုန်ပြည်သူ့ဆေးရုံကြီး အဆောင် ၁၁-၁၂ မှ ပါမောက္ခနှင့်ဆရာ ဆရာမများ၊ အသဲအထူးကုဆောင်မှ ပါမောက္ခနှင့် ဆရာ ဆရာမများအား ကျေးဇူးတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု။

တပ်ကြပ်ကြီးစာရေးတင်စိန်

(ဘီလူးကျွန်း၊ အဘစ်ရွာ)

အသက်(၅၂)နှစ်

ဘီလူးကျွန်း၊အဘစ်ရွာနေ(ဦးအောင်ရှိန်)-ဒေါ်စိန်ကျော့တို့၏သား၊ မိတ္ထီလာမြို့နေ (ဦးမောင်မောင်)-ဒေါ်ကြည်တို့၏ သားသမက်၊ ဦးညွန့်တင်-(ဒေါ်ခင်စိန်)၊ (ဦးကျင်စိန်)-ဒေါ်စန်းရီတို့၏ညီ/မောင်၊ တိုက်(၆၀)၊ အခန်း(၁၉)၊ နဝဒေးရိပ်သာနေ ဒေါ်စန်းရီ၏ခင်ပွန်း၊ မောင်သုတ-မတင်အေး၊ ဗိုလ်လောင်း သုခ (ပ-နှစ်၊ DSTA)၊ မသဲနုနုစိန်(IX°Bအထက-၃၊ဒဂုံ)တို့၏ဖခင်၊ မောင်ချစ်စု၊ မရွှန်းလဲ့မေတို့၏အဘိုး၊ တူ၊ တူမ ကိုးယောက်တို့၏ဦးလေးသည် ၁၅-၁-၂၀၀၄ ရက် (ကြာသပတေးနေ့) နံနက် ၁း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁-၂၀၀၄ ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် တပ်မတော်ဆေးရုံကြီး မင်္ဂလာဒုံမှ မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နဝဒေးရိပ်သာနေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

သမီးအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်မ၏ သမီး မတင်တင်ဝင်း (A/RGN ၀၁၉၅၄၀)သည် မိဘစကားကို နားမထောင်ဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် သမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်း။နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စမှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဒေါ်ခင်ညွန့် ၁၂/ကမတ(နိုင်)၀၁၈၄၂၉

ဒုတိယဗိုလ်မှူးကြီးထွန်းကြည် (ငြိမ်း)

ဗိုလ်သင်တန်းအမှတ်စဉ်(၂၁)

(သထုံ)

အသက်(၇၁)နှစ်

သထုံမြို့နေ(ဦးစောမောင်-ဒေါ်ထွန်းမေ)တို့၏သား၊ (ဦးဟန်မင်း-ဒေါ်သိန်း)တို့၏ သားသမက်၊ ဒေါ်သန်းကြည်-ဦးထွန်းကြည်၊ ဦးဘရီတို့၏ညီ၊ ဗိုလ်ကြီးသူရအေးရွှေ (ငြိမ်း) - ဒေါ်ရီရီသိန်း၊ ဦးအောင်သိန်း-ဒေါ်အေးသိန်း၊ ဒေါ်တင်ရီ၊ ဦးသိန်းထွန်း-ဒေါ်ဝင်းဝင်းတို့၏ အစ်ကို၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ကျော်သူ ၂၂လမ်း၊ အမှတ်၉၇စနေ ဒေါ်ငွေကြွယ်၏ ခင်ပွန်း၊ မစန္ဒာကြည် (ပြင်သစ် ဇွဲ့လမ်းညွှန်)၊ ဒေါက်တာ ကျော်အောင်ထွန်း-ဒေါက်တာမာလာစိုး၊ မသဇင်ထွန်းတို့၏ ဖခင်၊ မဆုရတနာထွန်း၏ အဘိုးသည် ၁၅-၁-၂၀၀၄ ရက် (ကြာသပတေးနေ့) နံနက် ၇း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁-၂၀၀၄ရက် (စနေနေ့)ညနေ၃နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

မောင်ကျော်သူအောင်

(အထက-၁၊ အလုံ)

အသက်(၂၅)နှစ်

ရန်ကုန်မြို့နေ (ဦးသိန်းအောင်-ဒေါ်အုန်းတင်)၊ ပဲခူးတိုင်း၊ အုတ်ဖိုမြို့နယ်၊ အိုးသည်ကုန်းမြို့နေ ဦးမှတ်ကြီး-ဒေါ်ခင်စိန်တို့၏မြေး၊ ရန်ကုန်မြို့၊ စကားဝါပင်လမ်းနေ ဦးဘမြင့်-ဒေါ်ခင်ကြည်၊ (ဦးလှမြင့်)-ဒေါ်နီ၊ (ဦးသန်းထွန်း)၊ (ဦးအုန်းရွှေ-ဒေါ်တင်လှ)၊ ဦးစိန်ဝင်း-ဒေါ်အေးမြင့်တို့၏တူသား၊ ဦးခင်မောင်အေး- ဒေါ်သန်းသန်းအေး (ကမ်းနားဈေး)တို့၏တူ၊ မခင်ဌေးဦး (ခ)မိယေး၊ ကိုစိုးနိုင်-မဝင်းဝင်းမာ၊ ကိုမောင်မောင်မျိုးသန့်တို့၏ညီမောင်၊ မောင် အောင်မြတ်ကျော်၊ မောင်ကျော်ခိုင်ခန့်တို့၏ဦးလေး၊အမှတ်၃၈၊စကားဝါပင်လမ်းနေ ဦးထွန်းဝင်း-ဒေါ်မြင့်မြင့်စန်းတို့၏သားသည် ၁၅-၁-၂၀၀၄ ရက် ည ၁၂း၁၃နာရီတွင် ကွယ်လွန်သွားပါ၍ ၁၇-၁-၂၀၀၄ ရက် ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဒေါ်ထွေးရီ

B.Sc., B.Ed

SAT **အထက(၂)မှော်ဘီ**

အသက် (၅၀)

ရန်ကုန်တိုင်း၊မှော်ဘီမြို့နယ်၊ဆပ်သွားတော့ကျေးရွာ၊ ပေတရာပိုင်း၊ အမှတ် ၃၃နေ (ဦးစိန်-ဒေါ်အုန်းစိန်) တို့၏ သမီးထွေး၊ ဦးခင်မောင်ဦး-ဒေါ်တင်တင်၊ ဦးမောင်ငယ်-ဒေါ်အုန်းစိန်၊ (ဦးခင်စိုး)-ဒေါ်လှမြင့်၊ ဦးအေးမောင်-ဒေါ်မြမြ၊ ဦးသိန်းဆိုင်-ဒေါ်ကြည် တို့၏ညီမ၊ တူ တူမ၁၀ယောက်၊ မြေးခုနစ်ယောက်၏ အဘွားလေးသည် ၁၀-၁-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့်၁၂-၁-၂၀၀၄ ရက်တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း၊သိမ်၊ မုခ်ဦးဒါယကာကြီး

ဦးယိုအစ်ဘင်(ခ)ဦးအီးဘင်း

စပါယ်အောင်-သကြားစက်နှင့် ရောင်းဝယ်ရေး(တောင်ကြီးမြို့)

အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ် (၁)ရပ်ကွက်၊ ၄ လမ်း၊ အမှတ် ၄၂/ခ (ပ) ထပ်နှင့် တောင်ကြီးမြို့၊ အမှတ် ၉၂၊ ၁၀၂ စပါယ်ဖြူလမ်း၊ ဟော်ကုန်းရပ်နေ(ဒေါ်အေးမြ)၏ခင်ပွန်း၊ ဒေါ်ဆွေမိ၊ (ဦးကျော်ဇေယျ)- ဒေါ်ခင်မြင့်၊ ဦးသန်းထွန်း-ဒေါ်မေမေစိန်၊ ဦးသန်းဝင်း-ဒေါ်ခင်စုဝင်း၊ ဒေါ်မင်းမင်း၊ ဦးစိုင်းဝန်းစီ-ဒေါ်နုနုလွင်၊ ဦးမောင်စွံ (ခ)ကိုတီတီ၊ ဦးတင်အောင်တို့၏ ဖခင်၊ မြေး ၁၀ ယောက်တို့၏ အဘိုးသည် ၁၄-၁-၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၅း၄၅ နာရီ တွင် ရွှေဂုံတိုင် အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၆-၁-၂၀၀၄ ရက် (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (၄ လမ်းနေအိမ်မှ ကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ကြည်မြ (ထန်းတပင်)

အသက်(၈၀)

အမှတ် ၂၅၊ ဥက္ကာလမ်းသွယ်(၂)၊ ဥက္ကာလမ်း၊(ဂ)ရပ်ကွက်၊မြောက်ဥက္ကလာပမြို့နယ်နေ(ဦးဖိုးစိန်-ဒေါ်ထွေး)တို့၏ သမီး၊ (ဦးငွေလင်း-ဒေါ်လှရင်)၊ (ဦးမောင်ငွေ-ဒေါ်မြတင်)တို့၏ ညီမ၊ ဦးတင်မောင်မြင့်-ဒေါ်တင်ကြည်တို့၏ အစ်မ၊ (ဗိုလ်ကြီးအုန်းမောင်)၏ ဇနီး၊ ဗိုလ်ကြီးဇော်ထွန်း(ငြိမ်း)(စက်မှုစားကုန်)-ဒေါ်ထွေးထွေး၊ (ဦးကျော်မြင့်)-ဒေါ်ခင်သန်းဆွေ၊ ဗိုလ်မှူးစိုးနိုင် (လ/ထ ဌာနမှူး၊ ရန်ကုန်စည်ပင်)-ဒေါ်အေးကြည်ကြည်တို့၏ မိခင်၊ မြေး ၁၂ယောက်၊ မြစ်ခြောက်ယောက်တို့၏ အဘွားသည် ၁၅-၁-၂၀၀၄ ရက် ညနေ ၆း၄၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၇-၁-၂၀၀၄ ရက် ညနေ ၄ နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

အလှူ့အရှင်မြတ်အမိန့်တော်ခံယူခြင်း

ဆရာဘီ(ခ)ဆရာမဒေါ်နုနု

(လသာ-၂၊ ငြိမ်း၊ သန်လျင်)

အသက်(၇၆)နှစ်

သန်လျင်မြို့၊အမှတ်၄ဘုရားလမ်းနေ (ဦးကာစင်-ဒေါ်စိန်မေ)တို့၏ တတိယသမီး၊ ဟာဂျီ ဦးဝင်းအောင်-ဟာဂျီမဒေါ်သူဇာခင်၊ ဟာဂျီဝင်းနိုင်-ဟာဂျီမ ဒေါ်မာလာခင်၊ ဟာဂျီ Capt: ဝင်းဇော် (Master FG)-ဒေါ်ဥမ္မာနီ (B.Com,D.C.Sc)၊ ဟာဂျီဦးသိန်းဝင်း(တွဲဖက်ပါမောက္ခအင်္ဂလိပ်စာဌာနမှူး၊ ကွန်ပျူတာတက္ကသိုလ်) - ဟာဂျီမ ဒေါ်နွယ်နီဝင်း(B.A Eng)၊ ဦးဇော်မင်း 3/E-ဒေါ်မြင့်မြင့်အေး(B.Sc Phy)၊ ဦးစိုးမင်း3/E-ဒေါ်ညိုညိုဝင်း(B.Sc Maths)၊ ဦးထွေးမင်း2nd Mate (FG)-ဒေါ်ခင်အုန်းသန်း (B.A Hist)၊ မစန္ဒာ (B.Econ)၊ ဦးမြင့်လှိုင်-ဒေါ်မာလာ၊ မနီလာ (B.Sc Zoo)၊ ဟာဂျီ ဦးအောင်ကျော်ဦး (B.Sc Phy)-ဒေါ်သန်းသန်းအေး၊ ဦးအာဂျူ-ဒေါ်ရီရီမြင့်၊ ဟာဂျီ ဦးထွန်းထွန်းလတ် - ဒေါ်ယုယုသန်း (B.Sc Phy)၊ မထွေးထွေးလတ်၊ ဦးရှုရစ်- ဒေါ်ခွေးခွေးလတ်၊ မစိစီလတ်၊ ကိုသန်းထူးလတ်၊ ဦးအောင်ထူး(B.A Geog)-ဒေါ်သန္တာစိုးနှင့် မစိုးစန္ဒာရ 1st Year I.Cတို့၏ကြီးမေ၊ မြေး ၁၅ ယောက်တို့၏ အဘွားသည် ၁၃-၁-၂၀၀၄ရက်(အင်္ဂါနေ့)မွန်းလွဲ ၁နာရီတွင် အလ္လာဟ့်အရှင်မြတ်၏ အမိန့်တော်ခံယူသွားပါသဖြင့်ယင်းနေ့အဆွက်အပြီးတွင် သန်လျင် ဒါရုကာဘာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း။ကျန်ရစ်သူတုတုများ။

ဦးစိုးတင် (မြင်းခြံ)

တိုင်းမန်နေဂျာ (ငြိမ်း)

မြန်မာ့စီးပွားရေးဘဏ်

အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ မမ္မစီရှူ့လမ်း၊ အမှတ် ၃၀နေ ဒေါ်ရီ၏ခင်ပွန်း၊ကိုခင်နိုင်-မတင်တင်ဌေး၊ ကိုမောင်မောင်ကြည်၊ ကိုညွှန့်ထွန်း-မဝင်းမြတ်နိုး၊ ကိုမျိုးမင်းဦး [C.O.O Blazon (MDY)]တို့၏ ဖခင်၊ မြေး နှစ်ယောက်တို့၏ အဘိုးသည်၁၅-၁-၂၀၀၄ရက် (ကြာသပတေးနေ့)နံနက် ၂း၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၇-၁-၂၀၀၄ ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ ကျောင်းဒါယိကာမကြီး

ဒေါ်သိန်း

ဇာမဏီဆေးလိပ်ရုံပိုင်ရှင် (ပဲခူး)

အသက်(၈၆)နှစ်

ပဲခူးမြို့၊ ဇိုင်းဂနိုင်းမြောက်ပိုင်း၊ ၂ လမ်း၊ အမှတ် (၂၃) နေ (ဦးအောင်ဒွန်း-ဒေါ်လှိုင်) တို့၏သမီး၊ (ဦးငြိမ်းမောင်)၏ ဇနီး၊ ဦးခင်မောင်သန်း-ဒေါ်တင်အုံး၊ ဦးခင်မောင်မြင့် - ဒေါ်ယဉ်ယဉ်သိန်း၊ ဒေါက်တာ မျိုးလှိုင်ကျော်- ဒေါ်ခင်သန်းနွယ်တို့၏ မိခင်၊ မြေး ၁၀ ယောက်တို့၏အဘွား၊ မြစ် တစ်ယောက်၏ ဘွားဘွားကြီးသည် ၁၄-၁-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁-၂၀၀၄ ရက် (သောကြာ နေ့) မွန်းတည့် ၁၂ နာရီတွင် အထက်ပါနေအိမ်မှ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာ

ဦးပါ (ပေါင်မြို့)

အသက်(၇၆)နှစ်

မွန်ပြည်နယ်၊ပေါင်မြို့၊ဇင်းကျိုက်ကျေးရွာနေ (ဦးစိန်ဒိုင်-ဒေါ်လှသူ) တို့၏ သား၊ ပေါင်မြို့ ကဒါရပ်ကွက်နေ(ဦးဘိုးသက်-ဒေါ်ငွေဂျုံ)တို့၏ သားမက်၊ ပေါင်မြို့၊ ကဒါရပ်ကွက်၊ သစ္စာလမ်း၊ အိမ်အမှတ် ၃၅၉ နေ ဒေါ်မြဆွေ၏ ခင်ပွန်း၊ နိုင်သောင်းညွန့်-ဒေါ်မြယဉ်တို့၏အစ်ကို၊ ဒေါ်အေးအေးသန်း(သမ/ဦးစီး၊ ပေါင်မြို့)၊ ဦးတင်မောင်လတ် (ဆည်/မြောင်း၊ ဘားအံ)-ဒေါ်အေးအေးသက် (ခရိုင် စာရင်းရုံး၊ ဘားအံ)၊ ဦးတင်နွယ်(သစ်ခွဲစက်)-ဒေါ်မြတ်မွန်၊ ဦးတင်ခိုင်-ဒေါ်သီတာအောင် (အလယ်တန်းပြဆရာမပေါင်မြို့)၊ ဦးအောင်ကိုနိုင်-ဒေါ်လဲ့လဲ့မြင့်၊ ဦးထွန်းဇော်ဦး-ဒေါ်မိမိခက်တို့၏ ဖခင်၊ မြေး ၁၅ ယောက်တို့၏အဘိုးသည် ၁၅-၁-၂၀၀၄ ရက် (ကြာသပတေးနေ့)တွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၆-၁-၂၀၀၄ ရက် မွန်းလွဲ ၂နာရီတွင် ကျွဲခြံ သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီး ၁၉-၁-၂၀၀၄ ရက် တွင် ရေစက်ချတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ တန်ဆောင်းဒါယိကာမကြီး

ဒေါ်ခင်ခင်ချို

(ဗိုလ်ချုပ်ဈေး)

အသက်(၇၄)နှစ်

ကော့ကရိတ်မြို့နေ (ဦးသောင်းဖေ-ဒေါ်အမာ)တို့၏ သမီး၊ ရန်ကုန်မြို့၊ ဦးဝိစာရအိမ်ရာ၊ တိုက် ၉၊ အခန်း ၂၊ ဒဂုံမြို့နယ်နေ (ဗိုလ်ကြီးတင်အုန်း-မော်ကွန်းဝင်ဒုတိယဆင့်)၏ဇနီး၊ ဦးမြင့်လွင်၊ ဦးမြင့်အောင်၊ ဒေါ်တင်တင်၊ ဒေါ်မေမေခင်၊ ဦးညီညီတို့၏အစ်မကြီး၊ Capt ဦးမြင့်သိန်း-ဒေါ်ခင်ချိုသိန်း (အထက-၂၊ လသာ)၊ ဒေါ်စုစုသိန်း (ဌာနစုမှူး၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန)၊ ဦးတင်လွင်၊ ဗိုလ်ကြီးအောင်မျိုးမင်း (ငြိမ်း၊ အထူးအရာရှိ၊ စွမ်းအင်ဝန်ကြီးဌာန) - ဒေါ်စန္ဒာလွင် (အထက-၁၊ ဒဂုံ)၊ ဦးရဲမင်းသူ (Manager Seed International Co., Ltd.)-ဒေါ်ခင်စန္ဒာဝင်းတို့၏မိခင်မဆုဝင့်ထက်၊ မဘရက်ခင်၊ မောင်အောင်လင်းဦးတို့၏ အဘွားသည် ၁၅-၁-၂၀၀၄ ရက် (ကြာသပတေးနေ့)နံနက် ၁၁း၁၅နာရီတွင် GreenCross ဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့်၁၇-၁-၂၀၀၄ ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ နံနက် ၉း၃၀ နာရီတွင်ထွက်ခွာပါ မည်။) ကျန်ရစ်သူမိသားစု။

မနေခြည်ထွေး

B.E,EC [°GTC(**မှော်ဘီ**)]

B.A (Eng)

အသက်(၂၃)နှစ်

သန်လျင်မြို့နေ ဦးဥာဏ်စိန်-ဒေါ်ချစ်ဆွေ၊ ဦးချစ်ဖေ-ဒေါ်တင်လှ၊ ဒေါ်သိန်းမို၊ ဦးစိုးသိန်း-ဒေါ်ထွေးကြည်၊ (ဦးသန်း)-ဒေါ်ကျင်နုတို့၏ တူမ၊ အမှတ်(၁၃)၊ ဂန္ဓမာ လမ်း၊ အကြီးအရှေ့ကွက်သစ်၊ ဒလမြို့နယ်နေ ဦးဥာဏ်သောင်း-ဒေါ်မြမြစိုးတို့၏သမီးထွေး၊ မချိုချိုမာ၊ မောင်ရဲထွန်းလတ်၊ မောင်အေးထွန်းလတ်တို့၏ ညီမသည် ၁၄-၁-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁-၂၀၀၄ ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် နေအိမ်မှအင်းကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ရပ်ကော့ခိန်(ခ)

ဦးမောင်မောင်ခင်

အသက်(၈၄)နှစ်

ရန်ကုန်တိုင်း၊သင်္ဃန်းကျွန်းမြို့နယ်၊ ၁၆/၁ ရပ်ကွက်၊ ဇဋိလ ၁ လမ်း၊ အမှတ် ၉၈၆ နေ ဒေါ်ခင်ခင်၏ ခင်ပွန်း၊ ဦးချိုကိန်း-ဒေါ်ခင်သီတာ၊ ဦးဖေသောင်း-ဒေါ်ခင်မာလာ(ဦးခင်မောင်သီ)၊ ဦးခင်မောင်ရီ-ဒေါ်ခင်မြအေး၊ ဦးခင်မောင်ကြည်-ဒေါ်သောင်းရွှေတို့၏ ဖခင်၊ မနွယ်နီသောင်း၊ မောင်ကျော်စွာသောင်း၊ မောင်ဇင်မင်းထွန်း၊မောင်စိန်ဦး၊မောင်လင်းသီဟ၊ မခင်ချိုး၊ မောင်အောင်ချမ်းကျော်တို့၏ အဘိုးသည် အထက်ပါနေအိမ်၌ ၁၅-၁-၂၀၀၄ ရက် (ကြာသပတေးနေ့) တွင် ကွယ်လွန်သွားပါ၍၁၇-၁-၂၀၀၄ ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးဝင်းမြင့်

(ချင်းချောင်းခြံ)

အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းလှိုင်အိမ်ရာ၊ တိုက် ၂၊ အခန်း၄၆နေ (ဦးရွှေ-ဒေါ်ကွမ်း)တို့၏သား၊ ဒေါ်တင်သန်း၏ခင်ပွန်း၊ ဦးစိုးလှိုင်-ဒေါ်စန်းစန်းမြင့်၊ (မောင်အောင်ဆန်း)-မဖြူဖြူဝင်း၊ မောင်ကျော်ကျော်ဝင်း-မပြုံးပြုံးမာ၊ မောင်ကျော်မိုးဝင်း၊မောင်အောင်နိုင်ဝင်း-မရီရီအေးတို့၏ဖခင်၊မရည်လဲ့ဆွေ၊မအင်ကြင်းလှိုင်၊ ဟိန်းလင်းအောင်၊ အောင်နိုင်ဖြိုးတို့၏ အဘိုးသည် ၁၄-၁-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁-၂၀၀၄ ရက်(သောကြာနေ့) မွန်းတည့်၁၂နာရီ တွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင် သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (ပန်းလှိုင် အိမ်ရာမှ ကားများနံနက်၁၁နာရီတွင် ထွက်ခွာပါ မည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ခင်

အသက်(၆၅)နှစ်

ရန်ကုန်မြို့၊အမှတ်၁၃/ခ၊ ဘောက်ထော် ဘုတာရုံလမ်း၊ (၁၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်နေ (ဦးလှဖေ-ဒေါ်မမ) တို့၏သမီး၊ (ဦးမြဒင်-ဒေါ်အေးကြည်) တို့၏သမီးချွေးမ၊ (ဦးခင်မောင်လေး)၏ ဇနီး၊ ဦးမြင့်အောင်(ကျောက်မျက်)-ဒေါ်ခင်ဝါလေး(အလက-၄၊ ရန်ကင်း)၊ ဦးဇော်အောင်-ဒေါ်မိုးမြတ်ပွင့်(အလက-၁၊ တ/၃)၊ ဒုအရာခံဗိုလ်ခင်မောင်ချို (မှော်ဘီ)-ဒေါ်ဥမ္မာခင်၊ ဦးထင်အောင် (နစရ၊ တာချီလိတ်)-ဒေါ်နန်းခမ်းနွယ်၊ ကိုညွန့်မင်းဝင်းတို့၏ မိခင်၊ မြေး ကိုးယောက်တို့၏ အဘွားသည် ၁၄-၁-၂၀၀၄ ရက် ည ၈း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁-၂၀၀၄ ရက် ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှ ကားများ မွန်းလွဲ ၂း၄၅နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း ဒါယိကာမကြီး

ဒေါ်ပြုံးပြုံးမော်

နီလာအထည်ဆိုင်၊ဗိုလ်ချုပ်ဈေး

အသက်(၄၃)နှစ်

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ ဘူတာရုံလမ်း၊ အမှတ် ၆၁၇နေ ဦးမန်းမော်-ဒေါ်အေးမြိုင်တို့၏ သမီး၊ ပုလောမြို့ (ဦးသိန်းမောင်)-ဒေါ်သိန်းတို့၏ ချွေးမ၊ ဦးစန်းမောင်-ဒေါ်သန်းဌေး (အထက-၂၊ အင်းစိန်၊ ငြိမ်း)တို့၏ညီမ၊ ကိုခွန်ဆိုင်-မနီလာမော်(နီလာအထည်ဆိုင်) ဗိုလ်ချုပ်ဈေး၊ ကိုအောင်ကျော်ညွန့်-မစံပယ်မော် (မြဝတီရုပ်သံ)၊ မယုယုမော်(သင်းနိုင်ကွန်ပျူတာ)တို့၏ အစ်မကြီး၊ မဟေမာစိုးဝင်း 3rd Year (Gem Mining) ရန်ကုန်တက္ကသိုလ်၊ မောင်သက်ပိုင်စိုးဝင်း(အထက-၂၊အင်းစိန်) တို့၏ မိခင်၊ ဦးစိုးဝင်း(လက်ထောက်မန်နေဂျာ၊ ဆင်ဆေးကုသစ်ထုတ်လုပ်ရေး)၏ ဇနီးသည် ၁၅-၁-၂၀၀၄ ရက် နံနက် ၉း၄၀ နာရီတွင် ဗဟိုရ်စည် အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၇-၁-၂၀၀၄ ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တပဏ္ဍာဝံသ (နမ့်ခမ်း)

သက်တော်(၇၉)နှစ်၊ သိက္ခာတော်(၅၉)ဝါ

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နမ့်ခမ်းမြို့နယ်၊ ဥယျာဉ်ရိပ်သာကျောင်း၊ မြို့နယ်သံဃနာယက ဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တပဏ္ဍာဝံသသည်(၁၃၆၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်) ၁၄-၁-၂၀၀၄ ရက် နံနက် ၄ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်တော်ကို (၁၃၆၅ ခုနှစ် ပြာသိုလပြည့်ကျော် ၁၃ ရက်)၊ ၁၉-၁-၂၀၀၄ ရက် (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် အန္တိမအဂ္ဂိစျာပနပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီး တပည့်ဒါယကာ၊ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

စျာပနကျင်းပရေးကော်မတီ နမ့်ခမ်းမြို့။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ဘဒ္ဒန္တ ဒေဝိန္ဒ

သာသနဓဇသိရီပဝရဓမ္မာစရိယ

သက်တော်(၇၅)နှစ်၊ သိက္ခာတော်(၅၅)ဝါ

ရန်ကုန်တိုင်း၊ဆိပ်ကမ်းမြို့နယ်၊ဗိုလ်တထောင်ကျောင်းတိုက်၊ရွှေရင်မျှော်ကျောင်း ပဓာနနာယက တတိယရွှေရင်မျှော်ဆရာတော် ဘဒ္ဒန္တ ဒေဝိန္ဒ (သာသနာ့ဓဇ သိရီပဝရ၊ ဓမ္မာစရိယ၊ မြို့နယ်သံဃနာယကအဖွဲ့ဝင်)သည် (၁၃၆၅ ခု၊ ပြာသိုလပြည့်ကျော်၉ ရက်၊ ၁၅-၁-၂၀၀၄ ရက်) (ကြာသပတေးနေ့) နံနက် ၁း၄၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို(၁၃၆၅ခုနှစ်၊ပြာသိုလပြည့်ကျော်၁၅ရက်)၊ (၂၁-၁-၂၀၀၄) ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ပင့်ဆောင်ပြီး အဂ္ဂိစျာပနကျင်းပပူဇော်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ တပည့်သံဃာတော်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

တပည့်သံဃာတော်များနှင့်စျာပနကော်မတီ။

ဘုရား၊ရဟန်း၊သိမ်၊နတ်လမ်း၊ တန်ဆောင်း၊ ကျောင်း ဒါယိကာမ၊ မယ်တော်ကြီး

ဒေါ်မြင့်မြိမ်း(ခ)ဒေါ်မြိမ်း (သုံးခွမြို့)

အသက်(၇၀)

ရန်ကုန်တိုင်း၊သင်္ဃန်းကျွန်းမြို့နယ်၊ ၁၆/၂ရပ်ကွက်၊အေးရတနာလမ်း၊အမှတ် ၄၉၇ နေ (ဦးရွှေအို-ဒေါ်နု) တို့၏သမီး၊ (ဦးသောင်း) ၏ဇနီး၊ (ဦး လှသောင်း)-ဒေါ်လှရွှေတို့၏ညီမ၊ ဦးကျော်ချွန် (ငြိမ်း၊ လ/ထ ညွှန်မှူး၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန)၊ ဒေါ်တင်မြ(ခ)ဒေါ်ညို၊ (ဦးစိန် ရ)၊ ဒေါ်ခင်ဝင်းနွဲ့တို့၏အစ်မ၊ မနွဲ့ရီ၊ မောင်စိန်မြင့်၊ မောင်သန်းမြင့်၊ မမြင့်မြင့်ရီ၊ မကြည်ကြည်ဝင်း၊ မတင်တင်အေး၊ မောင်သက်တင်၊ မောင်လှမြင့်၊ မောင်ရဲဝင်းနိုင်၊ မရွှေဇင်မြတ်၊ မဇင်ဇင်မြတ်တို့၏ ကြီးကြီးသည် ၁၃-၁-၂၀၀၄ရက်(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁-၂၀၀၄ရက်(စနေနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(အထက်ပါ နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀ နာရီ တွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

Pi Cing Khan Vung Hai Ciin

အသက်(၆၆)နှစ်

ကျီးခါးမြို့နယ်၊ဟိုင်ကျင်းကျေးရွာနေ (Pu Ngul Za Cin,Pi Cing Za Vung) တို့၏ တတိယသမီး၊Nu Niang Khaw Ciin (Pa Kam Suan)၊ (Nu Ning Za Naing), Pa Cin Khaw Zam ၊(ဓမ္မဆရာ) Pa R.Kham Cin Pau (JAM-MTE ငြိမ်း) Nu Man En Niang တို့၏ ညီမ၊ Nu Man Khaw Lian, Saya Nang Suan Dal (SAT,Cikha), Nu Vung Khen Niang, Pa Cin Go Lam Thang.(TEE,Hmawbi),Tg Thang Mun Mang[B.Sc (Phy;)]MD,BDK, Trading Co.,Ltd. Ygn,]၊ Tg Pau Lun Min Thang [B.Sc(Phy;) Director, BDK Trading Co., Ltd.Ygn]၊ Sayama Vung Deih KimBa(psy;) (PAT,Cikha)၊ Tg Dal Sian Mung MA-Final (IR) YU,Tg Thang Sian Khai EGTI (MT) B.CEco (Final) Yinal) YIE, တို့၏ ကျေးဇူးရှင် မွေးသမိခင်၊ Pu Pum Khaw Mang ၏ဇနီး၊ မြေးရှစ်ယောက်တို့၏ အဘွားသည် ၁၄-၁-၂၀၀၄ရက် တွင်ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၆-၁-၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုခမ္မာဇရပ်၌ ဝတ်ပြုကိုးကွယ်ပြီး ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (ကားများကို အမှတ် ၁၅၀၊ ဒုထပ်၊ စမ်းချောင်းလမ်း၊ ရှင်စောပုရပ်ကွက်၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်နေအိမ်နှင့် ဇမာရွေလ ဘုရားကျောင်း ရှေ့မှမွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ကျောင်းဒါယိကာမကြီး

ဒေါ်မသိန်း

စစ်တွေ(လမ်းမတော်တောင်)

အသက်(၈၃)နှစ်

စစ်တွေမြို့၊ လမ်းမတော်တောင် ရပ်ကွက်နေ (ဦးဦးသာထွန်း-ဒေါ်ဦးစိန်သာ)တို့၏သမီး၊ (ဦးစိန်ရွှေလှ)၏ ဇနီး၊ ဒေါ်ဦးသိန်းနု-(ဦးစောမောင်)၊ ဦးစစ်သာအောင်-ဒေါ်စောရွှေ၊ ဒေါ်လှမြသိန်း-ဦးမြသိမ်း၊ ဦးမောင်သိန်းရွှေ-မညွန့်လှ၊ ဦးထွန်းအေးကျော်-ဒေါ်အေးချစ် တို့၏မိခင်၊ မြေး ၁၀ ယောက်တို့၏ အဘောင်ရှင်၊ မြစ် ၁၁ ယောက်တို့၏ အဖီးရှင်သည် ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊ မြခွာညိုအိမ်ရာ၊ တိုက်(၂)၊ အခန်း ၁၀၆ တွင် ၁၃-၁-၂၀၀၄ ရက် ညနေ ၅း၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၇-၁-၂၀၀၄ ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေး တိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၁၀နာရီ တွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးခင်မောင်အေး

ဒု-အရာခံဗိုလ်(ငြိမ်း)ဌာနခွဲမှူး၊ သမိုင်းချည်စက်(ငြိမ်း)

အသက်(၆၈)နှစ်

ရန်ကုန်မြို့၊(ဦးဘအေး)(ဒေါ်ငွေစိန်) တို့၏သား၊ (ဦးဘကျော်)(ဒေါ်ခင်ခင်မြင့်) တို့၏ သားသမက်၊ (ဒေါ်သန်းသန်းအေး)၊(ဒေါ်နွဲ့နွဲ့အေး)၊ ဦးရဲဝင်း၊ ဒေါ်လှလှအေး၊ဒေါ်မြမြအေး၊ ဒေါ်မြင့်မြင့်အေးတို့၏ ညီမောင်၊ ဒေါ်ညွှန့်ညွှန့်အေး၏အစ်ကို၊ ရန်ကင်းမြို့နယ် ရန်ရှင်းလမ်း၊ တိုက် ၂၀၅ ၊ အခန်း၂၀ နေ ဒေါ်ခင်လေးမူ၏ ခင်ပွန်း၊ မောင်ဇေယျာအေး(Global Pharma)၏ဖခင်သည် ၁၅-၁-၂၀၀၄ ရက် (ကြာသပတေးနေ့) နံနက် ၁၂း ၁၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၁၇-၁-၂၀၀၄ ရက်(စနေနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(ရန်ကင်းနေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ကိုရဲသောင်းထိုက်(ခ) ကိုထွေး(ရွှေကျင်)

B.Sc(Chemistry)

အသက်(၂၉)နှစ်

ပဲခူးတိုင်း၊ တောင်ငူမြို့နယ်နေ ဒုတိယဗိုလ်မှူးကြီး ရဲမြင့်-ဒေါ်ခင်သိန်းရီတို့၏ သား၊ ကိုရဲသန်းထိုက်၊ ကိုရဲကိုထိုက်တို့၏ညီ၊ မဇင်မင်းမင်းသန်း၏ အစ်ကိုသည် ၁၅-၁-၂၀၀၄ ရက်တွင် ဗဟိုစည်ဆေးခန်း၌ကွယ်လွန်သွားပါ သဖြင့် ၁၇-၁-၂၀၀၄ရက်(စနေနေ့) မွန်းလွဲ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (၉၂လမ်း၊ အမှတ် ၁၁၃ (B)၊ ကန်တော်ကလေးနေအိမ်မှ နံနက် ၁၁း၃၀ နာရီတွင် ကားများထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။ R. 488

ရခိုင်ကမ်းလွန်ဒေသလုပ်ကွက် A - 1 တွင် နိုင်ငံတကာအဆင့်မီ စီးပွားဖြစ်သဘာဝဓာတ်ငွေ့သိုက်တွေ့ရှိ

သဘာဝဓာတ်ငွေ့ ခိုအောင်းနိုင်သည့်ပမာဏ ၄ ဒသမ ၂ မှ ၅ ဒသမ ၈ ထရီလီယံကုဗပေအတွင်းရှိကြောင်းသိရ

ခန့်မှန်းတွက်ချက်မှုအရ ယင်းလုပ်ကွက်မှ သဘာဝဓာတ်ငွေ့ ၁၄ ထရီလီယံကုဗပေ ထုတ်ယူနိုင်မည်

နိုင်ငံတော်ကအရင်းအမြစ်ပိုင်ရှင်အဖြစ် အချိုးကျခံစားခွင့်နှင့်အစုဝင်အဖြစ်အကျိုးအမြတ်ထူးခြားစွာရမည်

ရန်ကုန် ဇန်နဝါရီ ၁၅

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းသည် ကိုရီးယားသမ္မတနိုင်ငံ Daewoo International Corporation နှင့် ရခိုင်ကမ်းလွန်ဒေသ လုပ်ကွက်အမှတ် A-1 တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်ကို ၄–၈–၂၀၀၀ နေ့တွင် လက်မှတ်ရေးထိုးခဲ့သည်။ ၂၀၀၁ ခုနှစ်အတွင်း ဆိုက်စမစ် လိုင်းကီလိုမီတာ ၃၅၅၂ ဒသမ ၇၅ တိုင်းတာခဲ့ပြီးနောက် တွက်ချက်မှုနှင့် အဓိပ္ပာယ်ဖော်ဆောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

သဘာဝဓာတ်ငွေ့ခိုအောင်း

အဆိုပါလုပ်ကွက် A-1 အတွင်း၌ အစမ်းတွင်းအမှတ် ရွှေ–၁ ကို ၂၁–၁၁–၀၃ နေ့တွင် တွင်းတူးစက် Energy Searcher ဖြင့် တူးဖော်ခဲ့ရာ၊ ၂၆–၁၂–၀၃ နေ့တွင် အနက်ပေ ၁၀၅၈၈ ပေသို့ရောက်ရှိခဲ့ပြီး စမ်းသပ်မှုများအရ G-5 သဲကြောတွင် စီးပွားဖြစ် သဘာဝဓာတ်ငွေ့ ခိုအောင်းနေကြောင်း စမ်းသပ်တွေ့ရှိရသည်။

စမ်းသပ်တွေ့ရှိချက်များအရ ရွှေ–ဘူမိ အနေအထားတွင် သဘာဝဓာတ်ငွေ့ ခိုအောင်းနိုင်သည့် ပမာဏမှာ ၄ ဒသမ၂ မှ ၅ဒသမ၈ ထရီလီယံကုဗပေ အတွင်းရှိကြောင်း သိရှိရသည်။ အဆိုပါလုပ်ကွက်တွင် Daewoo International Corporation မှ Operator အဖြစ် ဆောင်ရွက်နေပြီး၊ အစုရှယ်ယာ ၆၀ ရာခိုင်နှုန်းပိုင်ဆိုင်ကာ၊ ကိုရီးယားသမ္မတနိုင်ငံ Korea Gas Corp မှ ၁၀ ရာခိုင်နှုန်း၊ အိန္ဒိယသမ္မတနိုင်ငံ ONGC Videsh Ltd. မှ ၂၀ ရာခိုင်နှုန်းနှင့် GAIL (India)Ltd. မှ ၁၀ ရာခိုင်နှုန်း အစုရှယ်ယာပါဝင်ကြသည်။

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ရခိုင်ကမ်းလွန်ဒေသလုပ်ကွက်အမှတ် A-1 ရွှေအစမ်းတွင်းအား စက်ခလုတ်နှိပ် (Spud In) နေစဉ်။(အပေါ်ပုံ)နှင့် သဘာဝဓာတ်ငွေ့ မီးရှို့ထားမှုကို ဝေဟင်မှ တွေ့ရစဉ်။ (အောက်ပုံ) (ဓာတ်ပုံ–စွမ်းအင်)

အကျိုးအမြတ်ထူးခြားစွာရရှိမည်

ယခု ရွှေအစမ်းတွင်းမှ သဘာဝဓာတ်ငွေ့တွေ့ရှိမှုသည် နိုင်ငံတကာအဆင့်မီ စီးပွားဖြစ်သဘာဝဓာတ်ငွေ့သိုက်တစ်ခုဖြစ်ကြောင်းနှင့် အဆိုပါလုပ်ကွက်တွင် အလားအလာကောင်းသည့် ဘူမိအနေအထားများဖြစ်ကြသော ရွှေဖြူနှင့်ငွေ စသည်တို့လည်းရှိသည်။ခန့်မှန်းတွက်ချက်မှုများအရ ယင်းလုပ်ကွက်မှ သဘာဝဓာတ်ငွေ့ ၁၄ ထရီလီယံကုဗပေ ထုတ်ယူနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ လုပ်ကွက် A-1 မှ ရွှေ–၁ သဘာဝဓာတ်ငွေ့သိုက် ရှာဖွေတွေ့ရှိမှုကြောင့် နိုင်ငံတော်အနေဖြင့် သဘာဝဓာတ်ငွေ့ အရင်းအမြစ်ပိုင်ရှင်အဖြစ် အချိုးကျ အကျိုးခံစားခွင့်များရရှိမည်ဖြစ်ပြီး အစုဝင်အဖြစ်ပါ ဆောင်ရွက်မည်ဖြစ်ရာ အကျိုးအမြတ်များ ထူးခြားစွာရရှိလာမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**